


၁၉

ရန်လျှိုချင်းသည် ဦးလူပု တောင်ပေါ်မှ ပြေးဆင်းပျောက်ကွယ်သွားပြီးနောက် အရှည်အကြာ စဉ်းစားတွေးတောမနေတော့ဘဲ နတ်ကွန်းဆောင်အတွင်းသို့ ပြန်လည် ဝင်ရောက်လာခဲ့သည်။

သည်နတ်ကွန်းဆောင်သို့ သူ ရောက်ရှိ လာနိုင်ခဲ့ရခြင်းမှာ သူယောင်မယ် ပျော်တော်ဆက်ဂေဟာတွင် မာယာပျားအုံဂိုဏ်းသားနှင့် တိုက်ခိုက်ပြီးနောက် ရရှိခဲ့သော သဲလွန်စများကြောင့် ဖြစ်သည်။

စင်စစ် ဤနတ်ကွန်းဆောင်မှ နတ်ထိန်းကြီးသည် မာယာပျားအုံဂိုဏ်းသားနှင့် ရောင်းရင်း မဟာမိတ်လူဆိုးအဖွဲ့ဝင်များဖြစ်ကြသည်။

ပန်းဝ ါအမည်ခံ ပျော်တော်ဆက်မယ်အသွင် ဆောင်ယူထားသော မာယာပျားအုံဂိုဏ်းသား၏ အခန်းဆောင်ထဲတွင် ရှာဖွေ



ရာမှ ၎င်းတို့ချင်း အဆက်အသွယ်ရှိနေကြောင်း၊ ရိလျှံကိုအရှေ့ပင်သယ် နဂါးမင်းနတ်ကွန်းဘုင် နတ်ထိန်းကြီးက တာဝန်ယူချုပ်နှောင်ထားကြောင်း သိရှိခဲ့ရခြင်းဖြစ်သည်။

ထို့ကြောင့် ဤနတ်ကွန်းဆောင်သို့ လိုက်လာခဲ့ခြင်းဖြစ်၏။

နတ်ကွန်းဆောင် အောက်ထပ်ရှိ မြေတိုက်ခန်း၏ လျှို့ဝှက်တံခါးပေါက်ခလုတ်ကို ရှာဖွေကြည့်ရှုလိုက်သည်။

စောစောက သူ့လက်ချက်ကြောင့် လူဆိုးဂိုဏ်းသားများမှာ ကြမ်းပြင်ပေါ်တွင် တုံးလုံးပက်လက် အသက်ပျောက်နေကြသည်။

တဦးသောလူကမူ နံရံတနေရာတွင်မှီယင်း စန့်စန့်ကြီးအသက်ပျောက်နေသည်။

သူ အသက် ပျောက်နေပုံမှာ ကြည့်မြင် မကောင်းသဖြင့် ရန်လျှိုချင်းသည် အလောင်းအား နံရံမှမ၍ ဖယ်ရှားပြီး ကြမ်းပြင်ပေါ် ချထားလိုက်သည်။

အလောင်းကို မယူဖယ်ရှားလိုက်စဉ်မည်သည့်အရာနှင့်ထိလိုက်မိသည်မသိ။

ချောက်ကနဲမြည်သံနှင့်အတူ ကြမ်းပြင်တနေရာမှ အပေါက်တပေါက် ပွင့်၍လာသည်။

မြေတိုက်ခန်းတံခါး ပွင့်သွားပြီ။

မမြော်လင့်သော တိုက်ဆိုင်မှုပင် ဖြစ်တော့သည်။

ရန်လျှိုချင်းသည် နံရံတွင်မှီပြီး အသက်ပျောက်နေခဲ့သော ဝတ်စုံနက်ဓားသမား၏ အလောင်းကိုပင် ကျေးဇူးတင်လိုက်မိသည်။

ဤအလောင်းကြောင့်သာ လျှို့ဝှက်ခလုတ်တံခါးပေါက်ကို မမြော်လင့်ဘဲ တွေ့ရှိရခြင်းဖြစ်၏။

နို့မို့ဆိုအချိန်မည်မျှကြာအောင် ရှာဖွေနေရမည်မသိ။

ပွင့်ဟသွားသော တံခါးပေါက် လှေခါးမှတဆင့် မြေတိုက်တွင်းသို့ ဆင်းလာခဲ့သည်။

မြေတိုက်ထဲတွင် မှောင်မနေပေ။

မီးအိမ်မီးပုံးအချို့ကို ထွန်းညှိထားသည်။

မြေတိုက်နံရံတနေရာတွင် မိန်းကလေးတဦးကို သံကြိုးများဖြင့် ချည်နှောင်ထားသည်ကို တွေ့ရှိလိုက်ရသည်။

မိန်းကလေးအား လက်နှစ်ဖက်တွင်သံကြိုးများနှင့်တုပ်နှောင်ထားပြီး မျက်နှာကျက်တွင် တန်းလန်း ဆွဲချိတ်ထားသည်။

မိန်းကလေးသည် ဝင်လာသောရန်လျှိုချင်းအား တုန်လှုပ်စိုးရွံ့သော အမူအယာဖြင့် ကြည့်ရှုလိုက်သည်။

ပြီးနောက် သူမ၏မျက်နှာသည် ချက်ချင်း ခက်ထန်တင်းမာလာသော မျက်နှာထားနှင့် တဘက်သို့ လွှဲသွားသည်။

ရန်လျှိုချင်းအား လုံးဝမကြည့်တော့။ အဖက်မလုပ်တော့။

မိန်းကလေးသည် လူဆိုးများလက်တွင် အဘယ်မျှ ညှင်းပန်းနှိပ်စက်ခံထားသည် မသိသော်လည်း သူမ၏အလှမှာ ထင်ရှားဆဲ ပေါ်လွင်ဆဲဖြစ်သည်။

အခြေအနေအရ ဧပိုဧရို ဖိုးယိုးဖားယား ဖြစ်နေရသော်လည်း နှစ်လိုဖွယ်ရာ အသွင်သဏ္ဌာန်မျိုးရှိသည်။

သူမ၏ အလှသည် ပူလောင်သော စိတ်ဆန္ဒကို နှိုးဆွသည်

ရမက်ဆန်သည့် အလှမျိုးတော့မဟုတ်။ မြတ်နိုး ခုန်မင်ဘွယ်ရာ အပြစ်ကင်းစင်သော အလှမျိုးဖြစ်သည်။

ခက်ထန်တင်းမာနေသည့် အမူအယာ ကလေးပင် မမျိုး လုပ်နေသည်။

ရန်လျှိုချင်းသည် မြင်လျှင် ၊မြင်ချင်းပင် မိန်းကလေး အပေါ် ကရုဏာသက်သွားမိ၏။

ခက်ထန်ကြမ်းကြုတ်သော ကြောက်မက်ဘွယ်ကောင်းသော ဒုစရိုက်သမားများ၏ နှိပ်စက်ညှင်းပမ်းခြင်းကို ခံနေရရှာသည့် အပြစ်ကင်းမဲ့သူမိန်းကလေး။

သူမ၏ မိခင်နှင့် ဖခင်သာမက အကို ခြောက်ယောက်ပင် လျှင် ဒုစရိုက်သမားများ၏ လက်ချက်ဖြင့် သေဆုံးကွယ်လွန်ခဲ့ကြရပြီ....။

လောကအလယ်တွင် သူမတဦးတည်းသာ ကျန်ရစ်နေခဲ့ရသည့် မိန်းကလေး။

ဥတလုံး တစေ့ကြွက်။

ရန်လျှိုချင်းသည် စိတ်တွင်းမှ ကြိတ်၍ သက်ပြင်းတရပ်ချလိုက်မိ၏။

မိန်းကလေးသည်မူ ယနေ့တိုင် သူ့ရှေ့သို့ လာရောက်ရပ်နေသော ရန်လျှိုချင်းအား လုံးဝမကြည့်၊ မျက်နှာလွှဲထားဆဲ...။

သို့သော် သူ၏ နှုတ်ခမ်းအစုံက ပိုမို၍ တင်းမာလာသည်။ မျက်လုံးများသည်လည်း ဒေါသရောင် ခက်ထန်လာသည်။ ပြီး.... မာန်ပြင်းသော စကားသံတခွန်းကို ပြောလိုက်၏။

ရှင်ကတော့ ဘယ်ဒုစရိုက်ဂိုဏ်းက လဲ။ ကျုပ်ကိုဖမ်းထားတဲ့

လူတွေနဲ့တပွဲထဲသွား။ ဒါမှမဟုတ် တခြားတကိုယ်တော် ဒမြူလား။ ရှင်တို့ဘယ်လိုဘဲစစ်စစ်၊ ဘယ်လိုဘဲမေးမေး၊ ဘယ်လိုဘဲနှိပ်စက်ညှဉ်းပမ်း၊ ကျမဆီက ရှင်တို့ သေသာသာ တပ်မက်နေတဲ့ ရာဇဝတ်ပစ္စည်းတွေနဲ့ပတ်သက်လို့ ဘာတခွန်းမှ မသိရဘူးဆိုတာ တော့ စိတ်ချ'

'မင်း....မှားနေပြီ'

ရန်လျှူချင်းသည် မိန်းကလေးအား ညင်သာသိမ်မွေ့သော လေသံဖြင့် ပြောလိုက်မိသည်။

လှဲသွားသော မိန်းကလေး၏ မျက်နှာသည် ချာကနဲ လှည့်လာသည်။ မီးတောက်တောက် မျက်လုံးများဖြင့်လည်း ရန်လျှူချင်း၏ မျက်နှာကို စေ့စေ့စပ်စပ် ကြည့်လိုက်သည်။

'ကျမ မမှားဘူး။ ကျမရဲ့ သဘောထားက ဘယ်တော့မှ မမှားဘူး။ ရှင်တို့လို လူဆိုးသူဆိုး ဒုစရိုက်ကောင်တွေရဲ့လက်ထဲ ဒီပစ္စည်းတွေ ဘယ်နည်းနဲ့မှ အရောက်မခံနိုင်ဘူး၊ မနက်ကျနပ်ယင် အခုချက်ချင်း သတ်ပစ်လိုက်'

ရန်လျှူချင်းသည် မိန်းကလေး၏ စိတ်ဓာတ်ကို ကြိုက်၍ ချီးကျူးလိုက်မိသည်။

မာယာများအုံ့ဖုံးသားသည် မိန်းကလေးစိတ်ဓာတ်ခိုင်မာသည့် အကြောင်းကို သူ အား ပြောခဲ့ဘူးသေးသည်မဟုတ်လား။

မိဘနှင့်အကိုများ၏ စိတ်ဓာတ်ကို လိုက်မှီသည့် မိန်းကလေး။

ရန်လျှူချင်းသည် မိန်းကလေးကို ပြုံး၍ ခေါင်းခါပြလိုက်သည်။

'ကိုယ်ဟာ မင်းထင်မှတ်ထားသလို ဘယ်လူဆိုးဂိုဏ်းကဂိုဏ်း

သားမှ မဟုတ်ပါဘူးကွယ်။ မင်းအကို ရိဝှမ်းလင်ရဲ့ သွေးသောက် မိတ်ဆွေတယောက်ပါ ရိလျှံ။ မင်းအကို အကူအညီတောင်း တာကြောင့် လူဆိုးတွေလက်ထဲက ကယ်ထုတ်ဖို့ မင်းနောက်ကို လိုက်လာခဲ့ရတာပါ'

မိန်းကလေးသည် ရန်လျူချင်း၏ မျက်နှာအား စူးစမ်းအကဲ ခတ်သယောင် ကြည့်လိုက်ပြန်သည်။ ပြီးမှ မဲ့ပြုံးကလေးတချက် ပြုံးလိုက်၏။

'အော်.... ဘာလဲ၊ ရှင်က ဟိုနည်းနဲ့မရလို့ ကျမကို ဒီနည်းနဲ့ လှည့်ပြီး အယုံသွင်းဖို့ ကြံပြန်တာပေါ့လေ။ ဟုတ်လား'

'ဒီလိုမထင်ပါနဲ့ ရိလျှံ။ ကိုယ်ဟာ မင်းအကို ရိဝှမ်းလင်ရဲ့ တကယ့် သွေးသောက်ရောင်းရင်းပါ'

မိန်းကလေး ခေါင်းသွက်သွက်ခါယမ်းလိုက်သည်၊

'ကျမအကိုရဲ့ မိတ်ဆွေဆိုယင် ကျမသိရမှာပေါ့။ ဒါပေမယ့် ရှင့်ကို ကျမ တခါမှ မမြင်ဘူးဘူး'

'ဘယ်မြင်ဘူးပါ့မလဲကွယ်။ ကိုယ်က မင်းအကိုနဲ့ခင်မင်ရင်းနှီး အကျွမ်းဝင်ခဲ့ရတာက ရှင်းဝှာတောင်တန်းပေါ်မှာဘဲဥစ္စာ'

မိန်းကလေးသည် ဘာမျှပြန်မပြောတော့သော်လည်း သံသယ မကင်းသော မျက်လုံးကလေးများဖြင့် ရန်လျူချင်းကို ကြည့် လိုက်ပြန်သည်။

'ကဲ... အချိန်တွေ သိပ်ကုန်နေလိမ့်မယ်။ ဒီနေရာဟာ မင်းနဲ့ ကိုယ် ကြာကြာ အငြင်းအခုန်လုပ်လို့ ကောင်းတဲ့နေရာမဟုတ်ဘူး။ ဒို့ ဒီက အမြန်ခွာကြမှ ဖြစ်လိမ့်မယ်'

စဆောင်းနှင့်တဆက်တည်း ရန်လျှုချင်းသည် မိန်းကလေး၏ အနှောင်အဖွဲ့များကို ဖယ်ရှား ဖြတ်တောက်ပေးလိုက်သည်။

ပြီးနောက်....

တွေတွေဝေဝေရှိနေဆဲဖြစ်နေရှာသည့် မိန်းကလေး၏လက်ကို ဆွဲဆော နတ်ကွန်းဆောင်အတွင်းမှထွက်ခွာလာခဲ့လေတော့သည်။

တနေ့လုံး အလျှံကြဲကြဲတောက်အောင် ပူလောင်ခဲ့သည့် နေလုံးကြီးမှာ ယခုတော့ လှပသောအသွင်ကို ဆောင်နေသည်။

ပုဇွန်ဆီသွေးရောင် ပြေးနေသည်။

ပြင်းပြခက်ထန်သည့် အခိုးအလျှံများ မရှိတော့။

မှုန်သည်။

နေချိုနေပြီ။

ဟိုး.... အဝေးဆီတွင်မှု မှိုင်းပြာသော တောင်စဉ်တောင်တန်းကြီးများသည် တောင်ခိုးတောင်ငွေ့များ တလူလူဖြင့် ဆွတ်ပျံ့လိုက်မောဘွယ်ရာ ရှိနေကြသည်။

တောအုပ်အတွင်းရှိ သစ်ပင်များသည်လည်း ညို့မှိုင်းလာခဲ့ပြီ။

မကြာမီဝင်တော့မည့် နေသည် နောက်ဆုံး လက်ကျန်ရောင်ခြည်မျှင်များကို တောအုပ်ပေါ်သို့ ထိုးဖြာကြဲဖြန့်နေသည်။

သစ်ရွက်စိမ်းများသည် ဝင်လုဆဲနေရောင်နှင့် ထိတွေ့လိုက်ရသောအခါ တမျိုးပင် တောက်ပလာကြသည်။ လှပလာကြသည်။

တောစိုးငှက်ကလေးများ၏ စိုးစိုးစီစီ မြည်ကြွေးသံများသည် မကြာမီ အိပ်တန်းတက်ကြတော့မည်ကို တကောင်တကောင် အချက်ပေးနေကြသည့်အလား။

လေချိုသည် တသွင်သွင်သွေးနေ၏။

ဘယ်ဆီကမှန်းမသိရသော ဘုတ်ဝါကြီးတကောင်၏ အသံက မှန်မှန်ထွက်ပေါ်နေသည်။

ရွှေရောင်တောက်နေသည့် နေခြည်မျှင် ပက်ဖြန်းထားသော တောလမ်းကလေးပေါ်တွင် မြက်ခမောက်ကို ဆောင်းထားသည့် လုလင်တဦးသည် မြင်းတစီးကိုဆွဲ၍ ရှေ့မှသွားနေသည်။

မြင်းကျောထက်တွင်တော့ လုံမပျိုတယောက်။

ရန်လျှူမျှင်းနှင့် ရီလျှံ။

တောနံ့တောင်နံ့ သစ်စိမ်းနံ့နှင့် မြေသင်းနံ့ မြူနံ့တို့ကို သယ်ဆောင်လာခဲ့သည့် လေပြေညှင်းသည် ရီလျှံ၏ ဆံစကလေးများကို တလူလူ ဖွာကျဲသွားအောင် လှုပ်ကစားလိုက်လေသည်။

ကပိုကရိုဆံနွယ်စများအောက်မှ ရီလျှံ၏ မျက်နှာကလေးသည် အရှေ့ပင်လယ်နဂါးမင်း နတ်ကွန်းဆောင် မြေတိုက်ခန်းအတွင်းမှာကဲ့သို့ မဟုတ်တော့။

ပူလောင်ကြေကွဲရမှုများ၊ နာကျည်းခံပြင်းရမှုများ ပျောက်ကွယ်သွားခဲ့ရပြီ။

စိတ်၏ပင်ပန်းခြင်း ကိုယ်၏ပင်ပန်းခြင်း စသည့် ဝေဒနာများ ခံစားထားရသော အရိပ်အခြည်တို့မှာလည်း ထင်းပခဲ့ရသည်။

အပြစ်ကင်းစင်ပြီး ချစ်ခင်ဖွယ်ရာ မျက်နှာကလေးက ပကတိ အတိုင်း ရှိလာခဲ့သည်။

သို့တစေ သည်မျက်နှာကလေးပေါ်ဝယ် စိုးရိမ်မကင်းမှု အချို့ကတော့ ရှိနေရပါလေသေး၏။

ရိလျှ၏ စိုးရိမ်ပူပန်မှုများသည် ရန်လျှူချင်းနှင့် မပတ်သက် တော့ပါ။

သူမအား ရတနာငွေစည်းများနှင့် ပတ်သက်၍ လိုက်လံ နှောက်ယှက်နေဆဲဖြစ်သည့် အင်အားကြီးမား များပြားလှသော ဒုရိုက်ဂိုဏ်းများ နှင့် ပတ်သက်၍သာ ဖြစ်ပါသည်။

လောဘရမက်ထွက်ကာ ရတနာငွေစည်းများအပေါ် တပ်မက် နေကြသည့် များပြားလှသော လူဆိုးအဖွဲ့အစည်းများအား သူမကို ကယ်တင်ခဲ့သည့် ရန်လျှူချင်းသည် ယှဉ်ပြိုင်နိုင်ပါမည် လား။ အကာအကွယ်ပေးနိုင်ပါမည်လား။

မည်သို့ပင်ဆိုစေ။

ရန်လျှူချင်းသည် သူမအားလက်ရှိဖမ်းဆီးချုပ်နှောင်ခံထား ရခြင်းမှ လွတ်မြောက်ခဲ့စေသည်က အမှန်။

ဤသည်ကပင် ရန်လျှူချင်း၏ စွမ်းရည်နှင့်သတ္တိကို ယုံကြည် ကိုးစားထိုက်ကြောင်း ဖော်ပြနေပါသည်။

ရန်လျှူချင်းသည် ခရီးလမ်းတလျှောက် သူမအား ရှင်းလင်း ပြောကြားပြခဲ့သည်။

သူမ၏အကိုထွေး ရိဝှမ်းလင်နှင့် ရှင်းဝှ ဘောင်တန်းပေါ်တွင် သိုင်းပညာ အတူတကွ သင်ကြားခဲ့ရာမှ၊ ပြီး နောက်ဆုံး အကျဲ

ဖြစ်သူ ရိဝှမ်းလင် ကွယ်လွန်ခဲ့ပြီး အကူအညီတောင်းစာ ရေးခဲ့သည် အထိ၊

အကိုဖြစ်သူ ရိဝှမ်းလင် သေဆုံးသွားခဲ့ရသည့်အကြောင်းကိုမူ ရန်လျူချင်းသည် သူမအား တော်တော်နှင့် ပြောမထွက်။ နောက်ဆုံး မလွှဲသာမရှောင်သာ အနေအထားမျိုးဖြင့် ပြောခဲ့သည်။

ပြောသူလည်း စိတ်ထိခိုက်ရသလို ကြားလိုက်ရသူမှာလည်း ပူနွေးကြေကွဲခြင်း ဖြစ်ရသည်။

သူမမှာ ဝမ်းပန်းတနည်း ငိုကြွေးမိခဲ့ရရှာပါ၏။

တလောကလုံးတွင် အားထားစရာ သွေးရင်းသားချင်းအဖြစ် တဦးတည်းသာ ကျန်ခဲ့ရတော့သည့် အကိုသွေး။

သည်အကိုထွေးသည် ယခုတော့ သူမအား တကိုယ်တည်း တယောက်တည်းထားခဲ့ပြီ၊

လူဆိုးဒမြတို့၏သက်ချက်ဖြင့် ကွယ်လွန်ခဲ့ရပြီ။

တရှုံ့ရှုံ့ ငိုကြွေးနေမိရှာသည့် သူမအား ရန်လျူချင်းက ချော့မော့သည်။ နှစ်သိမ့်သည်။ ဖြောင်းဖျသည်။ အားပေးသည်။

သူက ကွယ်လွန်သွားခဲ့ပြီဖြစ်သည့် သွေးသောက်ရောင်းရင်း ကိုယ်စား သူမကို အတတ်နိုင်ဆုံးကာကွယ်စောင့်ရှောက်မည့်အကြောင်း ပြောကြားခဲ့သည်၊

ရန်လျူချင်း၏အားပေးမှု ကိုကြားရတော့ ကြေကွဲဝမ်းနည်းနေရသည့်သူမမှာ အားအတော်အဘန်တက်ခဲ့ရသည်။

အားကိုးသမှု ပြုမိသော မျက်လုံးများဖြင့် ရန်လျူချင်းကို ကြည့်မိသည်။

ရန်လျူချင်းကသည်း ကရုဏာပြည့်ဝသော မျက်နှာဖြင့် သူမကို ပြန်ကြည့်နေသည်။

သူမ၏ ပုခုံးကလေးများကိုဆုပ်ကိုင်ယင်း ချောမောဖြောင့်ဖြူနေသည့် ရန်လျူချင်း၏ လက်မောင်းကြီးများအား ခိုတွယ်လိုက်မိသည်။

ရန်လျူချင်းသည် ပိုမိုအားပေးနှစ်သိမ့်သည့် သဘောမျိုးဖြင့် သူမ၏ပုခုံးကလေးများကိုပိုမို၍တင်းကြပ်စွာဆုပ်ကိုင်လိုက်သည်။ မျက်နှာကသည်း အစွမ်းကုန် ပြုံးထားသည်။

သူမကလည်း မျက်ရည်လူးသောမျက်နှာဖြင့် ရန်လျူချင်းကို မော့ကြည့်နေသည်။

အချိန် မည်မျှကြာသွားသည်မသိ။

သည်အတိုင်း တဦးကိုတဦး ကြည့်နေမိကြသည်။

သည်စဉ်အခိုက်မှာပင် တဦးရင်တွင်းမှအရာကို တဦးကနားလည်လိုက်သည်။

ထိုအရာကား အချစ်ဆိုသောအရာ၊ မေတ္တာဆိုသောအရာ။

ချစ်ခြင်းမေတ္တာဆိုသည်ကလည်းဆန်းသည်။

လုလင်ပျိုတဦး နှင့် လုံမပျိုတဦး နေ့စဉ် နေ့တိုင်း မြင်တွေ့ရင်းနှီး နေရသော်လည်း ချစ်ချင်မှချစ်သည်။ ကြိုက်ချင်မှကြိုက်သည်။ မေတ္တာစိတ်ဓာတ် ပေါ်လာချင်မှ ပေါ်လာသည်။

သို့သော် တခဏ တဒင်္ဂ တွေ့ရသူချင်း အပေါ်တွင်သည် တမဟုတ်ချင်း ပေါ်ပေါက်ချင် ပေါ်ပေါက် လာတတ်သည်၊ ဖြစ်ပွားချင် ဖြစ်ပွားလာတတ်သည်။

ယခုလည်း သူမနှင့်ရန်လျှုချင်းတို့မှာ သည်ကဲ့သို့ပင် ဖြစ်ကြရသည်ထင်ပါ၏။

ရန်လျှုချင်းသည် အလိုအလျောက်ပင် သူမ၏ ပုခုံးကလေးများကို ပွေ့ထားလိုက်သည်။

သူမကလည်း ရန်လျှုချင်း၏ ရင်ခွင်ကျယ်ကြီး အတွင်းသို့ အလိုအလျောက်ပင် တိုးဝင်လိုက်မိသည်။

သည်ရင်ခွင်ကျယ်ကြီးသည် သူမ၏ ဘဝအား ကာကွယ်မှုပေးစွမ်းနိုင်ပါလိမ့်မည်။ လုံခြုံမှုပေးစွမ်းနိုင်ပါလိမ့်မည်။

ပြီးတော့ မေတ္တာအပြည့်အဝဖြင့် သည်ကဲ့သို့ ထွေးပွေ့အုပ်မိုးထားလိမ့်မည်ဟု ယုံကြည်မှတ်ယူထားလိုက်ပါ၏၊

ထိုအချိန်တွင် ငှက်ကလေးများကလည်း တေးသီကျူးသည်၊
သစ်ရွက်ကလေးများကလည်း သီချင်းသံပြိုင်ဆိုသည်၊
မလှမ်းမကမ်းရှိ စမ်းချောင်းကလေးဆီမှာလည်း ဆွတ်ပျံ့ဖွယ် ဂီတ တပုဒ်က အလျင်မပြတ်ထွက်ပေါ်နေသည်။

သူမ၏ပုခုံများကိုဖက်ထားယင်းမှ ရန်လျှုချင်းက ဆိုလိုက်သည်၊

'အခု ဒီအချိန်ကစပြီး ဘာမှအားငယ်မနေပါနဲ့တော့ညီမရယ်၊ ညီမ ဘဝမှာအကိုမားမားမတ်မတ်ရပ်တည်ပြီး စောင့်ရှောက်မယ်ဆိုတာ အလေးအနက်ကတိပေးပါတယ်ကွယ်။ အကို့ကတိစကားကို ညီမယုံတယ်မဟုတ်လား'

'ယုံပါတယ် အကိုရယ်၊ ညီမ နှလုံးသားနဲ့ထပ်တူ ယုံကြည်မိပါတယ်'

သူမကလည်း လှိုက်လှဲ သိပ်သည်းသော လေသံကလေးဖြင့် ပြန်ပြောလိုက်မိသည်။

နှုတ်ခမ်းကလေးများက သည်စကားကို ပြောမိနေသော်လည်း ရင်ထဲနှလုံးသားထဲမှာတော့ လှိုက်ဖိုရှိမ်းမြနေမိသည်။

သည်အကြောင်းများကို ပြန်တွေးလိုက်မိသည်နှင့် ယခုပင် လျှင် ရှက်ရွံ့ပြုံးကလေး ပြုံးမိရပါလေသေးသည်။

သည်စဉ်အခိုက် ရှေ့မှမြင်းကို ဆွဲပြီးသွားနေသော ရန်လျူ ချင်းက နောက်သို့ပြန်ပြီး လှည့်ကြည့်လိုက်သည်။

သူက သူမ၏ လျှပ်တပြက်အပြုံးကို အမှတ်မထင် တွေ့ရှိသွား ရသည်။

'ညီမ ဘာကို ပြုံးတာလဲဟင်....'

သူက မေးလိုက်သည်၊

သူမက ရှက်စနိုးဖြင့် ခေါင်းခါသည်။

'အို....ဘာမှ မဟုတ်ပါဘူး အကို'

ရန်လျူချင်းသည် မိန်းကလေး၏ မျက်နှာကို တချက်မျှ စေ့စေ့စပ်စပ်ကြည့်လိုက်သည်။ ပြီးတော့ သူ့မျက်နှာက အားပါးတရပြုံး၍လာသည်။

'ညီမ ပြုံးတာကို အကိုသိပြီ'

'အကိုက ဘာသိတာလဲဟင်'

'ညီမ ပြုံးတာကိုပါဆို'

'ညီမ ပြုံးတာ'

'အေးလေ....'

'ကဲ....ပြော၊ ဘာဖြစ်လို့ ပြုံးရသလဲ'

ရန်လျှုချင်းသည် မိန်းကလေး၏မျက်နှာသို့ စူးစူးစိုက်စိုက် ကြည့်ရှုလိုက်ပြန်သည်။

ရီလျှံမှာ ရန်လျှုချင်း၏ စူးစိုက်သော အကြည့်ကြောင့် မနေတတ် မထိုင်တတ် ဖြစ်သွားရရှာသည်။ မကျေနပ်စွာဖြင့် မှုမှုနှဲ့နှဲ့ကလေး ရန်တွေ့လိုက်မိသည်။

'ပြောလေ ညီမနားထောင်နေတဲ့ဥစ္စာ'

'အကိုပြောလိုက်ပြီးပြီတဲ ညီမ မကြားဘူးလား'

'ဟောတော့... ဘယ်မှာပြောရသေးလို့လဲ'

'အခုကလေးဘဲ ရင်ထဲကပြောလိုက်တာလေ....၊ညီမ မကြား လိုက်ဘူးလား။ ညီမက သေသေချာချာမှ နားမထောင်ဘဲကိုး ကွယ်...'

သည်တော့မှပင် ရီလျှံ အဓိပ္ပာယ် ပေါ်ပေါက်လာရတော့ သည်။ နားလည် လာရတော့သည်။

သူမသည် ရန်လျှုချင်း၏အကြောင်းကို တွေးတောယင်းမှ သူတို့နှစ်ဦး အမှတ်မထင် ချစ်သူဘဝ ဆိုက်ရောက်ခဲ့ရကြောင်း သတိရကာ ပြုံးလိုက်မိရခြင်းဖြစ်သည်။

ဤသည်ကိုရန်လျှုချင်းက ရင်နှင့်ထပ်တူ နှလုံးသားနှင့် ထပ်တူ နားလည်ကြောင်း ပြုံးလိုက်ခြင်းဖြစ်လေသည်။

သည်တော့လည်း သူမမှာ ပို၍ ရှက်စနိုးဖြစ်ရပါ၏၊

ရန်လျှုချင်းထံမှ စကားသံ ထွက်ပေါ်လာသည်။

'ကဲ.... ခရီးဆက်လိုက်ကြအုံးစို့ ညီမရေ။ ညီမတို့ဖွားဖွားရှိတဲ့ အန်စေးမြို့ကို မမှောင်ခင်ရောက်အောင်....'

ရီလျှံက အပြုံးဖြင့် ခေါင်းညိတ်၍ပြလိုက်သည်။



သူတို့ ခရီးဆက်ကြပြန်သည်။

ရီလျှံသည် အန်စေးမြို့တွင် သူမ၏ဖွားအေရှိကြောင်း ပြောကြားခဲ့သည်။

လောလောဆယ် သူမသည် အန်စေးမြို့မှ အဖွားဖြစ်သူနှင့် အမြန်ဆုံး တွေ့ဆုံလိုကြောင်း ပြောကြားခဲ့သည်။

သူမတို့ဖခင်ကြီး မြှုပ်နှံထားခဲ့သော ရတနာပစ္စည်းများနှင့် ပတ်သက်၍ လျှို့ဝှက်ပစ္စည်းတရပ်သည်အန္တရာယ်အရိပ်အယောင် များ ပေါ်လာသည်နှင့် သူမထံတွင်မထားတော့ဘဲ သူမ၏ ဖွားအေဖြစ်သူထံသို့ သွားရောက် ပို့ဆောင်ထားခဲ့သည်။

ဤလျှို့ဝှက်ချက်ကို သူမနှင့် ဖွားအေဖြစ်သူတို့သာ နှစ်ဦး တည်း သိရှိကြသည်။

သူမတို့နှင့်အတူနေထိုင်သော ဦးရီး ရိပတ်ဖိုသည်လည်း မသိ။

သူမ၏အကို ရိဝှမ်းလင်သည်လည်းမသိ။

သူမကိုယ်နှင့်မကွာ ဆောင်ထားနေကျ ပစ္စည်းဖြစ်သဖြင့် သူမနှင့်အတူ လူဆိုးများလက်သို့ ပါသွားသည်ဟု မှတ်ထင် ထားကြဟန်တူသည်။

ယခု သူမ၏ဖွားဖွားထံမှ ယင်းပစ္စည်းကို လာရောက်ယူငင် ကြခြင်းဖြစ်သည်။ ပြီးမှ မည်ကဲ့သို့ ဆက်လက်လုပ်ဆောင်ထင့် တည်းကို တိုင်ပင်ကြမည်။

နေရောင်သည် တဖြေးဖြေး မှိန်ဖျော့၍လာခဲ့ပြီ။

တောင်းကင်တွင်မူ ဆည်းဆာတိမ်ရောင်စုံတို့သည် လေနှင်ရာ လွင့်မြောနေကြသည်။

လေချိုသည် တသွေးသွေးရှိနေဆဲ။

ဘုတ်ဝါကြီးကလည်း တအိုအိုးတအီအီ။

ကျေးငှက်ကလေးများသည် အိပ်တန်းသို့ ပျံသန်းစပြုကြပြီ။

ဟိုးအဝေးမှ တောင်စဉ်တောင်တန်းကြီးများသည် မြူရိပ်မြူငွေ့များ၊ တောင်ရိပ်တောင်ငွေ့များ ပိုမို၍ ထူထပ်လာခဲ့ကြ၏။

နေခြည်ကြောင့် ရွှေရောင်တောက်နေသော လမ်းကလေးပေါ်တွင် လုလင်ပျိုတဦး လုံမပျိုတယောက်နှင့် မြင်းကြီးတစီး။

လုံမပျိုသည် မြင်းကျောထက်တွင် ထိုင်လျက်။

လုလင်ပျိုသည် ရှေ့မှ မြင်းဇက်ကြိုးကိုဆွဲလျက်။

နှလုံးသား ပန်းချီကားတချပ်။

လှပလွန်းလှသော ပန်းချီကားတချပ်။

လွင်စာပေ
အမှတ် ၁၃၇၊ ၆ လမ်း၊
ဆိုင်ရှင်အနီး-တော...



လူဝကြီးသုံးယောက်။

ဝဖိုင့်လွန်းလှသည်မှာ ရွှေဖရုံသီးကြီး သုံးလုံးကို အင်္ကျီဝတ်ပေးထားသည့်အလား မှတ်ထင်ရသည်။

ဖားဖားလျားလျား ရင်ကွဲအင်္ကျီကြီးများအောက်မှ ဘိုက်ကြီးများသည် ပူထွက်နေ၏။

မျက်နှာကြီးများကလည်း ရယ်မော ပြုံးချိုနေကြသည်။

ဤလူဝကြီး သုံးယောက်တို့သည် သက်ရှိ လူသားများ မဟုတ်ကြ။

တစုံဘုရာ၏ အမှတ်အသား ရုပ်ပုံများ ဖြစ်ကြသည်။

လူဝကြီးသုံးယောက် ရုပ်ပုံများအောက်တွင် စာတန်းတခု ရေးထိုးထားသည်။

ဤလူဝကြီးများသည် စားကောင်း သောက်ဖွယ်များကို အမြဲစားနေရသဖြင့် ယခုကဲ့သို့ ဝဖိုင့်နေကြခြင်းဖြစ်သည်၊ ဤ

လူဝကြီးများကဲ့သို့ စားကောင်းသောက်ဖွယ်များကို စားသော ဝဖိုင့်ကြလိုသူများ လူဝကြီးသုံးယောက် တည်းခိုရိပ်သာနှင့် စားသောက်ဆိုင်တွင် သာရောက်တည်းခိုစားသောက်နိုင်ပါကြောင်း၊ ကမ္ဘာပေါ်ရှိ အကောင်းဆုံး အစားအသောက်နှင့် အရက် အမျိုးမျိုးရနိုင်သည်။

လူဝကြီးသုံးယောက် တည်းခိုရိပ်သာနှင့် စားသောက်ဆိုင်သည် အန်စေးမြို့တွင် ကျော်ကြား၏။

မင်းလမ်းမကြီးတဘက်နဘေးတွင် ဆောက်လုပ်ထားသည်။

အချိန်ကား ညဦး ရှစ်နာရီခန့်။

မင်းလမ်းမကြီးတလျှောက်သည် မြို့တော်သာယာစည်ပင်ရေး အဖွဲ့မှ ထွန်းညှိထားသော မီးအိမ်များ၏ အလင်းရောင်ကြောင့် ကောင်းစွာ လင်းလင်းချင်းချင်းရှိနေသည်။

မြင်းရထားများ၊ ဝေါယာဉ်များ၊ လံချားများ၊ ခြေလျင် သွားလာသူများ စသည်တို့သည် လမ်းမကြီးပေါ်တွင် ဥဒဟို ပြေတ် ရှိနေကြသည်။ ကြက်ပျံမကျ လည်း စည်ကားနေသည်။

ယခုအချိန်တွင် လူဝကြီးသုံးယောက် စားတော်ဆက်ရိပ်သာ ကြီးအတွင်း လာရောက်စားသုံးကြသော ဧည့်သည်တော်များ အထူးစည်ကား ပြည့်ကြပ်နေလေသည်။

စားတော်ဆက် ခန်းမကြီးအတွင်းတွင် ရှိနေကြသည့် ယင်း ဧည့်သည်များမှာ အလွန်ထူးခြားသော ရှင်ဆင်းသဏ္ဍာန်ရှိသည့် ပုဂ္ဂိုလ်များ ဖြစ်နေကြသည်။

သူတို့၏ ရှင်ဆင်းသဏ္ဍာန်များသာမက သူတို့၏ ပြောဟန်



ဆိုဟန်များ၊ ကိုင်ဆွဲထားသော လက်နက်ကြီးများကလည်း ဇာတိရုပ်ကို လှစ်ဟဖော်ပြနေကြလေသည်။

အချို့သည် မုတ်ဆိတ်မွေးများကို တတောင်ခန့်ရှည်အောင် ထားသည်။

အချို့ကမူ ဆံပင်ကြီးများ ဂုတ်ပေါ်တွင် ဖားလျားဝေ ပြန့်ကြဲနေအောင် ချထားသည်။

အချို့တို့ကမူ ခေါင်းကြီးများကို မပြောင်ပြောင်အောင် ရိတ်ထားကြ၏။

အချို့သူတို့သည် နီနီစွေးစွေး စူးစူးရဲရဲ ကတ္တီပါဝတ်ရုံကြီး များကို ဆင်မြန်းထားကြကာ အချို့တို့မှာမူကား မှောင်မှောင် မဲမဲ ပိုးဖဲဝတ်ရုံကြီးများကို ဝတ်ဆင်ထားကြ၏။

အချို့တို့၏မျက်နှာကြီးများက လေးဒေါင့်....၊ အချို့တို့၏ မျက်နှာကြီးများမှာမူ မေးရိုး သွယ်သွယ်....၊ အချို့က သွား ခေါခေါ၊ အချို့က ပုကွကွဲဂင်တိုတို၊ အချို့က ပိန်ပိန်ရှည်ရှည်။

ကိုင်စွဲထားသည့်လက်နက်ကြီးများကလည်း ဆန်းပြားသည်။ စုံလင်သည်။

တယောက်လျှင် တမျိုးကျစီ။

ဓားမဲကြီးများ၊ သုံးခွမှိန်းကြီးများ၊ သံမဏိ ငါးမန်းစွယ် ကြီးများ၊ ကြောက်မက်ဖွယ် ကြာပွတ်ကြီးများ၊ လှံလျင်များ၊ လှံရှည်များ၊ အဲမောင်းလှံပျံများ၊ သံဆူးကြီးများ၊ ယက္ခမ်း လက်နက်များ၊ အဆက်ဆက်ပါသော တုတ်ချောင်း လက်နက် များ၊ အချိန်ဆယ့်ငါးပိဿာခန့်စီးမည့်ဓားကြီးများ၊ လှံရိုး ရှည်တပ်ထားသည့် ဓားမလက်နက်ဆန်းများ စသည်တို့အပြင်

အမည်မဖော်ပြနိုင်စွမ်း မရှိသောလက်နက်များလည်း ပါဝင်နေကြလေ၏။

ထိုပုဂ္ဂိုလ်တို့၏ အသက်အရွယ်များမှာလည်း အမျိုးမျိုး....။

အချို့သည်လူငယ်။အချို့သည်လူရွယ်။ အချို့ကားမူလူကြီး။ အချို့ကမူ အဘိုးအို။

အချို့သည် ယစ်ရွှေရည် ယမကာများကို မှိုဝဲလျက်။

အချို့ကမူ လူဝကြီးသုံးယောက်တို့ ဝဖိုင့်သကဲ့သို့ ဝလိုဟန်တူသည်။ စား မြိန်ခဲဘွယ်တို့ကို အဆက်မပြတ် စားသုံးလျက်။

ဤသူတို့အားလုံး၏ ဆင်းသွင်သဏ္ဌာန်ကို ကြည့်ရှုထောက်ချင့်ရခြင်းအားဖြင့် ဒေသစုံ နယ်မြေစုံမှရောက်ရှိလာခဲ့ကြသော ထိပ်ထိပ်ကြဲသိုင်းပညာရှင်များဖြစ်ကြောင်း အထူးသိသာ ထင်ရှားပေါ်လွင်နေပေသည်။

သူတို့သည် ဤအန်စေးမြို့သို့ အဘယ့်ကြောင့် လာရောက်စုဝေးနေကြရပါသနည်း။

မင်းလမ်းမကြီး၏ နေရာအနှံ့အပြားတွင် ချိတ်ဆွဲထားသည့် ပိုးဆိုင်းဘုတ် ကြီးများပေါ်မှ စာသားများကို ဖတ်ရှုနိုင်ပေသည်။

နှစ်ငါးဆယ်မြောက် သိုင်းပညာပြပွဲသို့ ကြွရောက်လာကြသော ဧည့်သည်တော်ကြီးများအား ကျွန်တော်များအန်စေးမြို့မှ လှိုက်လှဲစွာ ကြိုဆိုပါ၏

ထို့ကြောင့် လူဝကြီးသုံးယောက်! စားတော်ဆက် ရိပ်သာ
င် ယခုလောက် လူအများ စည်ကားနေကြခြင်း ဖြစ်သည်။



လူဝကြီးသုံးယောက် စားတော်ဆက် ရိပ်သာမျှသာ မကသေး။

အန်စေးမြို့ရှိ အခြားသော စားသောက်ဆိုင်နှင့် တည်းခိုရိပ်သာများသို့လည်း ဧည့်ပရိသတ်များ စည်ကားနေကြောင်း တွေ့မြင်ရနိုင်သည်။

အန်စေးမြို့တမြို့လုံး လမ်းမကြီး လမ်းငယ် အသွယ်သွယ်တို့တွင် မီးရှူး မီးမောင်း မီးတိုင်ရောင်စုံတို့ဖြင့် လျှံဝေထိန်လင်းနေသည်။

ရာပေါင်းများစွာသော လူအုပ်ကြီးသည် အုတ်အုတ်ကျက်ကျက် ညံညံစီစီဖြင့် မြို့တွင်းရှိ လမ်းများပေါ်တွင် အစဉ်သွယ်နေကြသော ပုရွက်ဆိတ်အုံကြီးနှယ် အဆက်မပြတ်ရှိနေကြရလေသည်။

ဤသို့ဤနှယ် ထူးထူးခြားခြား လှုပ်လှုပ်ရွရွ ရှိနေသော အန်စေးမြို့ မင်းလမ်းတဖက်မှ လူဝကြီးသုံးယောက်၊စားသောက်ဆိုင်ခန်းမကြီးအလယ်တွင် ထူးဆန်းသောပုဂ္ဂိုလ် ငါးဦးတို့သည် စားပွဲတလုံးတွင် ဝိုင်းဖွဲ့၍ ထိုင်နေကြလေသည်။

ထိုသူတို့ ငါးဦးစလုံးပင် အဖိုးအိုကြီးများဖြစ်ကြ၏။

ဝတ်ရုံမည်းကြီးများကို ဆင်တူဝတ်ဆင်ထားကြသည်။

ကျောထက်တွင်လည်း သံမဏိငါးမန်းစွယ်ကြီးများကို သိုင်းလွယ်ထားကြ၏။

သူတို့ငါးဦးသည် အရက်နှင့် အစားအစာများကိုမှာယူပြီး မြိန်ယှက်စွာ စားသောက်နေကြသည်။

အစားအသောက်များကိုသာ စားနေကြသည်....။ တဦးနှင့်

တဦး စကားတခွန်းတလေမျှ မပြောကြ။ အတွေးကိုယ်စီ ရှိနေကြလေသည်။

ထိုစဉ် တောက်ပသစ်လွင်၍ နူးညံ့ အိပျောင်းသည့် ညှော်ခံမယ် ဝတ်စုံကို ဝတ်ဆင်ထားသော စားပွဲထိုး မိန်းကလေးတဦး ရောက်လာသည်...။ ဝတ်ရုံမည်းကြီး ငါးဦးရှိရာ စားပွဲရှေ့သို့ ရပ်လိုက်သည်။

သူမသည် ငါးဦးသောအဖိုးအိုများအနက် တဦးသော ပုဂ္ဂိုလ်ရှေ့တွင် လေးစားကိုင်းရှိုင်းစွာ ဦးညွှတ် အရိုအသေ ပြုလိုက်သည်။ လေသံတိုးတိုးအုပ်အုပ်ဖြင့်လည်း မေးလိုက်၏။

'ဘဘတို့ ဘယ်အရပ်က လာခဲ့ကြပါသလဲရှင်။ ရွှေသဲဝါမြစ်ဝှမ်းဒေသကပါလား'

ညှော်ခံမယ်အမျိုးသမီးငယ်လေး၏မျက်နှာကို အမေးခံလိုက်ရသည့် ပုဂ္ဂိုလ်ကြီးက ဖြတ်ခနဲ စူးစိုက်ကြည့်ရှုလိုက်သည်။

ထိုပုဂ္ဂိုလ်ကြီး၏ မျက်လုံးအကြည့်သည် ရှားမီးခဲကဲ့သို့ ရဲရဲနီ မြန်းနေ၏။

တင်းမာသော လေသံဖြင့်လည်း ပြတ်တောင်းစွာ ပြန်မေးလိုက်သည်။

'ညည်းက ဘာ့ကြောင့် လား။ ရက် စုံစမ်းနေတာလဲ'

အဖိုးအိုသည် မေးမြန်းခံရခြင်းကို မကျေနပ်သည့်ဟန်...။ နှောင့်ယှက်ခြင်းခံရသဖြင့် ဒေါသထွက်သည့်ဟန်မျိုးရှိ၏။

မိန်းကလေးသည် အနည်းငယ်တုန်လှုပ်သွားပြီး ကြောက်ရွံ့စွာ ပြန်ဖြေလိုက်သည်။



'ခွင့်လွှတ်တော်မူပါ ဘဘ။ ကျမကို ဇွန်လူက လွှတ်လိုက်လို့ လာရတာပါ ဘဘ'

'ဇွန်လူ...ဟုတ်စ...'

အဖိုးအိုသည် ဇွန်းလူဟူသော အမည်နာမကို ကြားလိုက်ရသည်နှင့် တပြိုင်နက် မျက်နှာမှာ ပို၍ သိသာစွာ ခက်ထန် တင်းမာသွားရလေသည်။

'သူက ညည်းကို ဘာကိစ္စနဲ့ လွှတ်လိုက်ရတာလဲ ဆိုစမ်း... မိန်းကလေး'

'ဘဘတို့ အထဲမှာ ငါးမန်းဆွယ်တီသူကြီး ကွမ်စူး ပါမပါ သိချင်ပါသတဲ့'

အိမ်...ကွမ်စူးဆိုတဲ့ပုဂ္ဂိုလ်ဟာ ငါပဲ့လို့ သွားပြောလိုက်

ညှော်ခံမယ်ကလေးသည် အဖိုးအိုရှေ့မှ သွက်လက်ပေါ့ပါးစွာ ထွက်ခွာသွားသည်။ ဆိုင်ပေါက်ဝဆီသို့။

ငါးမန်းဆွယ် တီသူကြီး ကွမ်စူးသည် သူ့အပေါင်းအဖော်များဘက်သို့ လှည့်၍ပြောလိုက်သည်။

'ကိုင်း...ရှောင်းရင်းတို့ ခဏလောက်ဖယ်ပေးကြပါ။ ဇွန်လူးဟာ ကျုပ်ရန်သူပဲ။ လွန်ခဲ့တဲ့ ငါးနှစ်လောက်က သူဟာ သူ့ကြွယ်တဦးရဲ့ ငန်းပစ္စည်းတွေကို စောင့်ရှောက်ပြီး ကျုပ်နယ်မြေထဲက ဖြတ်ပြီးသွားခဲ့တယ်။ ကျုပ်က ကျုပ်ပိုင်နက် နယ်မြေဖြစ်တာကြောင့် သင့်လျော်တဲ့ ဆက်ကြေး အသပြာတောင်းခံတာကို သူက ပေးဖို့ ငြင်းဆန်ခဲ့တယ်။ ဒီတော့ ကျုပ်အနေနဲ့ လုပ်စရာ တလမ်းတဲ့ရှိတော့တယ်။ အဲဒါက သူစောင့်ရှောက် လာရတဲ့ ပစ္စည်းတွေကို သိမ်းယူလိုက်ရခြင်းပဲ။ သူနဲ့ သူ့တသည်တွေကို

တော့မသတ်တဲ့ ကျုပ်ပြန်လွှတ်ခဲ့ပါတယ်။ ခု....သူဒီကို ရောက်လာတာဟာ ကောင်းသောလက္ခဏမဟုတ်ပေဘူး....'

ငါးမန်းစွယ်အိုးကြီး ကွမ်စူးသည် ပြောနေဆဲစကားများကို ရုတ်တရက် ရပ်တန့်လိုက်၏။

ညာဘက်လက်သည် သူ့နောက်စေ့သို့ ဇပ်ကနဲ ရောက်သွားရ၏။

သူ့နောက်စေ့တည့်တည့်သို့ အရှိန်အဟုန်ပြင်းစွာ ပျံဝဲလာသောအရာဝတ္ထုတခု။

'ဝှီး....'

'ချပ်....'

ထိုပျံဝဲလာသော အရာဝတ္ထုသည် ကွမ်းသီးလုံးခန့်ပမာဏရှိသော သံလုံးတလုံး....။

ကွမ်စူးသည် သူ့နောက်ဘက်တွင် ရှိနေသောရန်သူကို လုံးဝမင် လှည့်မကြည့်။ လုံးဝပင်အရေးမစိုက်။

အဖော် လေးယောက်တို့မှာ ကွမ်စူးအပေါ်မှ တဦးပြီးတဦး ခွာ၍သွားကြသည်။

ကွမ်စူးသည် စားပွဲကြီးတွင် တဦးတည်း ထိုင်ကျန်ရစ်ခဲ့ပြီး အစားအသောက်နှင့် အရက်များကို ဟန်မပျက် မြိန်ရှက်စွာ ဆက်လက်စားသောက်နေလိုက်သည်။

'ဝှီး....ဝှီး....'

ကွမ်စူး နောက်စိတည့်တည့်သို့ နောက်ထပ် သံလုံး နှစ်လုံး တပြိုင်နက် ဝင်ရောက်လာပြန်သည်။

သူသည် ယခုအချိန်အထိ နောက်ဘက်ရှိ ရန်သူကို လုံးဝ လှည့်မကြည့်သေး။

'ဝှီ...ဝှီး...ဝှီး....'

နောက်ထပ် ပျံသန်းလာခဲ့ကြပြန်ပြီ။

သံလုံးသုံးလုံး။

သည်ကြိမ်တွင်မူ ကွမ်စူးသည် စတင် လှုပ်ရှား လာ ခဲ့လေပြီ။

ထိုင်ရာမှ ဆတ်ကနဲထ၍ ရပ်လိုက်သည်။

သူ့နောက်ဘက်ရှိ ရန်သူကို ချာကနဲ လှည့်ကြည့်လိုက်သည်။

ဇုန်လူး။

ဇုန်လူးကား လူပုကလေးတယောက်ဖြစ်၏၊

သို့သော် အလွန်အခင်းဝဖိုင့်သည်။

ဇုန်လူးသည် တဟဲဟဲရယ်မောယင်း သူ့ဘိုက်ပူကြီးကို လက်နှစ်ဘက်ဖြင့် ပွတ်လိုက်၏။

ပြီးနောက် တံခါးပေါက်ဝမှ ငါးမန်းစွယ်ဘီလူးကြီး ကွမ်စူးရှိရာသို့ တလှမ်းချင်း တိုးကပ်လာနေသည်။

နှုတ်မှသည်း ပြောဆိုလိုက်သည်။

'ဘယ့်နှယ်လဲ ရောင်းရင်းကြီးကွမ်စူး၊ ခင်ဗျား အခု ကျုပ်လက်ထဲက လွတ်သေးရဲ့လား၊ ပြေးနိုင်သေးရဲ့လား။ ကျုပ်ကို မှတ်မိပါရဲ့နော်။ တချိန်တုန်းက ရောင်းရင်းကြီး ရဲ့ အနိုင်ကျင့်မှုကို ခံလိုက်ရတဲ့ ဇုန်လူးလေ၊ ဟဲ့....ဟဲ ...ဟဲ....ဟဲ'

ဆိုင်ရှင်နှင့်တကွ ညည့်သည်များ အားလုံးတို့သည် ဖြစ်ပေါ်လာတော့မည့် အခြေအနေကို ရိပ်စားမိလိုက်ကြသည်။

ဤရန်ပွဲကြီးထဲတွင်မိမိတို့အထိအခိုက်မရှိရအောင်စားသောက်ခန်းမကြီးအတွင်းမှ အလျိုအလျို ထွက်ခွာသွားကြလေသည်။

ယင်းသို့ ထွက်ခွာသွားကြသူများထဲတွင် ရန်လျှုချင်းနှင့် ရိုလျှံတို့လည်း ပါသည်။

သူတို့နှစ်ဦးသည် တနေ့ညက အန်စေးမြို့သို့ ဆိုက်ရောက်လာခဲ့ကြ၏။

ရိုလျှံ၏ဖွားဖွား နေထိုင်ခဲ့ရာ အဆောက်အဦသို့ရောက်သောအခါ အဖွားအိုသည် နေအိမ်ကိုရောင်းချ၍ အရပ်ဘပါးသို့ ပြောင်းသွားသည်ဟု စုံစမ်းသိရှိကြရ၏။

ယင်းကိစ္စနှင့်ပတ်သက်၍ရိုလျှံရောရန်လျှုချင်းပါတွေးတောတွက်ဆမှုဘခု ပြုလိုက်ကြသည်။

ရဘနာများနောက်သို့ လိုက်နေသော လူဆိုးတို့၏ ဘေးအန္တရာယ်ကြောင့် အဖွားအို ခြေရာဖျောက်သွားခြင်း ဖြစ်ပေလိမ့်မည်။

သူတို့နှစ်ဦးသည် အဖွားအို ပြောင်းရွှေ့သွားသည့် အရပ်ဒေသ သတင်းနှင့် ပတ်သက်၍ သိရှိနိုင်ရန် ဤအန်စေးမြို့တွင် ဆက်လက်စုံစမ်းနေကြခြင်း ဖြစ်သည်။

ရန်လျှုချင်းသည် သိုင်းအကျော်အမော်နှစ်ဦး၏ ရန်ပွဲဖြစ်သဖြင့် ဆိုင်ရှေ့မှ စေးလာသောနေရာသို့ ထွက်ခွာမသွား။

ရိုလျှံနှင့်အတူ တံခါးပေါက်ဝနှင့် မလှမ်းမကမ်းမှသောရပ်တန့် အကဲခတ်နေသည်။

ကွမ်စူးသည် သူရှိရာသို့ တလှမ်းချင်း တိုးကပ်လာနေသော ငှန်လူးအား မေးမြန်းလိုက်၏။

'ဆိုစမ်'.... မင်း ငါ့ဆီက ဘာကိုအလိုရှိသလဲ ဇုန်လူး'

'ဟား....ဟား။ ကျုပ်လိုချင်တာကို ပြောရမှာလား'

ဇုန်လူးက ပမာမခန့်ပြုံးယင်း ပြန်မေးလိုက်၏၊

'ဟုတ်တယ် ဇုန်လူး။ ကိုင်း....ကြားသကွယ်၊ ဆိုစမ်းပေဟ့'

'ခင်ဗျားဆီက ကျုပ်လိုချင်တာကတော့ တခုဘည်းသော ပစ္စည်းဖြစ်တဲ့ အသက်ဘဲ'

'ဟဲ...ဟဲ....ဟဲ....ဟဲ။ ကောင်းပြီ၊ ကောင်းပြီ ရစေမယ်'

'ရှမ်း....'

စကားဆုံးသည်နှင့် ကွမ်စူးသည် ခေါ်ချောတွင် ပိုးထားသော သံမဏိ ငါးမန်းစွယ်ကြီးက ညာသက်အတွင်းသို့ ရောက်လာစေခဲ့သည်။

ဇုန်လူးကမူ ချက်ချင်းမတိုက်ခိုက်သေးဘဲ စကားထပ်မံပြောကြား၏၊

'ကျုပ်မှာသုံးလုံးလက်နက်ငါးရာပါလာတယ်။ ရောင်းရင်းကြီး ကျုပ်လက်ထဲက ဘယ်နည်းနဲ့မှ မလွတ်နိုင်ဘူး'

'စမ်းကြည့်ကြသေးတာပေါ့ကွာ။ အပြောထက် အလုပ်နဲ့ သက်သေပြတာက ပိုကောင်းပါတယ်'

အရေအတွက် များပြားလှသည့် သံလုံးများသည် ကွမ်စူးရှိရာသို့ အရှိန်အဟုန်ပြင်းစွာ ပြေးဝင်လာကြသည်။

'ဂျောင်း....ဂျောင်း....ဂျောင်း....ဂျောင်း....ဂျောင်း'

သံလုံးများသည် ကွမ်စူးနောက်ဘက်ရှိ မှန်ချပ်ကြီးများကို ဒလစပ် ထိမှန်သွားကြသည်။

သစ်သားနံရံကြီးများကို ဖောက်ထွက်သွားကြသည်။

မှန်ချပ်ကြီးများ တချွမ်းချွမ်းကွဲကုန်ပြီ။

စားပွဲကုလားထိုင်များ တခွမ်းခွမ်းကျိုးပဲ့ပျက်စီးကုန်ကြပြီ။

ပန်းကန်ခွက်ယောက်များ လွင့်ပျံကွဲစင်ကုန်ပြီ။

အရက်တကောင်းကြီးများ၊ ကြွေကရားကြီးများ တဂွမ်းဂွမ်း ကြေမွအက်ကွဲကုန်ကြပြီ။

ကြောက်မက်ဖွယ် ကောင်းလှပါတကား။

သံမှန်တိုင်းကြီးတခု ဆင်လိုက်သည့်အလား။

ပျားအုပ်ကြီးတအုပ်ပျံသန်း ပြေးဝင်လာသည့်အလား။

သို့စဉ်တိုင်....

ဇုန်လူး၏ သံလုံးများသည် ကွမ်စူးအား တလုံးဘလေ့မျှပင် မမှန်။

ကွမ်စူးသည် သံမဏိငါးမန်းစွယ်ကြီးကို စကြာကဲ့သို့ မွှတ်နေအောင်လှည့်ပတ်ယင်း သူ့ကိုယ်ကို ကာကွယ်ထားသည်။

ဆိုင်ပေါက်ဝမှ လှမ်းကြည့်နေကြသော ရန်လျူချင်းနှင့်ရိလျှံတို့မှာ အံ့ဘွယ်သူရဲ ထူးကဲလှသည့် ဇုန်လူး၏ အတတ်ပညာနှင့်တကွ သံလုံးများ၏ရန်ကို ကာကွယ်နိုင်သော ကွမ်စူး၏စွမ်းအင်ကိုပါ တအံ့တသြ ရှိနေမိကြရလေသည်။

'ချွမ်းချွမ်း.... ဂလောင်း.... ဂျောင်း.... ဂျိုင်း....'

မှန်ချပ်ကြီးများ အက်ကွဲကြေမွသွားသံ။ ပန်းချီကားချပ်ကြီးများ ပြုတ်ကျသွားသံတို့ အကြားမှ ကွမ်စူး ဝှေ့ရမ်းနေသည့် ငါးမန်းစွယ်ကြီး၏ အသံကလည်း တဝီဝီး တဟီးဟီး ပေါ်ထွက်နေသည်။

လင်းယုန်ငှက်ရဲကြီးတကောင် အဆက်မပြတ် တောင်ပံခတ်နေဘိသကဲ့သို့ ဖြစ်သည်။

သို့တစေ တိုက်ပွဲကာလသည် မကြာ။

တိုက်ပွဲဟူသည် အနိုင်အရှုံးရှိစမြဲ။

တခဏအတွင်း ထိုအနိုင်အရှုံး၏ အဖြေက ပေါ်လာသည်။

သံလုံးပေါင်းငါးရာကျော် သိုမှီးထားသော ဗုန်လူး။

နောက်ဆုံးတွင် ဗုန်လူးထံမှ သံလုံးများ ထွက်မလာတော့။

သံလုံးများအစား သွေးများသာ တဗွက်ဗွက် ပန်းထွက်လာတော့သည်။

ဗုန်လူးသည် ခန်းမထဲတွင် ခင်းထားသည့် ကောဇောကြီးပေါ်သို့ ဘိုင်းကနဲ မှောက်လျက်သား လဲကျသွားသည်။

ငါးမန်းစွယ်ဘီလူးကြီး ကွမ်စူး။

မှောက်လျက် လဲကျနေသော ဗုန်လူး၏ ခန္ဓာကိုယ်ပေါ်သို့ ငါးမန်းစွယ်လွှက်နက်ကို အရှိန်ပြင်းစွာ စိုက်ချလိုက်လေတော့သည်။

ကြောက်မက်ဖွယ် အော်သံကြီးတရပ်က ထွက်ပေါ်လာခဲ့သည်။

'အား....'

ပွဲပြီးသွားခဲ့ပြီ။

အရှုံးအနိုင်လည်း ပြတ်သွားခဲ့ပြီ။

စားသောက်ခန်းမကြီးထဲသို့ ဧည့်သည်တော်များ တဦးပြီး တဦး ပြန်ဝင်လာကြသည်။

လဲနေသောကုလားထိုင်များ၊ ပြိုနေသော စားပွဲကြီးများကို ကိုယ့်ဖာသာကိုယ် ပြန်ထောင်ကြသည်။

ဤနေရာတွင် စောစောက ဘာမှမဖြစ်ခဲ့သည့်အလား ဟန်မပျက် ဆက်လက်စားသောက်နေကြသည်။

ဧည့်ခံလုသင်နှစ်ယောက်ကမူ ဇွန်လူး၏ အလောင်းကြီးကို ဆိုင်အပြင်ဘက်သို့ ဆွဲထုတ်သွားကြသည်။

အန်စေးမြို့တွင် ဤအဖြစ်အပျက်မျိုးတို့သည် ဘာမျှမဆန်း၊ မည်သို့မျှ ထူးခြားသည့်အနေအထားမျိုး မဟုတ်ပုံမရ၊ မြို့သူမြို့သားများအတွက် ရိုးနေကြပြီဖြစ်ဟန်ရှိနေသည်၊

ရန်လျူချင်းနှင့် ရီလျူတို့သည်လည်း အမျှားနည်းတူ စားသောက်ခန်းမကြီးထဲသို့ ပြန်ဝင်မည်ပြုကြသည်။



ထိုစဉ် လမ်းမကြီးပေါ်မှ မြင်းရထားတစင်း၏ ခြူသံများ ထွက်ပေါ်လာသံကြားရသဖြင့် နှစ်ဦးသား လမ်းမပေါ်သို့အမှတ်မထင် လှည့်ကြည့်လိုက်မိကြသည်။

လှပခန့်ညားသော အမိုးဖွင့် မြင်းလေးကောင်ဆွဲ ရထားကြီး တစင်း။

ရထားကို ခါကုန်းအဖိုးအိုတဦးက မောင်းနှင်၍ ရထားနောက်ဘက်အကန့်တွင် စီးနင်းလိုက်ပါလာသူမှာ အဖွားအိုတဦးလေသည်။

ထိုအဖွားအိုကား ရန်လျူချင်းနှင့်ရီလျူတို့ လိုက်လံရှာဖွေနေကြသည့် ရီလျူ၏ဖွားအေကြီးပင် ဖြစ်လေသည်။

'ဖွားဖွား.... ဖွားဖွား....'

ရီလျူသည် လမ်းမကြီး၏တဖက်ရှိ ဘုရားကျောင်းကြီးဘက်ဆီသို့ အရှိန်အဟုန်ပြင်းစွာ မောင်းချသွားသော ရထားကြီးဆီသို့ အော်ခေါ်ယင်း တဟုန်ထိုး ပြေးလိုက်သွားသည်။

ရန်လျူချင်းကလည်း ရီလျူနောက်မှ ပါသွားသည်။

သို့တစေ၊ ရထားကြီးကိုမောင်းနှင်သွားသည့် အရှိန်အဟုန်ကမြန်လွန်းလှသည်။

သူတို့နှစ်ဦးသည် ရထားကြီးကို မမှီလိုက်။

ရန်လျူချင်း မျက်လုံးကို ဒေလျင်အမြန် ကစားလိုက်သည်။

လမ်းမကြီးဝဲဘက်ရှိ လူသွားစင်္ကြံနဘေးတွင် ဆိုက်ကပ်ထားသော မြင်းရထားတစင်းကို တွေ့ရှိလိုက်ရသည်။

ရထားပေါ်တွင် စီးသူမောင်းသူမပါ။

ထို့ကြောင့် ရန်လျှုချင်းသည် ရထားပေါ်သို့ လွှားကနဲ ခုန်တက်လိုက်၏။

ရိလျှံကပေါ လိုက်တက်မည်အပြု အသံတသံက ပေါ်လာသည်။

မြင်းရထား၏ ဘေးတဘက်မှ ထွက်ပေါ်လာသည့်အသံ။

'ဟိတ်.... ဒါဘယ်သူတွေလဲ။ ဘာလုပ်ကြတာလဲ'

ယင်းမေးခွန်းသံနှင့်အတူ ဝတ်ရုံမဲကို ဝတ်ဆင်ထားသည့် အဖိုးအိုတယောက် ဘွားကနဲပေါ် ထွက်လာသည်။

လက်ထဲတွင် အရောင်တဖိတ်ဖိတ် တောက်လက်နေသည့် ငါးမန်းစွယ်ကြီးကိုလည်း ကိုင်ဆွဲထား၏။

အဖိုးအိုသည် ဝဲလက်ဖြင့် မြင်းဇက်ကြိုးကို ဆုပ်ကိုင်ထားလိုက်သည်။

ရန်လျှုချင်းက အဖိုးအိုအား တောင်းပန် ပြောဆိုလိုက်သည်။

'ကျွန်တော်တို့ကို ရထား ဌားလောက် ငှားလိုက်ပါအဘ။ စောစောကဖြတ်မောင်းသွားတဲ့ ရထားနောက်ကိုလိုက်ချင်လို့ပါ'

ဝတ်ရုံမဲ အဖိုးအိုကမူ ခေါင်းကို သွက်လက်စွာ ခါယမ်းလိုက်သည်။

'ဟိတ်.... ရထားသူခိုး။ မင်း အောက်ကိုအခုဆင်းလိုက်စမ်း။ မင်းကို ငါဆုံးမရမယ်။ လာခဲ့ အခုဆင်းလိုက်။ ငါမြင်လို့ မမြင်ယင် မင်းတို့နှစ်ယောက် ဒီရထားကို ခိုးပြေးကြမလို့မဟုတ်လား'

'မဟုတ်ပါဘူး ဘဘခင်ဗျား။ ကျွန်တော်တို့မှာ အလွန်အမင်း အရေးကြီးနေလို့ပါ'



'မလိုချင်ဘူး။ အခုဆင်းလိုက်စမ်း။ ရထားခိုးဘို့ ကြံစည်တဲ့အတွက် မင်းနားရွက်တဖက်ကို ဖြတ်ပစ်ရမှ ငါကျေနပ်နိုင်မယ်'

ရန်လျှုချင်းသည် အခြေအနေကို ရိပ်စားမိလိုက်ပြီ။

သူသည် ရထားပေါ်မှ လွှားကနဲခုန်ဆင်းလိုက်၏။

ကျောတွင် သိုင်းလွယ်ထားသည့် ဓားကိုလည်း အိမ်မှနှုတ်၍ လက်တွင် အဆင်သင့် ဆုပ်ကိုင်ထားလိုက်သည်။

ပြီးမှ အဖိုးအိုကို ပြုံးရွှင်သော မျက်နှာထားဖြင့် တခွန်းတစ္စ မေးမြန်းလိုက်သည်။

'ဒီရထားဟာ ဘဘကြီး ရဲ့ရထားပါလားခင်ဗျား'

'အိမ်း.... ဟုတ်တယ်။ ငါ့ရထားကို ခိုးဘို့ကြံစည်တဲ့အတွက် မင်းတို့နှစ်ယောက်ကို အပြစ်ပေးရလိမ့်မယ်'

ရန်လျှုချင်းသည် ပထမဦးစွာ မည်သို့မျှ မဖြစ်လောက်သော ကိစ္စကလေးတခုကို အကြောင်းပြု၍ အချင်းမဖြစ်ပွားရန် စဉ်းစားလိုက်သည်။

ဒေါသထွက်နေသော အဖိုးအို စိတ်ကျေနပ်သွားအောင်ပြေရာပြေကြောင်း တောင်းပန်ကြည့်လိုက်သည်။

'ကျွန်တော်တို့ကို ခွင့်လွှတ်ပါဘဘ။ ကျွန်တော့ညီမနဲ့ ပတ်သက်တဲ့ တစုံတဦးဟာ စောစောက ဒီနားကဖြတ်မောင်းသွားတဲ့ ရထားပေါ်မှာ ပါသွားလို့ပါ'

'မလိုချင်ဘူး။ လျှာမရှည်နဲ့။ တိတ်စမ်း။ မင်းနားရွက်ကို ဖြတ်ရမှ ငါကျေနပ်မယ်'

စကားဆုံးသည်နှင့် အဖိုးအိုသည် လွှားကနဲ တချက်ခုန်လိုက်

ပြီး ရန်လျှုချင်း၏ ဘယ်ဘက်နားရွက်ကို သံမဏိငါးမန်းစွယ် ကြီးဖြင့် ရိုက်လှီးခုတ်ဖြတ်ချလိုက်လေတော့သည်။

'ဝှီး....'

ဟော....

ပြတ်သွားရပြီ။

ပြတ်သွားရပြီ။

နားရွက်တဖက် ပြတ်သွားရလေ့ပြီ။

သို့သော်....

သို့သော်....

ပြတ်သွားသည့် နားရွက်မှာ ရန်လျှုချင်း၏ နားရွက်မဟုတ်။ တောင်းပန်နေသည့်အကြားမှ မထိန်းနိုင်မသိမ်းနိုင် ဖြစ်နေရှသော အဖိုးအို၏နားရွက်။

၂၉

အဖိုးအို၏ဒေါသမှာ မုန်တိုင်းဝမျှ ဖြစ်ပွားလာခဲ့ရလေပြီ။

သူသည် ရန်လျှုချင်းအား ငါးမန်းစွယ်ကြီးနှင့် အဆက် မပြတ် လိုက်ခုတ်သည်။ ဒလစပ်လိုက်ပိုင်းသည်။

လေထဲတွင် ငါးမန်းစွယ် ဖြတ်သန်းသွားသံများသည် တဝှီး ဝှီး၊ တရှီးရှီး။

ဒဏ်ရာရရှိသွားသည့် ကျားရိုင်းကြီးပမာ။

အပြင်းအထန် လိုက်လံထိုးနှက် တိုက်ခိုက်သည်။

အဖိုးအို၏ငါးမန်းစွယ်သည် ရန်လျှုချင်း၏ ခေါင်းပေါ်မှ ရှီးဇာနဲ့၊ ရှိုင်းဇာနဲ့၊ ဝှီးဇာနဲ့၊ ဝဲဇာနဲ့ ဖြစ်နေသည်။

သို့သော် ငါးမန်းစွယ်ကြီးသည် ရန်လျှုချင်းကို လုံးဝ မထိ။

လေထဲတွင် တည်ငြိမ်မှုကင်းမဲ့စွာ ရွေ့လျားနေသော ဒန် မြူမှုံထလေးကို လိုက်လံခုတ်နေရဘိသကဲ့သို့ ရန်လျှုချင်းကို

ငါးမန်းစွယ်ကြီးနှင့်လိုက်ခုတ်နေရသည့် အဖိုးအိုမှာ မည်သို့မျှ အကျိုးမသက်ရောက်။ အရာမထင်။

ရန်လျှိုချင်းအနေဖြင့် အဖိုးအိုအား ဆယ်ကွက်အတွင်းအနိုင်ယူနိုင်သည်။

သို့သော် သူ့ဘက်က စဘင်ခဲ့မိခြင်းဖြစ်သဖြင့် အဖိုးအို၏ အသက်တချောင်းကို အချည်းနှီး မဖြစ်စေလို။

ထို့ကြောင့် အဖိုးအို၏ ဟာကွက် လစ်ကွက်များရှိသည့်တိုင် ညှာညှာတာတာ ခုခံတိုက်ခိုက်နေသည်။

လမ်းသွားလမ်းလာများသည် ရုတ်ရုတ်သဲသဲ ဖြစ်သည်ကို ဝိုင်း၍ကြည့်တတ်ကြသည့် ဝါသနာရှိသည့်အတိုင်း ရန်လျှိုချင်းနှင့်အဖိုးအိုတို့၏ တိုက်ပွဲကို ကြိုက်ကြိုက်တိုးမျှ ဝိုင်းအုံကြည့်ရှုနေကြသည်။

ဤသို့ ကြည့်ရှုနေကြသူများ အထဲတွင် အဖွားအိုကြီး တယောက်လည်း ပါဝင်နေသည်။

အဖွားအိုကြီးသည် အသက်ရှစ်ဆယ်ခန့်ရှိပြီ ထင်ရသည်။

ပါးရေနားရေများ တွန့်ခေါက်နေပြီ။

ဇရာ၏ အရေးအကြောင်းကြီးများ ထင်ရှားပေါ်လွင်နေပြီ၊

တောင်ဝှေးနက်ကြီးတချောင်းကို အားပြု၍ မတ်ဘတ်ရပ်နေသည်။

ခါးကလည်း ကုန်းနေပြီ။

ရုတ်တရက်ကြည့်လျှင် စုံးမကြီးနှင့်ပင် စတ်ဆင်ဆင်။

အဖွားအိုသည် ကြည့်နေယင်းမှ အားမလို အားမရဖြစ်လာဟန် တူသည်။



'ဟိတ်...လူကလေး၊ ဒီအကောင်ကြီးကို သတ်ပစ်လိုက်လေ။ ဘာဖြစ်လို့ အညှာပေးနေရတာလဲ'

အဖွားအိုကြီးသည် ရန်လျှိုချင်းဘက်မှ အော်ကြီးဟစ်ကျယ် အားပေးနေသည်။

ကြည့်ရှုနေကြသူ လူသူ ပရိသတ်ကြီးမှာလည်း တစထက် တစ ဝိုင်းအုံလာသည်။ တစထက်တစ များပြားလာသည်။

ရန်လျှိုချင်းမှာ ကြာမြင့်စွာတိုက်ခိုက်နေခြင်းဖြင့် အချိန်မဖြုန်းလိုတော့။

သူ့တွင် သည့်ထက်အရေးကြီးသည့် တာဝန်များ ထမ်းဆောင်ရန် ရှိနေလေသေးသည်။

ကိုင်း....။

သည်တော့ ရန်လျှိုချင်းသည် လက်ယာလက်ဖြင့်ကိုင်စွဲထားသည့်ဓားဖြင့် ခုတ်ချမည့်ဟန်ပြုလိုက်ပြီးမှ ဝဲလက်ဖြင့် အဖိုးအို၏ ညာဘက် ပုခုံးစွန်းမှမေ့ကြောကို နှိပ်ပစ်လိုက်သည်။

'အိ...'

ငါးမန်းစွယ်အဖိုးအို မြေပေါ်သို့ တုန်းကနဲလဲကျသွားရပြီ။

ရန်လျှိုချင်းနှင့် ရိလျှံတို့သည် အချိန်ဖြုန်း မနေတော့ဘဲ စောစောက ရိလျှံဖွားအေ မောင်းသွားရာ ဘက်သို့ အချိန်မီ လိုက်ရန် ရထားပေါ်သို့ အပြေး ခုန်တက်ကြတော့မည် ပြင်လိုက်သည်။

ထိုစဉ်....

အရိပ်မည်းကြီး ငါးခုသည် လူအုပ်ထဲမှ ဝီးကနဲ ပြေးထွက်လာကြပြီး ရန်လျှိုချင်းနှင့် ရိလျှံတို့ကို ဝိုင်းထားလိုက်ကြ၏။

လူအိုကြီး ငါးယောက်။

ဝတ်ရုံမည်းကြီးတွေ လွှမ်းခြုံထားကြသည်။

သံမဏိငါးမန်းစွယ်ကြီးများ ကိုင်ဆောင်ထားကြသည်။

စောစောက လူဝကြီးသုံးယောက် စားတော်ဆက် ထဲတွင် ဇွန်လူကို နှိမ်နင်းအောင်မြင်ခဲ့သော ငါးမန်းစွယ် ဘီလူးကြီး ကွမ်စူးနှင့် အဖော်လေးဦး။

ကွမ်စူးသည် ဇလျှံတဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့် ရန်လျူချင်းနှင့် ရိလျှံတို့ကို စူးစိုက်အကဲခတ်ကြည့်ရှုယင်း လေသံမာကျောစွာ စတင်မေးမြန်းလိုက်သည်။

'မင်းတို့နှစ်ယောက်က ဘယ်ကလဲ။ ဘယ်သူတွေလဲ'

ရန်လျူချင်းသည် အမေးကိုမဖြေဘဲ သူကသာ ပြန်၍ မေးခွန်းထုတ်လိုက်၏။

'ဘဘတို့ကရော ဘယ်သူတွေလဲ။ ဒီက ဘဘနဲ့ ဘယ်လိုပတ်သက်ကြပါသလဲ'

'သူ့နံမယ်က ချီချောက်ထုံကျင်လို့ခေါ်တယ်။ ငါတို့ရဲ့သွေးသောက်ရောင်းရင်း ရွှေသဲဝါမြစ်ဝှမ်းက ငါးမန်းစွယ် ခြောက်ဖော်ဆိုတာ ငါတို့ဘဲ'

ငါးမန်းစွယ်ဘီလူးကြီး ကွမ်စူးကဖြေလိုက်သည်။

ရန်လျူချင်းသည် မိမိတို့ကို ခွင့်လွှတ်ပါရန် ငါးမန်းစွယ် ဘီလူးကြီးကွမ်စူးအား တောင်းပန်လိုက်သည်။

ရန်လျူချင်း၏တောင်းပန်စကားများကို ကြားရသောအခါ ကွမ်စူးသည် ဟားတိုက်ရယ်မောလိုက်လေသည်။



'ဟား....ဟား....ဟား....ဟား ....ဟား....'

အားပါးတရ ရယ်မောပြီးနောက် တင်းမာ ပြတ်သားစွာလည်း ဆက်လက်ပြောဆိုလိုက်ပြန်သည်။

'ငါတို့ရောင်းရင်းရဲ့ နားရွက်တဖက်ကိုလဲ မင်းတို့ ဖြတ်ပစ်တယ်။ မင်းတို့ကိုလဲ ငါ နားရွက်တဖက် ပြန်ဖြတ်ပြီး အပြစ်ဒဏ်ပေးရလိမ့်မယ်။ ဒါကို သဘောတူကြသလား၊ သဘောမတူယင် မင်းတို့အသက်တွေ ဆုံးရှုံးရလိမ့်မယ်။ ဘယ်လိုလဲဟေ့ နားရွက်နဲ့အသက်ကို လဲကြမလား'

ကွမ်စူး၏စကားကြောင့် ရိလျှံသည် ရန်လျူချင်းမျက်နှာကို ကွက်ကနဲလှမ်းကြည့်လိုက်သည်။

ရန်လျူချင်းသည် ပြုံး၍ ကွမ်စူးအား တစုံတရာ စကားဆိုမည်အပြု လူအုပ်ကြားထဲမှ ခါးကုန်းအဖွားအိုကြီးသည် ရန်လျူချင်းနှင့် ရိလျှံတို့ရှေ့သို့ လွှားကနဲရောက်ရှိလာခဲ့လေသည်။

တဆက်တည်း အဖွားအို၏ အသံစူးစူး ကြီးကလည်း ထွက်ပေါ်လာသည်။

'ဟင်....ဒီက ကလေးတွေကို ရှင်ကြီးတို့က ဘာမဘာရားပြောရတာလဲ။ ရှင်ကြီးတို့ရဲ့လူကလွန်တာ။ ဒီကလေးတွေ ဘာမှလွန်တာမဟုတ်ဘူး။ အဖြစ်အပျက်ကို ကျုပ်အစအဆုံးမြင်ရတယ်....သိလားတော့'

အဖွားအိုကြီးကား အိုမင်းသလောက် အလွန် နှုတ်သီးကောင်းသည်။

အဖွားအိုကြီးစကားကြောင့် ငါးမန်းစွယ်ဘီလူးကြီး ကွမ်စူး

သည် ဒေါ်သာအမျက် ချောင်းချောင်း ထွက်သွားရ လေတော့သည်။

သူက အဖွားအိုကြီး ရှေ့သို့တလှမ်း တိုးတက်လိုက်၏။

'မသာမကြီး၊ ဒါ ခင်ဗျားအခရေးမဟုတ်ဘူး။ ခါးနှစ်ပိုင်း ပြတ်မသွားချင် ခတ်မြန်မြန်ထွက်သွားလိုက်စမ်း....'

'အောင်မယ်လေးလေး စမ်းကြည့်ကြပါအုံးတော်၊ ရှင်ကြီးတို့ ကျုပ်နံမယ်ကို မကြားဘူးကြဘူးမှတ်တယ်'

'ခင်ဗျားကြီးကဘာယ်သူလဲ မြန်မြန်ပြောစမ်း'

'မိုးထိတောင်က ဝမ်ဇီဖူးတဲ့တော့။ လောကမှာ နှစ်ဇီဖူး မရှိဘူး။ တဇီဖူးအဲရှိတယ်။ အကြောင်းသိချင့်ယင် စမ်းကြည့်ကြ။ ဒီကလေးနှစ်ယောက်ကိုတော့ မထိကြနဲ့တော့'

ငါးမန်းစွယ်ဘီလူးကြီးကွမ်စူးသည်ကား အလွန်စိတ်မြန်သူ ဒေါသမျက်မာန်ပြင်းထန်သူ။

မိမိ၏ဂုဏ်သိက္ခာကို ထိခိုက်ညှိုးနွမ်း စေသည်ဟု ယူဆလျှင် မိမိခေါင်းပေါ်မှ ဖြတ်မျှသွားသော ပျံလွှားငှက်ကလေးကိုပင် ချမ်းသာခွင့်ပေးရိုးထုံးစံမရှိ။ သည်မျှလောက် ရန်ညှိုးပြင်းထန်သည်။

'အပြောကြီးတဲ့ မသာမကြီး သေပေတော့'

ကွမ်စူးသည် သံမဏိငါးမန်းစွယ်ကြီးနှင့် အဖွားအိုဝမ်ဇီဖူး ခေါင်းတည့်တည့်သို့ ထက်ခြမ်းခွဲချလိုက်သည်။

'ချွမ်း....'

ဝမ်ဇီဖူးသည် လှုပစ္စာနောက်ကျမ်းပစ်၍ခုန်ထွက်သွားသည်။ ကွမ်စူး၏ ငါးမန်းစွယ်ကြီးမှာ အဖွားအို ဝမ်ဇီဖူးအား

ခေါင်မိုတဲ့ လမ်းပေါ်မှာင်းထားသည့် ကျောက်မြားကြီးကိုသာ အရှိန်ပြင်းစွာ ထိခိုက်ခုတ်မိသွားရလေသည်။

ရန်လျှူချင်းသည် အဖွားအို၏ ကျွဲအကွက် တကွက်ကို မြင်လိုက်ရသည်နှင့်ပင် အဖွားအို၏သိုင်းပညာကို ယုံကြည် စိတ်ချသွားရလေသည်။

ကွမ်စူး၏ခုတ်ချက်ကို ရှောင်နိုင်ရုံမျှသာမကသေး။ ပမာမခန့်လုပ်ကာ နောက်ကျွမ်းငင်ပြီး ပင် ထွက်ပြလိုက်သေးသည်။

'ဟား....ဟား....ဟား....ဟား....လာကြလေ၊ ဝင်ခဲ့ကြပါအုံး'

ငမ်ဇီဇူး၏ စကားသံဆုံး။

အရိပ်မည်းကြီးငါးခုတို့သည် အဖွားအိုကြီးအား လွှားကနဲ ပြေးပြီး ခုန်အုပ်လိုက်ကြသည်။

ငါးမန်းစွယ်ကြီး ငါးသက်တို့၏ အရောင်များက ဖွေးကနဲ ဖိတ်ကနဲ....ဝိုးကနဲ.... ဝင်းကနဲ

အဖွားအိုမှာ ခန္ဓာကိုယ်ငါးပိုင်းလောက် ပြတ်ထွက်သွားနိုင်သည်။

ပြေးပေါက် ခုန်ထွက်ပေါက် တို့ကိုပိတ်ဆို့၍ အပိုင်တိုက်လိုက်သည့် ရွှေကွန်ခြာဆင်ကာ ဖြန့်သိုင်းကွက်။

သို့တစေ ဖွားဖွားဝမ်ဇီဇူးသည် ကြောက်မက်ဖွယ် ငါးမန်းစွယ်ကြီးများအောက်တွင် ရုပ်ခန္ဓာနှင့် နာမ်ခန္ဓာ အိုးစားကွဲမသွား၊

အဖွားအိုသည် အချက်ပေါင်းများစွာ အုပ်မိုး ခုတ်ပိုင်းချလိုက်သော ငါးမန်းစွယ်ကြီးများအောက်မှ မည်သို့လွတ်မြောက်သွားသည်ကိုပင် မပြနိုင်ရန် ခက်ခဲလှပေတော့သည်၊

မြန်သိုက်ပါပေ့ ဖွားဖွားဝမ်ဇီဇူး။

ငါးမန်းစွယ်ဘီလူးကြီး ကွမ်စူးနှင့်တကွ သူ့ရောင်းရင်းဝတ်ရုံ မဲကြီးလေးယောက်တို့သည် သူတို့ငါးမန်းစွယ်ကြီးများအောက်သို့ အနေအထား ပုံစံအမျိုးမျိုးဖြင့် ငုံ့ကိုင်းကြည့်ယင်း ကြက်သေ သေနေကြသည်။ မလှုပ်မယှက်ကြီးတွေ ရှိနေကြသည်။

ကျောက်ရုပ်ကြီးများပမာ သစ်ငုတ်ကြီးများပမာ။

'လာ.... သားနဲ့သမီးကလေး။ ဖွားဖွားနောက်ကိုလိုက်ခဲ့ကြ။ ဖွားဖွား အကောင်ကြီးတွေကို မေ့ခကြာပိတ်ထားလိုက်ပြီ'

ရန်လျှူချင်းနှင့်ရိလျံတို့မှာ တအံ့တသြ ရှိသွားကြရသည်။

အဖိုးအိုငါဦးသည် မေ့ခကြာများပိတ်ထားခြင်း ခံခဲ့ရလျှင် သည်လို မတ်တတ်ရပ်ပုံစံကြီးမျိုးဖြင့် ရှိမနေသင့်။

တဦးပြီးတဦး မြေပေါ်သို့ ဘိုးကနဲဘိုင်းကနဲ လဲကျသွားတို့ ရာသာရှိသည်။

'အံ့သြမနေကြနဲ့ ကလေးတို့။ ပုံစံမပျက် မေ့ခကြာပိတ်တဲ့ ပညာကို ဖွားဖွားတတ်မြောက်ထားတယ်။ လာ.... လာ၊ သွားကြစို့။ ဒီအကောင်ကြီးတွေ နောက်ဘနာရီတိတိကြာမှပြန်ပြီး သတိရလာကြလိမ့်မယ်ကွယ်'

ဖွားဖွားဝမ်ဇီဇူးသည် ရိလျံ၏ လက်မောင်းသာလေးတဖက်ကို သွက်လက်စွာဆွဲ၍ ဓားလူအုပ်ကြီးအလည်မှဦးဆောင်၍ထွက်သည်။

ရန်လျှူချင်းသည် ဖွားဖွား ဝမ်ဇီဇူး၏ရှေ့သို့ ကျော်ဖြတ်တက်လိုက်သည်။ ပြီးနောက် ကာဆီးထားယင်းမှ....

'ကျွန်တော်တို့ကို သွားခွင့်ပြုပါဖွားဖွား။ ကျွန်တော်တို့မှာ

တစုံတယောက်နောက်ကို လိုက်လံရှာဖွေဘို့ အရေးတကြီး ရှိနေပါသေးတယ်'

အဖွားအိုက ဆေးချီးများတက်နေသဖြင့် မည်းနက်နေသော သွားတိုကလေးများပေါ်အောင် ပြုံးလိုက်လေသည်။

'ဟဲ...ဟဲ မင်းတို့ရှာနေတဲ့သူကို ဖွားဖွားသိပါတယ်ကွယ်။ ဖွားဖွားနဲ့သာ လိုက်ခဲ့ကြစမ်းပါ'

စိတ်အစဉ်မှ အတွေးရေစီးကြောင်းသည် ဖြတ်ကနဲ ရပ်တန့်သွားရသည်။

ချောင်းရေပြင်ကို ငေးစိုက် တွေးတောနေမိသော ရန်လျှချင်း။

မကွာဝေးလှလေသော အတိတ်မှဆုံဆည်းခဲ့ရသည့်ချစ်သောသူလေး ရိလျှံ၏မျက်နှာကလေးကို အတွေးအိမ်တွင် မြင်ယောင်နေဆဲဖြစ်သည်။

ရိလျှံနှင့်သူသည် ဤသို့ အဆန်းတကြယ် တွေ့ကြုံဆုံဆည်းခဲ့ရသည်။

အန္တရာယ်အကြား၊ ပြဿနာအကြားမှာပင် ချစ်သူတို့ဘဝသို့ရောက်ခဲ့ကြရသည်။

သူတို့နှစ်ဦး တွေ့ဆုံခဲ့ရသည့် အချိန်ကာလကား တိုတောင်းလွန်းလှသော်လည်း တဦးကိုတဦးမူ ရင်နှင့် နှလုံးသားနှင့်ထပ်တူညီမျှ ချစ်ခဲ့ မြတ်နိုးမိခဲ့ကြသည်။

ရန်လျှူချင်းထိုင်နေသည့် ကျောက်တုံးအပေါ်မှ အုပ်မြှာမိုးယှက်ထားသည့် မိုးမခပင်ကြီး၏ အရွက်များသည် တရှဲရှဲခါးဆိုးနေဆဲ ဖြစ်သည်။

ငှက်ကလေးများကလည်း တေးသီကျူးနေကြဆဲ။

စမ်းရေအလျှင်သည်လည်း ပလုံစီ မြည်ကြွေးသံကို ပြုနေဆဲ။

လေပြင်းပြင်းတချက် ဝှေ့၍တိုက်လိုက်သည်။

ချောင်းရေအလျင်တွင် ပူးကပ်ယှဉ်တွဲယင်း မြော ပါနေသောသစ်ရွက်ကလေးနှစ်ရွက်တို့သည် လေပြင်းကြောင့် တကွဲတပြားစီဖြစ်သွားကြရသည်။

သစ်ရွက်ကလေး နှစ်ရွက် ကွဲသွားရသည်ကို ကြည့်ယင်း ရန်လျှူချင်း၏ မျက်နှာသည် ရီဝေဆွေးမြေ့နေရာမှ ပို၍ညှိုးမှိုင်းလာခဲ့သည်။

ရှင်ထုတခု မျက်နှာကွဲသို့လည်း ငြိမ်သက်သွားရသည်။

စိတ်ထဲတွင် ထိခိုက်ခံစားနေရသည်။

ဟုတ်သည်။

သူနှင့်ရိလျှံတို့မှာလည်း သည်သစ်ရွက်ကလေးနှစ်ရွက်ကဲ့သို့။

ရန်လျှူချင်း၏ စိတ်အစဉ်များသည် အတိတ်ဆီသို့ ပြန်လည်လွင့်မြောသွားခဲ့ရပြန်သည်။

ရိလျှံနှင့် နောက်ဆုံးခွဲခွာခဲ့ရသည့် အန်စေးမြို့ဆီသို့။

အန်စေးမြို့ လူဝကြီးသုံးယောက် စားသောက်ဆိုင်မှအထွက်တွင် အမှတ်မထင် တွေ့ကြုံဆုံဆည်းရလေသည့် ဖွားဖွားဝမ်ဇီဇူး အမည်ရှိ အဖွားကြီးနှင့် သူတို့နှစ်ဦး လိုက်ပါသွားခဲ့ရသည်။

အဖွားအိုသည် ရိလျှံအဖွား၏အမည်ကို ထုတ်ဖော်ပြောပြ

သည်။ ပြီးနောက် ရိလျှံအဖွား၏ ရင်းချာသော မိဘ်ဆွေဖြစ်ကြောင်း ပြောပြသည်။

ရိလျှံ၏အဖွားသည် တစုံတခုသော လျှို့ဝှက်ချက်ကြီးတရပ်ကြောင့် တနေရာတွင် ပုန်းအောင်းနေရကြောင်းလည်း ပြောပြခဲ့သည်။

ထိုလျှို့ဝှက်ချက်ကြီး၏အဘွင်းရေးကို ဖွားဖွား ဝမ်ဇီဇူးလည်း သိထားသည်ဟု ဆိုပြန်၏။

ထိုစကားများကို ကြားရသောအခါ ရိလျှံရောရန်လျူချင်းပါ အဖွားအို၏စကားကို ယုံကြည်လက်ခံသွားကြသည်။

အဖွားအို ဝမ်ဇီဇူးက သူမအိမ်သို့လိုက်ခဲ့ရန်နှင့် သူမအိမ်သို့ ရိလျှံနှင့်ရန်လျူချင်းတို့ ရောက်သောအခါ ဖွားဖွားဝမ်ဇီဇူးသည် ရိလျှံ၏အဖွားကို ပုန်းကွယ်နေထိုင်ရာမှ ခေါ်ယူတွေ့ဆုံပေးမည်ဟု ပြောခဲ့သည်။

ထိုအဆိုကို ရန်လျူချင်းနှင့်ရိလျှံတို့ လက်ခံလိုက်ကြသည်။

အဖွားအိုကိုလည်း သူတို့နှစ်ဦး တလေးတစားပင် ယုံကြည်မိခဲ့ကြသည်။

မကြာမီ မြင်းရထားတစီးဖြင့် သူတို့သုံးဦးသည် အန်စေးမြို့အနောက်ပြင်ရှိ ဖွားဖွားဝမ်ဇီဇူး၏ အိမ်ခြံဝန်းထဲသို့ ရောက်ရှိလာခဲ့ကြ၏။

ဖွားဖွားဝမ်ဇီဇူး၏အိမ်မှာ မြေအုတ်များနှင့် ဆောက်လုပ်ထားသော တထပ်တိုက် အိုအဲလေးတလုံးဖြစ်၏။

ခြံထဲတွင် ပေါက်နေကြသည့် မြင့်ရှိဳင်းသော ဘစ်ပင်အုပ်အုပ်

ကြီးမျှားသည် တိုက်အိုကလေးကို သမ်းမကြီးပေါ်မှ မမြင်သာအောင် ဖုံးကွယ်ထားလေသည်။

ဖွားဖွားဝမ်ဇီဇူး၏ ယင်းတိုက်အိုကလေးအတွင်းသို့ ရန်လျူချင်းနှင့် ရိုလျံတို့နှစ်ဦး ရထားပေါ်မှဆင်းကာ ဝင်ရောက်လာခဲ့ကြသည်။

ဖွားဖွားဝမ်ဇီဇူး၏ တိုက်အိုကလေးတွင် အထူးလျှို့ဝှက်စွာ ပြုလုပ်ထားသော မြေအောက်ခန်းတခန်းရှိ၏။

ထိုအခန်းတွင်းသို့ ဖွားဖွားဝမ်ဇီဇူးသည် ရန်လျူချင်းနှင့် ရိုလျံတို့ကို ခေါ်ဆောင်လာခဲ့သည်။

ဖွားဖွားသည် ယင်းအခန်းထဲတွင် သူတို့နှစ်ဦးအားအရက်နှင့် စားသောက်ဖွယ်ရာများကို တည်ခင်း၍ ညှေခံသည်။

ရန်လျူချင်းသည် အခြားသော အိမ်သူအိမ်သားများကို လုံးဝမတွေ့ရသဖြင့် ဖွားဖွားကို မေးမြန်းကြည့်လိုက်မိသည်။

'ဒီမှာ ဖွားဖွားတယောက်ထဲဘဲ နေသလား'

'အေး.... ဖွားဖွားတယောက်ထဲဘဲ နေတယ်။ မင်းတို့နှစ်ယောက် ဖွားဖွားဆီမှာ ကြိုက်သလောက် လွတ်လွတ်လပ်လပ် နေနိုင်တယ်။ ဘာမှအားနာစရာမရှိဘူး။ ကြားလား။ ရိုလျံရဲ့ ဖွားဖွားကိုလဲ မနက်ဖန်မှာဘဲ ရှာဖွေပြီး တွေ့ဆုံပေးမယ်'

ထို့နောက် သုံးဦးသား အရက်ခွက်ကိုယ်စီနှင့် ပြစ်သွားကြသည်။

ဖွားဖွားဝမ်ဇီဇူးသည် အရက်အနည်းငယ်ကို တကြိုက်မျှ သောက်လိုက်သည်။ ပြီး.... တစုံတခုကို သတိရဟန်ဖြင့် အရက်ခွက်ကို စားပွဲပေါ်သို့ပြန်ချသည်။ ထိုင်ရာမှလည်းထလိုက်သည်။

'နေကြအုံး။ အခန်းထဲမှာ ဖွားဖွား အမွေးတိုင်ခတွ တွန်းလိုက်အုံးမယ်'

သွက်လက်ဖြတ်လတ်လွန်းလှသော ဖွားဖွားသည် အမွှေးတိုင် သုံးတိုင်ကိုယူဆောင်၍ အခန်းအပေါက်ဝတွင်တတိုင်၊ ရန်လျှ ချင်းနှင့် ရိလျံတို့ရှေ့မှကြေးဝါတိုင်တွင် နှစ်တိုင်ထွန်းလိုက်၏။

ပြီးလေမှ စောစောကနေရာတွင် ပြန်ထိုင်သည်။

နေရာကွင် နေသားတကျထိုင်မိလျှင် ဖွားဖွားသည် လူငယ် နှစ်ဦးနှင့်အတူ စကားစမြည်များကို ပြောဆိုနေလိုက်ပြန်သည်။

ထိုစဉ် မမြော်လင့်သောအဖြစ်အပျက်တရပ်က ဖြစ်ပွားလာသည်။

စားပွဲဘွင်ထိုင်နေသော ရိလျံသည် အကောင်းပကတိ ရှိနေ ရာမှ ရုတ်ဘရက်ပျော့ခွေလဲကျသွားသည်။

ရန်လျှုချင်း ရင်ထဲထိတ်သွား၏။

ထိုင်ရာမှ ဇတ်တနဲ့ထကာ လဲကျသွားသော ရိလျံ၏ လက် မောင်းတလေးများကို လှမ်း၍ဆွဲလိုက်သည်။

သူ့လက်ထဲတွင် ခွေခွေကလေးပါလာသောရိလျံကို မည်ကဲ့ သို့ဖြစ်ဖွားရကြောင်း စစ်ဆေး ကြည့်မည်ပြုရာ သူကိုယ်တိုင်ပင် ကြမ်းပြင်ပေါ်သို့ ထိုလဲကျသွားရသည်။

ခေါင်းထဲတွင် တရိပ်ရိပ်မူးဝေလာသည့်ဝေဒနာကို အပြင်း အထန်ခံစားရသည်။

မျက်လုံးများကို ကြိုးစားအားတင်း၍ ဖွင့်ကြည့်သည်၊ ဖွင့်၍ မရတော့ချေပြီ။

ကျယ်လောင်သော ရယ်မောသံကြီး တရပ်က သူ ကြမ်းပြင်ပေါ်သို့ လဲကျသွားစဉ် နောက်ဆုံးကြားလိုက်ရသည်။

'ဟား....ဟား....ဟား....ဟား....'

ထိုရယ်သံကြီးသည်ကား ဖွားဖွား ဝမ်ဇီဦး၏ ရယ်သံပင် ဖြစ်တော့၏။

မည်မျှကြာအောင် သတိမေ့မြောခဲ့ရသည်မသိ။

အသိတရား ခေါင်းထဲမှ ပြန်ဝင်လာ၍ နေရာမှ လူးလဲထပြီး ကြည့်ရှုလိုက်သောအခါ အဆန်းတကျယ် အံ့ဘွယ်လိလိ ဘရပ်ကို တွေ့ရှိခံစားလိုက်ရပြန်သည်။

ယင်းကား....အခြားမဟုတ်။

သူသည် သတိလစ်လဲကျခဲ့ရာ ဖွားဖွား ဝမ်ဇီဦး၏ မြေတိုက်ခန်းကလေးအတွင်းတွင် မဟုတ်တော့ဘဲ သပ်ယပ်သားနားခန့်ညားသော အခန်းတခုအတွင်းသို့ ရောက်နေခြင်းဖြစ်သည်။

လူဝကြီးသုံးယောက် တည်းခိုရိပ်သာမှ ဈေးအမြင့်ဆုံး ဖြစ်သည့် ပထမတန်းစားအခန်း။

အဘယ့်ကြောင့်သည်အခန်းတွင်းသို့သူရောက်နေရလေသနည်း။

သူသည် အခန်းထဲမှ တပျာတယာထွက်ကာ တည်းခိုရိပ်သာ အမှုထမ်းများအား မေးမြန်းစုံစမ်းကြည့်မိ၏။

တည်းခိုရိပ်သာအမှုထမ်းများက တည သူအရက်မူးနေစဉ် မိတ်ဆွေနှစ်ဦးက ချိုင်းမှတွဲ၍ လာရောက် ပို့ဆောင် သွားခဲ့ကြောင်း။ တပတ်စာ တည်းခိုခငွေကြေးများကိုလည်း ကြိုတင်ပေးသွင်းသွားခဲ့ကြောင်း သိရှိလိုက်ရသည်။

ရန်လျှူချင်းသည် ချက်ချင်းပင် မြင်းရထားတစီးကို ငှားကာ အနောက်ပြင်ရှိ ဖွားဖွား ဝမ်ဇီဇူး၏ တိုက်အိုကလေးရှိရာ ခြံဝန်းအတွင်းသို့ အရောက်လာခဲ့သည်။

တိုက်အိုကလေးတွင် ဖွားဖွား ဝမ်ဇီဇူးနှင့် ရိုလျှံတို့ မရှိကြတော့။

ဖွားဖွား ဝမ်ဇီဇူးသည် ရိုလျှံကို မည်သည့် အရပ်ဒေသသို့ ခေါ်ဆောင်သွားခဲ့လေသနည်း။

တိုက်အိုကလေးသည် လူနေထိုင်သွားခဲ့သည့် အရိပ်အယောင်ပင် မတွေ့ရ။

နောက်မှ ဤတိုက်အိုကလေးသည် တစ္ဆေခြောက်လွန်းသဖြင့် လူမနေရဲသည့်အကြောင်းကို စုံစမ်းသိရှိရသည်။

ရန်လျှူချင်းသည် ရက်ပေါင်းအတန်ကြာသည်အထိ ရိုလျှံနှင့် ဖွားဖွား ဝမ်ဇီဇူ တို့ကို လိုက်လံ ရှာဖွေခဲ့သည်။ နောက်ဆုံး မည်သို့မျှ စုံစမ်းရှာဖွေ မတွေ့ရှိရတော့သဖြင့် မွေးစား ဖခင်ကြီးရှိရာ ဆင်ဖန်မြို့သို့ ပြန်လာခဲ့ရသည်။

ဆင်ဖန်မြို့တွင် ခေတ္တခဏမျှ ပြန်လည်နားနေယင်း ရိုလျှံကို ဆက်လက်ရှာဖွေရန် ဆုံးဖြတ်ခဲ့သည်။

သူသည် ချောင်းစပ်တွင်ထိုင်နေသည်မှာ အချိန်အတန်လင့်ပြီဖြစ်သဖြင့် ထိုင်ရာမှထလာခဲ့လေသည်။

၂၂

ဆင်ဖန်မြို့တွင်းတွင် ပျော်ပွဲရှင်ပွဲများ၊ တီးမှုတ်ကခုန်ပွဲများ ဟိုတစု သည်တစုရှိနေကြပြီ။

မြို့စားကြီး ရန်တားထုန်၏ အကြောင်းသည်လည်း နေရာအနှံ့အပြားတွင် ပြောဆိုနေကြပြီ။

ရန်လျှူချင်းသည် မွန်ဂိုသူလျှိုများနှင့် ပတ်သက်သည့် လုပ်ရှားမှု၊ နတ်မိမယ်ခုနစ်ဖော်နှင့် ပတ်သက်သည့် လှုပ်ရှားမှုတို့ကို သတင်းယူစုံစမ်းနိုင်ရန် သုံးလေးရက်တာမျှ လှည့်လည်ရှောင်ထွက်ခဲ့သည်။

သူသည် ရုပ်ဖျက်မှုအပေါ်တွင် ကျွမ်းကျင်သူတဦး ဖြစ်သဖြင့် ကျေးလက် တောသား တဦးကဲ့သို့ ဝတ်ဆင်ခဲ့သည်၊ ဖန်တီးခဲ့သည်။ မူလ ပင်ကိုယ်ရုပ်ကိုပျောက်စေခဲ့သည်။

မည်သူမျှ သူ့ကို ရန်လျှူချင်းမှန်းမမှတ်မိတော့။

ယခု သူဆင်ဖန်မြို့တွင်းသို့ ပြန်လည်ဝင်ရောက်လာခဲ့ပြီ။

ခရီးထွက်ရာမှ ပြန်လာခဲ့ပြီ။

တီးမှုတ်ကခုန်ပွဲများကို သူတွေ့ရသည်။

ပျော်ပွဲရွှင်ပွဲများကို သူတွေ့ရသည်။

မြို့သူမြို့သားများ အမျိုးမျိုးဝေဖန် ပြောဆိုနေကြသည်ကိုလည်း သူကြားရသည်။

ထိုသူတို့ ဝေဖန်ပြောဆိုနေကြသည့်စကားများကို ကြားသိထောက်ရှုရခြင်းအားဖြင့် ရန်လျှုချင်း သိရှိရိပ်မိလိုက်လေပြီ။

ခရီးမထွက်မီက မွေးစားဖခင်ကြီး ရန့်တာထုန်သည် သူ့အား ကြင်ယာတော်အသစ် တင်မြှောက်မည့်အကြောင်း တိုင်ပင်ပြောဆိုခဲ့သည်။

ယခုအချိန်တွင်မူ မွေးစားဖခင်ကြီး၏ကြင်ယာတော်လောင်းသည် စံအိမ်တော်သို့ ရောက်ရှိနေပြီဖြစ်သည့်အကြောင်းပင်။

ပြီးနောက် မြို့စားကြီးသည် ပူပူနွေးနွေး ရောက်ရှိလာသည့် ကြင်ယာတော်လောင်းနှင့်ယှဉ်တွဲကာ မြို့သူမြို့သများ ကြည့်ရှုမြော်နိုင်ရန်မြို့တွင်းသို့ညနေပိုင်းအလှည့်လည်ပြီးခဲ့ပြီဖြစ်သည်။

ကြင်ယာတော်လောင်းကို မြို့သူ မြို့သားများ မြင်သာအောင် ပြသပြီးခဲ့လေပြီ။

အသစ်သော မြို့စားကတော်အဖြစ် ကြေငြာပြီးခဲ့လေပြီ...။

'ဟာကွာ....မြို့စား ကတော် လောင်း က ခတ်ငယ်ငယ်လေးရယ်....၊ဒို့မြို့စားကြီးကတော့ သင်းချိုင်းတောင်ခြေတဖက်လှမ်းနေပြီ။ ပြီးတော့.... မိန်းကလေးရဲ့ ရုပ်ရည်က လှပချောမွေ့သလောက် အရုပ်ဆိုး အကျည်းတန်လှတဲ့ မြို့စားကြီးနဲ့ ဘယ်လိုမှ ကြည့်လို့မလိုက်ပါဘူးကွာ....'

'ဒီလိုတော့ မဥပြာနဲ့ဗျ…။ ကြီးယင်မို့ ပေယ်ယင်ချိ ဆိုတဲ့ စကားလဲ အရှိသားဘဲ မဟုတ်လား။ ပြီးတော့ မြို့စားကြီးမှာက အာဏာတို့ ဂုဏ်တို့၊ ပစ္စည်းဥစ္စာတို့ရှိနေသေးတော့ ဒီမိန်းကလေး အနေနဲ့ ဒါကိုဘဲ မက်မောပြီး မြို့စားကတော်ဖြစ်ချင်လို့နဲ့တူပါ တယ်'

'အိမ်း….ဟုတ်မှာဘဲကွ။ မြို့စားကြီးနှင့် ယှဉ်တွဲပြီး ထိုင်သွား တဲ့မိန်းကလေးရဲ့ မျက်နှာကိုကြည့်ရတာ ရွှင်မြူးနေတာဘဲ….၊ မြို့စားကြီးနဲ့လက်ထပ်ရမှာကို မိန်းကလေးကိုယ်တိုင်က မက်မော နှစ်ခြိုက်နေတဲ့ပုံမျိုးဘဲ။ ဒါနဲ့ အဲဒီမိန်းကလေးရဲ့နံမည်က ဘယ် သူတဲ့တုန်း….'

'ခင်ဗျားကလဲဗျာ….တမြို့လုံး အုဘ်အော် သောင်းနင်း ဖြစ် နေတာတောင် မသိဘူးလား။ မိန်းကလေးရဲ့နံမယ်က မြကြာဖြူ တဲ့ဗျ…မြကြာဖြူတဲ့….'

(မှတ်ချက်။ ။မိန်းကလေး၏အမည်မှာ တိုက်ရိုက်မြန်မာပြန်လျှင် ကျောက်စိမ်းဖြင့် ပြုလုပ်ထားသော ကြာပန်းဖြူဟု အဓိပ္ပါယ်ရ ပါသည်။ ဤသည်ကို မြန်မာလိုဆီလျော်အောင် မြကြာဖြူဟု ပြန်ဆိုထားပါသည်။)

'ဟာ… ဒါကတော့ ငါသိတာပေါ့ကွ၊ ဒါက ဒီရောက်မှ ကြွင်ယာတော်ခလောင်းအဖြစ် ဘွဲ့မည်သတ်မှတ်ကြေငြာခတဲ့နံမယ် ဘဲ။ ငါမေးတာက မိန်းကလေးရဲ့ နံမယ်အရင်း'

'ဒါတော့ ဘယ်သိမလဲဗျ။ သိချင်ယင် မြို့စားကြီးကိုကိုယ်တိုင် သွားမေးပါတော့လား'

မြို့ဘွင်းတခုနားရှာတွင် လူကြီးဘဦးနှင့် လူငယ်တယောက်တို့

ပြောဆိုနေသည့် စကားများကို ကြားရသဖြင့် ရန်လျှူချင်းသည် သူ့မွေးစားဖခင်ကြီး၏ ကြင်ယာတော်လောင်းအမည်ကို သိရှိလိုက်ရပါလေပြီ။

မြကြာဖြူ။

မြကြာဖြူတဲ့။

ပြီး ငယ်ငယ်ရွယ်ရွယ် ချောချောလှလှတလေး ဆိုပါတလား။

ရုပ်လှသလို စိတ်ထားလည်းလှပါစေ ဟူ၍သာ ရန်လျှူချင်း ဆုတောင်းမိသည်။

မည်သို့ပင်ဖြစ်စေ။

မိမိ၏ မွေးစားဖခင်ကြီး မြတ်နိုးစွာပေါင်းသင်းမည့် မြကြာဖြူ အမည်ရှိ မိန်းကလေးကို သူတလည်း သင့်မြတ်အောင် ဆက်ဆံမည်ဟု ဆုံးဖြတ်လိုက်သည်။

ကြင်ယာတော်လောင်း ကြေငြာပွဲအတွက် မြို့စားကြီးရန့်တစ ထုန်သည် ဆင်ဖန်မြို့ဇတွင်းတွင် ပျော်ပွဲရွှင်ပွဲများ ကျင်းပစေခဲ့သည်။

တမြို့လုံးခနရာအနှံ့ ပွဲလမ်းသဘင် တခုန်ပွဲများဖြင့်စည်ကား သိုက်မြိုက်နေသည်။

ရန်လျှူချင်းသည် စံအိမ်တော်ကြီးအနီးသို့ ရောက်ရှိလာခဲ့လေသည်။

အိမ်တော်ဝန်းကျင်တခုလုံး ပဒေသာရောင်စုံမီးများထိန်လင်းတောက်ပစွာ ထွန်းညှိထားသည်။

အိမ်တော်မှာသာမက စံအိမ်တော်၏ ဝန်းတံတိုင်း နံရံများတွင်လည်း ရောင်စုံပိုးမီးပုံးများကိုလှပစွာထွန်းညှိထားလေသည်။



ရန်လျှူချင်းသည် စံအိမ်တော်ရှေ့သို့ ရောက်လာသည်။

စံအိမ်တော်တံခါးဝတွင် စောင့်ကြပ်နေကြသည့် အစောင့်များ မှတ်မိစေနိုင်သည့် လျှို့ဝှက်အချက်ပြမှုမျိုးကို ပြုလိုက်သည်။

အစောင့်အကြပ်များသည် ရုပ်ဖျက်ထားသော သူ့အား ရန်လျှူချင်းမှန်းသိရှိပြီး တံခါးဖွင့်ပေးလိုက်ကြသည်။

ရန်လျှူချင်း မည်သူနှင့်မျှမတွေ့သေးဘဲ သူ့အခန်းဆောင်ဆီသို့ အရောက်လာခဲ့သည်။

ခန္ဓာကိုယ်ပေါ်မှ ရုပ်ဖျက်ထားမှုများကိုဖယ်ရှားလိုက်သည်။

ရေမိုးချိုး ကိုယ်လက်သန့်စင်သည်။

ပြီးနောက် ဝတ်ကောင်းစားလှများကို လဲလှယ်ဝတ်ဆင်လိုက်သည်။

ယခုအချိန်လောက်ဆိုလျှင် မွေးစားဖခင် မြို့စားကြီးသည် သူ၏ကြင်ယာလောင်းကလေးနှင့် ပျော်ရွှင်ချမ်းမြေ့မှုကို ရနေမည်ဖြစ်သည်။

သူစုံစမ်းထောက်လှမ်း ရရှိလာသည့် သတင်းများ ပြဿနာများကို မတင်ပြလိုသေး။ မပြောဆိုလိုသေး။

ပျော်ရွှင် ကြည်နူးနေသော မွေးစားဖခင်ကြီး၏ စိတ်ကို အနှောက်အယှက်ဖြစ်မသွားစေလိုပေ။

သူစုံစမ်းရရှိထားခဲ့သည့် သတင်းများကို ခေတ္တ ဆိုင်းငံ့ထားပြီး မွေးစားဖခင်ကြီး၏ အရိပ်အခြေကိုကြည့်ကာ ပြောဆိုရန် ဆုံးဖြတ်လိုက်လေသည်။

ရန်လျှူချင်းသည် သူ့အခန်းဆောင်မှ ထွက်ခဲ့၏။

မြို့စားကြီးအဆောင်တော်တက်သို့ ကူးခဲ့သည်။

စံအိမ်တော် ဝန်းကျင်တစ်ဝိုက်တွင် အမှုထမ်းများ ပျော်ပွဲ ရွှင်ပွဲကြောင့် သောက်စားမူးယစ်နေကြသလောက် စံအိမ်တော် အတွင်းတွင် လူသူသိပ်မရှိလှ။

ညွှန့်မန်းဆောင် အတွင်းမှာပင် အစောင့် အနည်းငယ်နှင့် အဆောင်မှူးတဦးသာ ရှိနေသည်။

အဆောင်မှူးသည် ရန်လျှူချင်းဝင်လာသည်ကို မြင်လိုက်ရသည်နှင့် ထိုင်ရာမှ ထ၍ရပ်ကာ ဦးညွှတ်အရိုအသေပြုသည်။

'မြို့စားကြီးအာ သခင်ကလေး ပြန်မလာသေးဘူးလား။ ပြန်မလာသေးဘူးလားနဲ့ တမေးထဲမေးနေတာ။ ညနေကထဲကပါဘဲ။ သခင်ကလေး ပြန်ရောက်လာလာခြင်း လွှတ်လိုက်ဘို့ကိုလဲ မိန့်မှာထားပါတယ်'

'အခု ဘာဘာဘယ်မှာရှိနေသလဲ အဆောင်မှူး'

'လသာဆောင်မှာ ရှိနေပါတယ် သခင်ကလေး။ အဲ... ဒါပေမယ့် မြို့စားကြီးတဦးထဲမဟုတ်ပါဘူး။ ကြင်ယာတော်လောင်း မြကြာဖြူလဲ အတူတကွ ရှိနေပါတယ်'

'ဒါဖြင့် ဘာဘကို ကျုပ် မနက်ကျမှဘဲ တွေ့ပါတော့မယ်လေ။ သောလောအဆယ်တော့ စားသောက်ဆောင်မှာ ညစာသွားစားမယ်။ တကယ်လို့ ဘာဘက တွေ့ဘို့ လိုအပ်တယ် ဆိုယင်တော့ အကြောင်းကြားပေါ့'

'မှန်ပါ... မြို့စားကြီးကတော့ မှာထားပါတယ် သခင်ကလေး'

'ဘယ်လိုများ မှာထားသလဲ အဆောင်မှူး'

'သခင်လေး ဘယ်အချိန်တဲ ရောက်လာမှောက်လာ အချိန်မရွေး လာတွေ့စေလိုပါတယ်တဲ့'

'ကောင်းပြီလေ၊ ဒီလိုဆိုယင်လဲ ကျုပ်ဘာဘာဆိုကိုတဲ အရင်သွားလိုက်ပါတော့မယ်'

ရန်လျှုချင်းသည် လသာဆောင်ဘက်သို့ထွက်ခွာလာခဲ့သည်။

မွေးစားဖခင် မြို့စားကြီးအနေဖြင့် မိမိကို တွေ့လိုနေသည့်အကြောင်း ရန်လျှုချင်း စဉ်းစားလိုက်မိသည်။

သူနှင့်မြကြာဖူးကို ခဆလျင်စွာ တွေ့ဆုံစေချင်သည်။

မွေးစားသား ဖြစ်သူနှင့် ကြင်ယာတော် လောင်းတို့အား သင့်မြတ်စေချင်သည်။

ကြင်ယာစတော်လောင်းနှင့် မွေးစားသားတို့ သင့်မြတ်မှ မြို့စားကြီးအနေဖြင့် စိတ်ဝမ်းချမ်းသာနိုင်မည်။

လသာဆောင်တံခါးဝတွင် အစောင့်နှစ်ဦးတို့ စောင့်ကြပ်နေကြသည်။

ရန်လျှုချင်းလာနေသည်ကို မြင်လိုက်ရသည်နှင့် အရိုအသေပြုလိုက်ကြသည်။ တံခါးဖွင့်ပေးလိုက်ကြသည်။

ရန်လျှုချင်းသည် လသာဆောင်အတွင်းသို့ဝင်လိုက်၏။

အတွင်းဘက်တွင် လသာဆောင်ခန်းမနှင့် တံခါးဝအားပိတ်ပြီး ကာထားသည့် ပိုးခန်းဆီးလိုက်ကာကြီး ရှိနေသည်။

ရန်လျှုချင်းဝင်လာစလျှင်ဝင်လာခြင်း အခန်းတွင်းသို့မမြင်ရသေး။

ခန်းဆီးနှင့်တံခါးဝ အကွာအဝေးသည် ဆယ်ခပေခန့် ခြ း သည်။

ခန်းဆီးရှိရာသို့ ရန်လျှိုချင်းလျှောက်လှမ်းလာနေစဉ် လွှင်ချိုသော ရယ်မောသံအလေးတရပ်ကို ကြားလိုက်ရသည်။

မြို့စားကြီး ရန်တာထုန်၏ရယ်သံကပါ ပေါ်ထွက်လာသည်။

'မြကြာဖြူလို့ပေးထားတဲ့ ဘွဲ့အမည်ကိုသဘောကျရဲ့လား ကွယ်'

ရယ်သံနှင့်အတူ မြို့စားကြီး၏ စကားသံပါ ထွက်ပေါ်လာသည်။

'အရှင်နှစ်ချိုက်လို့ပေးထားတဲ့ဘွဲ့အမည်ကို ကျွန်တော်မျိုးမ အနေနဲ့ နှစ်ချိုက်ရမှာပါအရှင်'

မြကြာဖြူ ပြန်ပြောလိုက်သည့်စကားသံလည်း ထွက်ပေါ်လာသည်။

ရန်လျှိုချင်း၏ရင်ထဲ ထိတ်ကနဲဖြစ်သွားရသည်။ တုန်လှုပ်ချောက်ခြား၍လည်းသွားရသည်။

အို့....ဘုရား... ဘုရား။

ခန်းဆီးစကို ဖယ်ရှားရန် လှမ်းထားသည့်လက်ပင် တန့်သွားရ၏။

'ဒီအသံဟာ ရိလျှံရဲ့အသံကလေးနဲ့ တူလှချည်လား'

ရန်လျှိုချင်းသည် အံ့ဩသောစိတ်ဖြင့် ခန်းဆီးကို ဆွဲမဖယ်ရှားလိုက်သည်။

ခန်းဆီးနောက်ကွယ်မှ ခေါင်းပြူပြီး အသာအယာ ချောင်းကြည့်လိုက်မိသည်။

မြို့စားကြီးသည် သူ့ဘက်သို့ ကျောခိုင်းထိုင်နေလေသည်။

မြို့စားကြီး၏မျက်နှာချင်းဆိုင်တွင် မြကြာဖြူ ထိုင်နေလေသည်။



အခန်းတွင်းကူ မီးရောင်ကို ထိန်ဝင်းစွာ ထွန်းညှိထားသည်။

သို့မို့ကြောင့် မြကြာဖြူ၏ မျက်နှာလေးကို ရန်လျှိုချင်း ထင်ထင်ရှားရှား တွေ့လိုက်ရသည်။

တွေ့လိုက်ရသည်နှင့်တပြိုင်နက် သူ့မျက်လုံးပြူးသွားရသည်။ ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။

'ဟာ....ရိ....ရိလျှံ....'

အာမေဍိတ် ကျယ်လောင်စွာ ထွက်မသွားရန် မနည်းထိန်းထားလိုက်ရသည်။

ကြမ်းပြင်ပေါ်ရပ်နေသည့် သူ့ခြေအစုံ တဆတ်ဆတ်တုန်သွားရသည်။ ရင်ထဲတွင်လည်း ဘလောင်ဆူသွားရ၏။

'အို...ရိလျှံ မဟုတ်နိုင်ပါဘူး၊ တူသို့ဖြစ်မှာပါ။ ဘယ်နည်း ရိလျှံ မဖြစ်နိုင်ဘူး....'

ရန်လျှိုချင်းသည် စိုးရိမ်မှုများကို အတင်း ချေဖျက်ပစ်လိုက်သည်။

နတ်မိမယ်ခုနစ်ဖော်အုပ်စုထဲတွင် ရိလျှံနှင့် အလွန်တူသည့် စားနှစ်လက်ကိုင် မိန်းကလေး ကျန်းကျန်းကို သူကြုံဘူးဆုံခဲ့ဘူးသေးသည်မဟုတ်လား။

လောကတွင် လူတူမရှား နာမည်တူ မရှားတွေ များစွာရှိသည်။

သူမမြင်ရသောဘက်ဆီမှ စကားသံပေါ်လာသည်။

ထိုစကားသံကြောင့် ရန်လျှိုချင်းအတွေးများ ပျက်သွားရသည်။

‘အရှင် မြို့စားမင်းကို ကျွန်တော် လျှောက်တင်ပါရစေ’

‘ဆို....မောင်မင်း’

‘ကျွန်တော့်အနေနဲ့ မြို့စားမင်းရဲ့ဆန္ဒကို ဖြည့်စွက်ပေးခဲ့ပြီးပါပြီ။ ကျွန်တော့်အတွက်လဲ မြို့စားမင်းရဲ့ ကတိအတိုင်း ဆောင်ရွက်ပေးစေလိုပါတယ်....’

‘အို....စိတ်ချစမ်းပါလေ၊ ဖြစ်ရပါစေ့မယ်’

မြို့စားကြီး ရန့်တာထုန်က ဂတိအပြည့်အဝ ပေးသည်။

ရန်လျှုချင်းသည် သူမမြင်ရသော ထိုအသံရှင်ကို မြင်ရအောင် လှမ်း၍ကြည့်လိုက်သည်။

မြင်လိုက်ရပါပြီ။

ထိုသူ၏မျက်နှာကို မြင်လိုက်ရတော့ ရန်လျှုချင်း အသဲနှလုံးတွေ ပြောင်းပြန်လန်ကုန်ရော့သလားဟုပင် မှတ်ထင်လိုက်ရသည်။

ဦးခေါင်းသည်လည်း မူးဝေနောက်ကျိကာ ချာချာလည်သွားသည်။

ထိုသူသည် မြို့စားကြီး၏လက်ဝဲဘက်တွင် ကုလားထိုင်တလုံးနှင့် ထိုင်နေသည်။

ရန်လျှုချင်းနှင့် ဘေးတိုက်အနေအထား။

သို့သော်....ထိုသူ့မျက်နှာကို ရန်လျှုချင်း ကောင်းကောင်းကြီးမှတ်မိသည်...။

သူသည်ကား ကွယ်လွန်သွားခဲ့သည့် ရန်လျှုချင်း၏ သေးသောက်ရောင်းရင်း ရိဝှမ်းလင်နှင့် ရိလျှံတို့၏ ဦးရီးဖြစ်သူ ရိပတ်ဖုပင်တည်း။



သို့ဆိုလျှင် ခန်းနားထောက်ပြောင်သော ဝတ်စားတန်ဆာများနှင့် မိုးနတ်မယ်တမျှ လှပချောမောနေသည့် မြကြာဖြူ အမည်ရှိမိန်းကလေးမှာ ရိလျှံမှလွဲပြီး အခြား မည်သူမည်ဝါမျှမဖြစ်နိုင်တော့ပါ။

ဘုရား....ဘုရား။

မြတ်စွာဘုရား ကယ်တော်မူပါ။

ကွမ်ယင်မယ်တော်သခင်မ ကယ်တော်မူပါ။

အနေအထားကား အဘယ်ကဲ့သို့များ ဖြစ်ကုန်ကြပါလေပြီနည်း။

ရန်လျှုချင်း ဦးနှောက်များ ချာချာလည်ကုန်ရပါပြီ။

သူချစ်သော ရိလျှံ။

သူမြတ်နိုးရပါသော ရိလျှံ။

ယခု မွေးစားဖခင်ကြီး ရန့်တာထုန်၏ကြင်ယာတော်လောင်းအဖြစ်သို့ ရောက်ရှိနေလေပြီ။

ရိလျှံ၏ဦးလေး ရိပတ်ဖုသည် အဘယ်ကဲ့သို့ မိမိမွေးစားဖခင်ကြီး ရန့်တာထုန်နှင့် အဆက်အသွယ်ရခဲ့ပါသနည်း။

ရိလျှံကလည်း အဘယ့်ကြောင့်သည်နေရာသို့ မိမိမွေးစားဖခင်ကြီး၏ကြင်ယာဘော်လောင်းအဖြစ် ရောက်ရှိလာခဲ့ရပါသနည်း။

မိမိအား အမွေးတိုင်များဖြင့် အိပ်မွေ့ချကာ အန်စေးမြို့မှ ရိလျှံကိုခေါ်ဆောင်သွားသည့် အဖွားအိုကြီး ဝမ်ဇီဇူးသည်လည်း အဘယ်အရပ်သို့ ရောက်ရှိသွားခဲ့လေပြီနည်း။

ရိလျှံနှင့် သူမ၏ဦးလေး ရိပတ်ဖုတို့ မည်ကဲ့သို့ ပြန်လည်ဆုံဆည်းခဲ့ကြလေသနည်း။

ပြဿနာများကား ရှုပ်ထွေးပွေလီလှန်းလှ၏။

ရှုထွေးပွေလီရသည့်အထဲတွင် တခုသော အချက်တရပ်က လည်းရှိနေသေးသည်။

အရှေ့နဂါးမင်းတောင်ပေါ်တွင် ရိလျှံအား သွားရောက်ဧယ်တင်စဉ်က သူနှင့် မျောက်တရာတောင်မှ ဦးလူပုတို့ ယှဉ်ပြိုင်ကြရာ....။

ဦးလူပုသည် အနိုင်ဘက်က ရှိနေပါလျက်သားနှင့် ထွက်ပြေးသွားခဲ့သည်။

ဤသည်မှာလည်း လျှို့ဝှက်နက်နဲသော ပြဿနာတရပ်ပင်။

## ၂၆

လိုက်စာ နောက်ကွယ်မှ ရန်လျူချင်း တိုတ်ဇဆိတ်ကြည့်ရှုနေစဉ် မြကြာဖြူအမည်ခံ ရိလျှံ၏လှွင်စီသောအသံကလေးက ထွက်ပေါ်လာခဲ့ပြန်သည်။

ရန်လျူချင်း ခန်းဆီးနောက်သို့ သူ့ခေါင်းကို ပြန်ကွယ်ယင်း နားစွင့်လိုက်သည်။

'အရှင့်ကို တခုတောင်းပန်ပါရစေ'

'ဘာများပါလိမ့် မြကြာဖြူ'

'ဗိုလ်ပါ အရှင်။ လက်ထပ်ထိမ်းမြားပွဲကို နောက်သုံးလ်လွန်မြောက်ပြီးတဲ့နေ့မှာ ကျင်းပစေဘို့ပါ'

'အို....ဘာ့ကြောင့်များလဲကွယ့် မိန်းမလေးရဲ့'

'ကျွန်တော်မအာနေနဲ့ အပျိုစင်ဘဝနဲ့ သုံးလလောက်တော့ လွတ်လွတ်လပ်လပ်နေချင်ပါသေးတယ်အရှင်....။ ပြီးတော့လဲ အရှင်နဲ့အခုမှ တွေ့ကြုံရတာမဟုတ်လား'

‘ကောင်းပြီလေ၊ ဘာဘဲဖြစ်ဖြစ် မိန်းကလေးရဲ့ တောင်းဆိုမှုကို ကျုပ်လိုက်လျောလိုက်ပါတယ်။ တမြို့လုံး သိအောင်လဲ ကြေငြာထားပြီးပြီဘဲ။ မိန်းကလေးဆန္ဒအတိုင်း နောက်သုံးလကြာမှဘဲ လက်ထပ်ပွဲလုပ်ကြတာပေါ့။ သုံးလပြည့်ပြီးတဲ့ နောက်ပိုင်းသာ ရက်ထပ်မရွှေ့စေလိုဘူး’

‘စိတ်ချတော်မူပါအရှင်၊ ဒါ့ထက် အရှင့်မှာ မွေးစားသား တယောက်ရှိတယ်လို့ကြားသိထားရပါတယ်။ အခု အချိန်အထိလဲ မမြင်မတွေ့ရသေးပါလား’

‘မကြာခင်တွေ့ရပါလိမ့်မယ်။ သူဟာ မွေးစားသား ဖြစ်ပေမယ့် ကျုပ်အပေါ် ဖခင်အရင်းတမျှ ချစ်ခင်ရိုသေရှာပါတယ်’

‘သူက ကန့်ကွက်မှာ မဟုတ်ပါဘူးနော်’

‘အို....သူက မကန့်ကွက်ပါဘူး၊ ဝမ်းမြောက် ဝမ်းသာနဲ့ တောင် ကျေနပ်မှာပါ။ မိန်းကလေးကိုတွေ့ယင်လဲ သူ့အနေနဲ့ ခင်မင်မှာပါ။ အခုတော့ဘယ်များခရီးလွန်နေတယ်မဆိုနိုင်ဘူး...’

ရန်လျူချင်းသည် ခန်းဆီးနောက်ကွယ်မှထွက်ပြီး ရိလျံနှင့် မျက်နှာချင်းဆိုင်ရန် စိတ်ကူးလိုက်မိသေးသည်။

သို့တစေ သူနှင့် ရိလျံတို့၏ အဖြစ်မှန်ကို သိရကာစ အရှက်ရမည့် မွေးစားဖခင် မြို့စား၏မျက်နှာကို မြင်ယောင်လာမိသည်။

ယခုလို မစဉ်းစား မဆင်ခြင်ဘဲ ဖြုန်းစားကြီး မျက်နှာချင်းဆိုင်၍ မဖြစ်သေး။

ရိလျံသည် စံအိမ်တော်တွင် အမြဲရှိနေတော့မည်။

သူ့အနေဖြင့် တကိုယ်တည်းတွေ့နိုင်အောင် ကြိုးစားသည်က ပို၍ အဆင်ပြေလိမ့်မည်။



ထိုအခါမျိုးကျမှသာ သစ္စာမဲ့သည့် ရိလျံကို သူ့ရင်ထဲမှ နာကျည်းမှုများ ဖွင့်ဟပြောကြားတော့မည်။

ယင်းအတွေးဖြင့် ရန်လျူချင်းသည် တံခါးဝဆီသို့ပြန်လှည့်လာခဲ့သည်။

မွေးစားဖခင် မြို့စားကြီးနှင့် ကြည်နူးရွှင်ပြစွာ ပြောဆိုနေသော ရိလျံ၏စကားသံတို့ကို နားဝယ်မကြားလိုတော့။

ရန်လျူချင်းသည် လသာဆောင်မှ ထွက်ခဲ့ပြီး သူ့အိပ်ခန်းဆောင်သို့ တန်းလာခဲ့သည်။

သူ့ဝမ်းထဲတွင် မည်သည့်အစားအသောက်မျှမရှိသော်လည်း တင်းကြပ်ထန်ပြင်းသော ရင်တွင်းခံစားချက်ကြောင့် မည်သည့် အစားအသောက်ကိုမျှမစားလိုတော့။

အိပ်ခန်းထဲသို့အရောက် တံခါးကို အလုံပိတ်သည်။

အိပ်ယာပေါ် ပစ်လှဲချလိုက်သည်။

ချစ်ရသော ရိလျံ၏ လဝန်းမျက်နှာဝါဝါကလေးက သူ့အာရုံတွင် တရစ်ရစ် တဝဲဝဲ။

ရိလျံ၏အကြောင်းများကို တွေးနေသည့် ရန်လျူချင်း။

အိပ်ယာပေါ်တွင် တလူးလူး တလိမ့်လိမ့်ဖြင့် အတွေး သံသရာလည်နေစဉ် အခန်းတံခါးခေါက်သံက ထွက်ပေါ်လာသည်။

‘ဒေါက်....ဒေါက်....ဒေါက်....ဒေါက်’

‘လူကလေး....ရန်လျူချင်း’

တံခါးခေါက်သံနှင့်အတူ မြို့စားကြီးရန့်တာထုန်၏ အသံကပါ ထွက်ပေါ်လာသည်။

ရန်လျူချင်း အိပ်ယာထဲမှ ဆတ်ကနဲ ထထိုင်ရသည်။

တံခါးကိုဖွင့်ပေးရန် မေ့နေ၍ ဖြစ်နေသည်။

မြို့စားကြီးနှင့်အတူ ရှိလျှံပါပါလာသော ပါ အခက်။

ခံစားမှုပြင်းထန်နေသော သူသည် ယခုလို အချိန်မျိုးတွင် ရှိလျှင်နှင့် မျက်နှာချင်းမဆိုင်လိုသေး။

'လူအလေး အိပ်ပျော်နေပြီလား။ မအိပ်သေးယင် တံခါး ဖွင့်ပေးစမ်းပါအုံးကွယ့်'

'ဒေါက်....ဒေါက်....ဒေါက်....ဒေါက်'

မြို့စားကြီးသည် အခန်းအပြင်မှခေါ်လိုက်၊ တံခါးခေါက် လိုက် လုပ်နေသည်။

ရန်လျှုချင်း တံခါးရှက်ဆီသို့ ခြေဖေါ့လျှောက်သွားသည်။

အပြင်ဘက်သို့ နားစွင့်လိုက်ရုံဖြင့် မြို့စားကြီးတဦးတည်းသာ ဖြစ်ကြောင်း သိရှိလိုက်သည်။

ထို့ကြောင့် တံခါးဖွင့်ပေးလိုက်ရ၏။

မြို့စားကြီးရန့်တားထုန်သည် ရှန်းဝေစွာပြုံးယင်းရန်လျှုချင်း ၏ အိပ်ခန်းဆောင်အတွင်းသို့ လှမ်းဝင်လာခဲ့သည်။

ရန်လျှုချင်းက တံခါးကို ပြန်ပိတ်လိုက်ရသည်။

'လူအလေး အိပ်ပျော်နေသလားကွယ်'

'အိပ်မပျော်သေးပါဘူး ဘဘ'

ရန်လျှုချင်းသည် မြို့စားကြီးကျောနောက်မှ အသာလိုက် လာယင်း ပြန်ဖြေလိုက်သည်။

မြို့စားကြီးသည်ကုလားထိုင်တလုံးထက်တွင်ဝင်၍ထိုင်လိုက်၏။

ရန်လျှုချင်းမှာမူ မွေးစားဖခင်ကြီးနှင့် မျက်နှာချင်းဆိုင်ရ မည်ကို စိတ်ထဲတွင် တမျိုးဖြစ်နေသည်။



ထို့ကြောင့် မြို့စားကြီးနှင့် မလှမ်းမကမ်းရှိ ပြတင်းပေါက် နားတွင် သွား၍ ရပ်နေလိုက်သည်။

ပြတင်းပေါက်ကို ဖွင့်လိုက်သည်။

သင်းပျံ့အေးမြသော ညဥ့်လေက တညှင်ညှင် တိုးဝင်လာ သည်။

လဝန်းသာသောည ဖြစ်သော်လည်း မြူနှင်းတို့က ဝေရီ ဆုံ့ဆိုင်းနေသည်။

သို့မို့ကြောင့် ညဥ့်မှာ မှုံမှိုင်းနေရပါ၏။

'လသာဆောင်ကနေပြီး လူကလေးအလာကို ဘဘစောင့် နေခဲ့တယ်။ ဘာ့ကြောင့် ရောက်မလာခဲ့ရတာလဲ'

ရန့်တားထုန်၏မေးမြန်းသံသည် တိတ်ဆိတ်မှုကို ထွင်းဖောက် ပြီး ထွက်ပေါ်လာခဲ့ပြီ။

'ဖြစ်ပေါ်နေတဲ့ အရေးအခင်းတွေနဲ့ပတ်သက်လို့ ကျွန်တော် နေရာဒေသအတော်များများ သဘင်းစုံစမ်း ထောက်လှမ်းသွား ခဲ့ပါတယ်ဘဘ။ ဒါ့ကြောင့်ခရီးကလဲပန်း၊လူကလဲနွမ်းလာတာနဲ့ ဘဘဆီကို ရောက်မလာခဲ့တာပါ'

ရန်လျှုချင်းသည် အဆင်ပြေအောင်ပြောဆိုလိုက်လေသည်။

'ဘဘဆီကို ရောက်မလာခဲ့ပေမယ့် လသာဆောင်ထဲကိုတော့ လူအလေး ဝင်သေးတယ်လို့ တံခါးစောင့်တွေက ပြောကြပါ လား'

'မှန်ပါတယ် ဘဘ'

'ဒါနဲ့များ ဘဘဆီရောက်မလာဘဲ ဘာ့ကြောင့် ပြန်လှည့် သွားတာလဲ လူအလေး'

ရန်လျှူချင်း အဖြေရခက်သွားသည်။

ချက်ချင်းပြန်ပြောရန် စကားလုံးရှာမတွေ့ ဖြစ်သွားရသည်။

ရန့်တာထုန် ထိုင်ရာမှထသည်။

ပြတင်းပေါက်ရှိရာသို့ လျှောက်လှမ်းလာခဲ့သည်။

ပြတင်းပေါက်ရှေ့သို့အရောက် ရန်လျှူချင်း၏ပုခုံးကို အသာ ပုတ်လိုက်သည်။

'ဆိုပါအုံးကွယ့် လူကလေးရဲ့'

'အော် ဟို....ဟို...ဘဘတို့ လွတ်လွတ်လပ်လပ် ပြောနိုင်ဆိုနိုင်ကြရအောင်လို့ပါ။ ကျွန်တော်လဲပင်ပန်းလွန်းလာတာနဲ့...'

မြို့စားကြီးသည် ရန်လျှူချင်းကို ပြုံးရွှင်သောမျက်နှာဖြင့် တချက်ကြည့်လိုက်သည်။

ပြီးမှ....

'ဟဲ....ဟဲ....လူကလေးအနေနဲ့ ဘဘရဲ့ကြင်ယာတော်လောင်းကို မြင်တွေ့ရမှာ မျက်နှာပူနေဟန် တူတယ်'

'မှန်....မှန်ပါတယ် ဘဘ'

ရန်လျှူချင်းသည် ချော်လဲရောထိုင်လိုက်၏။

စင်စစ် သူ့အနေဖြင့် မြကြာဖြူအမည်ခံ ရိလျှံနှင့်တွေ့ဆုံရမည်ကို မျက်နှာပူနေမိသည်မှာ အမှန်ဖြစ်သည်။

သို့တစေ မြို့စားကြီးတွေးထင်ထားသည့် မျက်နှာပူခြင်းမျိုးတော့မဟုတ်။

'အိမ်း...လူကလေး မြကြာဖြူကို တွေ့မြင်ပြီးပြီလား'

'မှန်ပါ ဘဘ။ ခန်းဆီးနောက်ကွယ်က တွေ့လိုက်ရပါတယ်'

'အိမ်း....မြကြာဖြူဟာ အရွယ်ကလေးကလဲ လူကလေးထက်



တောင် ငယ်လိမ့်ဦးမယ်။ ရုပ်ဆလေးကလဲ ကြွေရုပ်ကလေးတမျှဆိုတော့ လူကလေးအနေနဲ့ ဖခင်ရဲ့ကြင်ယာတော် မိခင်လောင်းအဖြစ် မျက်နှာချင်းဆိုင်တွေ့ရမှာ မျက်နှာပူမယ်ဆိုယင်လဲ ပူစရာပေါ့ကွယ်။ ဟဲ ဟဲ ဟဲ ဟဲ.... အဲ.... ဒါထက် ဘဘကသာ ကြင်ယာတော်လောင်းကို ချောတယ်၊ လှတယ် ပြောနေရတာ လူကလေးအမြင်မှာတော့ မြကြာဖြူဟာ တကယ်ဘဲ ချောရဲ့၊ လှရဲ့လားကွယ့်'

'မှန်ပါ။ အပြစ်ဆိုစရာမရှိလောက်အောင် ချောမောလွန်းလှပါတယ် ဘဘ'

'အိမ်း....အိမ်း....ချောလွန်း လှလွန်း သလောက်လဲ စိတ်သဘောထားကောင်းရှာပါတယ်။ လူကလေး သူနဲ့စကားပြောကြည့်ယင် သူ့အကြောင်း ပိုပြီး သိလာပါလိမ့်မယ်'

'သူ့အကြောင်းကို ကျွန်တော်က ဘဘထက်ပိုပြီး သိနေပါတယ် ဘဘ'

သည်စကားစုကို ရန်လျှူချင်း ရင်ထဲမှ မြို့စားကြီးရန့်တာထုန်အား ပြန်ပြောလိုက်ချင်သည်။

သို့သစေ သူ့နှုတ်မှတော့ ထွက်ပေါ်၍ မလာခဲ့။

'မနက်ဖန်မှာဘဲ ဘဘရဲ့ ကြင်ယာတော်လောင်း မြကြာဖြူနဲ့ ကျွန်တော် တွေ့ဆုံပါတော့မယ် ဘဘ'

ထိုအချိန်တွင် တံခါးခေါက်သံနှင့်အတူ ခေါ်သံတရပ်က ရန်လျှူချင်းအိပ်ခန်းအပြင်ဘက်မှ ထွက်ပေါ်လာခဲ့သည်။

'မြို့စားမင်း....မြို့စားမင်း'

'ဒေါက်....ဒေါက်....ဒေါက်....ဒေါက်'

ရန်လျှူချောင်းနှင့်ရန့်တာထုန်တို့သည် တံခါးဆီသို့ ပြိုင်တူဆတ်ကနဲ ကြည့်လိုက်မိကြသည်။

'ဟိတ်....ဘယ်သူလဲ'

မြို့စားကြီးရန့်တာထုန်သည် လေသံမာမာဖြင့် မေးလိုက်၏။ အပြင်ဘက်မှ အသံရှင်က အလေးတကြီး ပြန်ဖြေလိုက်သည်။

'ကျွန်တော် ထိဖုန်းပါ အရှင်'

'ဟင်....ထိဖုန်း'

မြို့စားကြီးသည် ယင်းအမည်နာမကိုရေရွတ်ယင်း မျက်လုံးအိမ်ပြူးကျယ်သွားသည်။ နဖူးရေများ တွန့်သွားသည်အထိ မျက်မှောင်ကြုံ့လိုက်သည်။

တဆက်တည်း မြို့စားကြီး၏ ခန္ဓာကိုယ်သည် တံခါးရှက်ဆီသို့ ပေါ့ပါးစွာ ရောက်ရှိသွားရလေသည်။

ရန်လျှူချောင်း၏မျက်နှာထက်တွင်လည်း လေးနက်သိပ်သည်းမှုအသွင်များ ဆောင်ယူလာသည်။

သူသည် မြို့စားကြီးနှင့်အတူ တံခါးရှက်ဆီသို့ ရောက်ရှိလာခဲ့သည်။

ထိဖုန်းသည် မြို့စားကြီး၏ သတင်းစုံစမ်းရေးသမား တဦးဖြစ်သည်။

ထိပ်တန်း ထူးချွန်သူတဦးလည်း ဖြစ်သည်။

လျှို့ဝှက်တာဝန်တရပ်ဖြင့် နေပြည်တော်သို့ သွားရောက်ခဲ့ရသည်။

ယခု ထိဖုန်းပြန်ရောက်လာခဲ့ပြီ။

ထိဖုန်း၏လေသံများသည် သေရေးရှင်ရေးတမျှ ရှိနေသည်။



သည့်လေသံကို ကြားလိုက်ရုံမျှဖြင့် အခြေအနေကို မြို့စားကြီး ရိပ်မိ သိရှိလိုက်လေပြီ။

ထိဖုန်းသည် နေပြည်တော်မှ မည်ကဲ့သို့သော သတင်းများ သယ်ဆောင်လာခဲ့လေသနည်း။

မြို့စားကြီးရန့်တာထုန် ကိုယ်တိုင်ပင် တံခါးကို ဆွဲဖွင့်ပေး လိုက်၏။

မျက်လုံးပြူး မျက်ဆံပြူးဖြစ်နေသော ထိဖုန်းနှင့် မျက်နှာ ချင်းဆိုင်မိသွားသည်။

အချိန်ကာလက ချမ်းအေးသောဆောင်းဥတုဖြစ်သည်။

သို့တစေ ထိဖုန်းမျက်နှာထက်တွင် ချွေးသီး ချွေးပေါက် များစို့နေသည်။ မောပန်းလွန်းဟန်ဖြင့် သူ့ရင်အစုံကလည်း ဖားဖိုတဖိုကဲ့သို့ နိမ့်ချေမြင့်ချေရှိနေသည်။

ပြီးတော့ ဓဲ့ဘက်ပုခုံးကို ညာလက်ဖြင့် အုပ်ထားသည်။ အုပ် ထားသည့် လက်ချောင်းများအကြားမှ သွေးများကလည်း စီး ကျနေသည်။

'ဘယ်လို ဖြစ်လာခဲ့ရတာလဲ ထိဖုန်း'



မြို့စားကြီး ရန့်တာထုန်သည် စိုးရိမ်မကောင်းသောလေသံဖြင့် မေးလိုက်၏။

'အရေးတော်တော့ ပေါ်နေပြီ မြို့စားမင်း။

ထိဖုန်းသည် မောကြီးပန်းကြီးနှင့် ဖြေကြားလိုက်၏။

'ဘယ်လို အရေးတော် ပေါ်နေတာလဲထိဖုန်း....။ ရှင်းရှင်း လင်းလင်းပြောစမ်း....'

ထိဖုန်းသည် ချက်ခြင်းမပြောဘဲ ရန်လျှူချင်းကို မျက်လုံး တချက်ဝင့်ကြည့်လိုက်သည်။ ပြီးတော့ မြို့စားကြီး၏ မျက်နှာ ကိုပြန်ကြည့်လိုက်သည်။

သူ၏အမူအယာသည် ရန်လျှူချင်းရှေ့တွင် အခဖြရခက်နေ သည့် အနေထားမျိုး။

ဤသည်ကို မြို့စားကြီး နားလည်သဘောပေါက်သွားသည်။ ထိဖုန်းပြောမည့် အကြောင်းအရာသည် ရန်လျှူချင်း မသိ စေလိုသည့် စကားမျိုး။

ရန်လျှူချင်းကလည်း ရိပ်မိသည်။

သို့တစေ မသိကျိုးကျင်ပင် နေလိုက်၏။

'အခြေအနေ ဆိုးဆိုးဝါးဝါး ဖြစ်နေတယ် ဆိုယင်တော့ ပြောသာပြောပေတော့ ထိဖုန်း'

မြို့စားကြီး ရန့်တာထုန်သည် မွေးစားသား ရန်လျှူချင်း ရှေ့မှရှောင်ထွက်သွားခဲ့ပါက မသင့်လျော်ကြောင်း မြင်သဖြင့် ပြောလိုသည့်သတင်းကို ပွင့်ပွင့်လင်းလင်းပင်ပြောရန် ခွင့်ပြုလိုက် တော့သည်။

‘အခြေအနေက တော်တော့်ကို ဆိုးဆိုးဝါးဝါး ဖြစ်နေရပါတယ် အရှင်’

‘ဘယ်လို ဆိုးဆိုးဝါးဝါးဖြစ်နေရတာလဲ ပြောစမ်းမြန်မြန်’

‘နေပြည်တော်က တပ်မှူးကြီး ယွန်ရှိဖန်ဦးဆောင်တဲ့တပ်ဖွဲ့ တဖွဲ့ဟာ စမ်းချိမြို့ကို ညဉ့်ဦးပိုင်းကဘဲ တိတ်တဆိတ် ရောက်လာပါပြီ။ စမ်းချိမြို့စားကြီး ဝှမ်ဆောက်ရန်နဲ့ တပ် မှူးကြီး ယွန်ရှိဖန်တို့တွေ့ဆုံခဲ့ကြပါတယ်။ ဒီအကြောင်းကို ဘယ်လိုနည်းနဲ့ သိရသလဲဆိုတော့ တပ်မှူးကြီးယွန်ရှိဖန်တို့အဖွဲ့ နေပြည်တော်က ထွက်လာကထဲက ကျွန်တော်တိတ်တဆိတ်ခြေရာခံပြီး လိုက်ပါလာခဲ့တာပါ’

မြို့စားကြီးသည် အလေးအနက်နားထောင်နေယင်းမှ ခေါင်းတချက်ဆတ်ဆာ မုတ်ဆိတ်ကို ယာလက်ဖြင့် သပ်လိုက်သည်။

‘စစ်မက်ရေးရာမှာ အလွန်တော်တဲ့ တပ်မှူးကြီး ယွန်ရှိဖန်လို ပုဂ္ဂိုလ်မျိုး စမ်းချိမြို့စားဆီ ရောက်လာတာ ဘော်ရှဲဘန်ရှဲ အကြောင်းကိစ္စလောက်တော့ မဟုတ်ပေဘူး။ ကိုင်း....ပြောစမ်း မောင်မင်း။ မောင်မင်း သိသမျှပြောစမ်း’

‘ကျွန်တော် အနီးအပ်ဆောက်လှမ်းရာမှာ အရှင်မြို့စားမင်းနဲ့ ပတ်သက်တဲ့အရေးအကြီးဆုံးသတင်းကိုရလာခဲ့ပါတယ်’

‘အလို ငါနဲ့ပတ်သက်တဲ့သတင်း....ဟုတ်စ’

‘မှန်ပါတယ် အရှင်’

‘ပြောစမ်း မြန်မြန်....’

‘လွန်ခဲ့တဲ့တလကျော်ကျော်လောက်က မြောက်ပိုင်းကို အရှ



လျှို့ဝှက်စာတစောင်ပေးခဲ့တယ်မဟုတ်ပါလား။ ဒီစာကို ပို့ပေးဘို့ တာဝန်ယူရတဲ့သူက ကန်ရှင်း’

မြို့စားကြီးသည် မျက်မှောင်ကြုံ့သွား၏။ အမူအယာသည် ယင်းလျှို့ဝှက်ချက် ပေါက်ကြားသွားသည့်အတွက် မကျေမနပ် ဖြစ်သွားရ၏။

‘ထားပါတော့လေ၊ မောင်မင်းပြောစရာရှိတာကိုသာ ဆက်ပြောစမ်း....’

‘ကန်ရှင်းဟာ သူ့တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ဘို့ ကြိုးစားခဲ့ပါတယ်၊ နို့ပေမယ့် လမ်းတဝက်မှာ ရန်သူ အဖွဲ့အစည်းတရပ်က သူ့ကို ဖမ်းမိသွားခဲ့ပါတယ်။ သူ့လက်ထဲက စာကိုလဲ ရသွားခဲ့ကြပါတယ်’

‘ဘာ....’

မြို့စားကြီး ရန့်တာထုန်သည် ဆတ်ကနဲဘကိုယ်လုံးတုန်သွားသည်။ ပါးစပ်အဟောင်းသားလည်း ဖြစ်သွားသည်။

ထိုဖုန်းအသံကသာ ဆက်သက်ထွက်ပေါ်လာသည်။

‘အဆိုးဆုံးကတော့ ဒီစာဟာ ဆွန်းဧကရာဇ်လက်ထဲ ရောက်ရှိသွားရတာပါဘဲ’

‘ဘာ...ဆွန်းဧကရာဇ်လက်ထဲ ဒီစာ ရောက် သွား တယ် ဟုတ်စ....’

‘မှန်ပါ....ဒါတင်မကသေးပါဘူး၊ တပ်မှူးကြီး ယွန်ရှိဖန်နဲ့အတူ ဆွန်းဧကရာဇ်ရဲ့ အမိန့်စာ တစောင်ကလဲ ပါလာခဲ့ပါတယ်.

‘ဘာ....အမိန့်စာ၊ ဘယ်လိုအမိန့်စာမျိုးလဲမောင်မင်း’

'မှန်ပါ၊ အမိန့်စာက တပ်မှူးကြီး ယွန်ရှိဖန်နဲ့ စမ်းချီမြို့စားမင်း ဝှမ်ဆောက်ရန်တို့ ဦးဆောင်မှုနဲ့ အရှင် မြို့စားမင်းကို နေပြည်တော်အရောက် ဖမ်းဆီးခေါ်ဆောင် လာခဲ့ကြဖို့ဖြစ်ပါတယ်'

'ဘာ....ဆွန်းကေရာဇ်က ငါ့ကိုဖမ်းဘို့'

'မှန်ပါတယ်အရှင်၊ အသေဘဲရရ အရှင်ဘဲရရ အရှင့်ကိုဖမ်းဆီးဘို့ အမိန့်ထုတ်ပြန်လိုက်ပါပြီ'

'တောက်.... ရှိင်းလိုက်လေကွယ်'

'မှန်ပါ....။ အခု တပ်မှူးကြီးယွန်ရှိဖန်နဲ့ စမ်းချီ မြို့စားကြီး ဝှမ်ဆောက်ရန်တို့ အရှင့်ကိုဖမ်းဆီးဘို့တိုင်ပင်နေကြပါပြီ။ လိုအပ်တဲ့အကူအညီအဝဝကိုလဲ မြို့စားကြီး ဝှမ်ဆောက်ရန်က တပ်မှူးကြီးကို အကူအညီပေးမှာဖြစ်ပါတယ်'

'အိမ်း....ငါ့ခြေလှမ်းအမှားကိုစောင့်ကြည့်နေတဲ့ ဝှမ်ဆောက်ရန်အဘို့ အကွက်ကောင်းဝင်သွားတာပေါ့လေ။ ဒါနဲ့ နေစမ်းပါအုံး၊ သူတို့ ဘယ်လိုစီစဉ်ကြတယ်ဆိုတာကိုကော မောင်မင်းသိခဲ့ရရဲ့လား'

'ဒါကိုတော့ မသိခဲ့ရပါဘူးအရှင်။ ကျွန်တော် ချောင်းမြောင်းနားထောင်နေတုန်း တပ်မှူးကြီးရဲ့လူတွေ တွေ့သွားလို့ ကိုယ်လွတ်ရုန်းပြေးခဲ့ရပါတယ်။ ဒီပုခုံးက ဒဏ်ရာကိုသာ ကြည့်ပါတော့'

'အိမ်း....'

'ဒို့ပေမယ့် အရှင့်ကို သူတို့ လာဖမ်းမယ့် အချိန်ကိုတော့



သိခဲ့ရပါတယ်။ ဒါကြောင့် ကျွန်တော်မျိုး အပြေး လာခဲ့တာပါ'

'သူတို့က ဘယ်အချိန်ရောက်လာကြမှာတဲ့လဲ'

'အရုဏ်မတက်မီ အလုံးအရင်းနဲ့ ရောက်လာကြပါလိမ့်မယ် အရှင်'

'ဟင်....'

ရန့်တာဇထုန် မျက်လုံးပြူးသွားသည်။

ယခုပင်လျှင် သန်းခေါင်ကျော်နေပြီ။

အရုဏ်မတက်မီဆိုတော့ အချိန်သည် များစွာ နီးကပ်နေချေပြီ။

'မောင်မင်း ဒဏ်ရာကို အမြန်ဆုံး ဆေးထည့်ပေတော့ ထိဖုန်း။ ဒို့များ အခုချက်ခြင်းဘဲ စံအိမ်တော်က ခွာကြရလိမ့်မယ်၊ ဒီအခြေအနေ အတိုင်းဆိုယင် ငါ့အဖို့ လုံခြုံမှုမရှိလှတော့ဘူး။ ငါ့အပေါ် သစ္စာစောင့်သိတဲ့ မောင်မင်းလို လူမျိုးတွေနဲ့သာ အတူလိုက်ခဲ့ရလိမ့်မယ်'

'ကောင်းပါပြီအရှင်'

ထိဖုန်းသည် ဦးညွတ်၍ အရိုအသေပြုလိုက်၏။ ပြီးနောက် တံခါးပေါက်ဝမှ လှစ်ကနဲ ခွာထွက်သွားသည်။

မြို့စားကြီးသည် နဘေးတွင် ရပ်နေသည့် ရန့်လျှူချင်းဘက်သို့ ဆတ်ဆနဲ မျက်နှာ လှည့်လိုက်သည်။

'လူကလေး'

'မိန့်ပါဘာဘ'

ရန်လျှိုချင်းသည် ပကတိတည်ငြိမ်သော လေသံဖြင့် ပြန်ထူးလိုက်သည်။

သူသည် မွေးစားဖခင်ဖြစ်သော မြို့စားကြီးနှင့် ထိဖို့န်းတို့ ပြောဆိုခဲ့ကြသည့် စကားများကို သိပ်သဘောမပေါက်မိ။

တနေရာသို့ အပို့လွှတ်လိုက်သည် ဆိုသော လျှို့ဝှက်စာနှင့် ပတ်သက်၍လည်း ရန်လျှိုချင်း သိမထား။

ယင်းလျှို့ဝှက်စာထဲတွင် မည်ကဲ့သို့သော အကြောင်းအရာများ ပါခဲ့လေသနည်း။

ထိုစာကို မွေးစားဖခင်ကြီးသည် မည်သူ့ဆီသို့ ဦးတည်၍ ရေးသားခဲ့သနည်း။

ယင်းစာသည် ဆွန်းကောရာဇ် လက်ထဲသို့ ရောက်ရှိသွားပြီးနောက် ဆွန်းကောရာဇ်သည် ဖခင်မြို့စားကြီး ရန့်တာထုန်အား မည်သည့် အကြောင်းကြောင့် ဖမ်းဆီးမိန့် ထုတ်ခဲ့စေသနည်း။

သူနားမလည်။

မွေးစားဖခင်ကြီးသည် အစဉ်အသာအရ မျိုးချစ်စိတ်ပြင်းထန်သော နယ်ချဲ့ဆန့်ကျင်ရေးသမားကြီးဖြစ်ခဲ့သည်။ မွန်ဂိုစော်လှန်ရေးသမားကြီးဖြစ်ခဲ့သည်။

စေ့စ်မြေပြင်တွင် နယ်ချဲ့မွန်ဂိုတို့အား ခုခံကာကွယ်တိုက်ခိုက်ခဲ့ရာ၌ မျက်လုံးတဖက်ပင် ပျက်စီးခဲ့ရသည်။

ယခု ဤကဲ့သို့သော ပုဂ္ဂိုလ်ကို ဆွန်းကောရာဇ်က တပ်မှူးကြီးယွန်ရှီဖန်အား ဖမ်းဆီးရန် စေခိုင်း ညွှန်ကြားခဲ့သနည်း။

ဤကိစ္စကို ပူးပေါင်း ဆောင်ရွက်ရန် အတွက် တပ်မှူးကြီး

ယွန်ရှိဖန်သည် စမ်းချီမြို့စားကြီး ဝှမ်ဆောက်ရန်၏စံအိမ်တော်သို့ ရောက်ရှိလာခဲ့၏။

ရန်လျူချင်း သိနားလည်ထားသည်မှာ စမ်းချီမြို့စားကြီး ဝှမ်ဆောက်ရန်သည် မွန်ဂိုနယ်ချဲ့တို့၏ လျှို့ဝှက် လက်ကိုင်ဒုတ် ဖြစ်ယည်။ တိုင်းပြည်နှင့်လူမျိုးကို သစ္စာဖောက်နေသူဖြစ်သည်။

နယ်ချဲ့ ဆန့်ကျင်ရေး သမားတဦးကို နယ်ချဲ့ အလိုတော်ရိ သစ္စာဖောက်နှင့်ပူးပေါင်းကာတပ်မှူးကြီး ယွန်ရှိဖန်အား ဆွန်းကေရာဇ်က အဘယ့်ကြောင့် ဖမ်းဆီးခိုင်းခဲ့လေသနည်း။

နားမလည်။

ရန်လျူချင်း နားမလည်မိ။

ယင်းအတွေးများကို ရန်လျူချင်းတွေးနေမိစဉ် မြို့စားကြီးထံမှ ရေကြီးသုတ်ပြာစကားသံများ ထွက်ပေါ်လာခဲ့သည်။

'စံအိမ်တော်ကိုစွန့်ခွာပြီး ဘဘတို့တိတ်တဆိတ်ခရီးထွက်ကြရတော့မယ်လူကလေး'

'တပ်မှူးကြီး ယွန်ရှိဖန်တို့ကို ရှောင်တဲ့ သဘောမျိုးလား ဘဘ'

'မှန်တယ် လူကလေး'

'ဘဘဟာဆွန်းကေရာဇ်ရဲ့ အရေးပေးမြှောက်စား ချီမြှင့်ခြင်းခံရတဲ့ မြို့စားကြီးတပါးပါ၊ မျိုးချစ်ပုဂ္ဂိုလ်ကြီး တဦးပါ။ ဘယ်အကြောင်းကြောင့် တပ်မှူးကြီး ယွန်ရှိဖန်တို့ကို ရှောင်ရှားရမှာလဲဘဘ။ သူတို့အထင်အမြင်လွဲမှားနေတဲ့ကိစ္စမျိုးတွေ ရှိယင်လဲ မျက်နှာချင်းဆိုင်ပြီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးလိုက်ကြယင် ကောင်းလိမ့်မယ်ထင်ပါတယ်....'

‘အိမ်း....လက်ရှိဖြစ်ပျက်နေတဲ့အခြေအနေတွေကို လူကလေး နားမလည်သေးပါဘူးကွယ်....’

မြို့စားကြီးသည် စိတ်ပျက်သည့် အမူအယာမျိုးဖြင့် ညည်းညည်းညူညူ ပြောဆိုလိုက်သည်။

‘မှန်ပါတယ်ဘဘ။ ဘဘ တနေရာကို လျှို့ဝှက် ပို့ခဲ့တယ်ဆိုတဲ့စာနဲ့ပတ်သက်လို့တော့ ကျွန်တော် နားမလည်မိတာအမှန်ပါဘဲ....’

‘ကိုင်း....အခုတော့ ရှင်းပြဖို့အချိန်လဲ မရှိတော့ဘူး။ နောင်မှဘဲ လူကလေး နားလည်အောင် ဘဘ ပြောပြတော့မယ်။ ဒီတော့ ဘဘမှာ ယုံကြည် အားထားစရာဆိုလို့ လူကလေး တယောက်ထဲသာ ရှိတော့တာကြောင့် ဘဘဆန္ဒရှိတဲ့ အတိုင်း ဆောင်ရွက်စေချင်တယ်’

ရန်လျှူချင်းသည် သက်ပြင်းချလိုက်၏။

ဟုတ်သည်။

စင်စစ် မြို့စားကြီးရန်တာထုန်လည် မိမိ၏ဖခင်အရင်းမဟုတ်သော်လည်း မိမိအပေါ် သားအရင်းတမျှ သဘောထားခဲ့သည်၊ ကျွေးမွေးစောင့်ရှောက်ခဲ့သည်။

မိမိသည်လည်း မြို့စားကြီးအား ဖခင်ရင်းတမျှ ချစ်ခင်ရိုသေခဲ့သည်၊ သစ္စာစောင့်သိခဲ့သည်။

ယခု ဖခင်ကြီး အနေဖြင့် အချိန်လုကာ သေရေး ရှင်ရေး ဆောင်ရွက်ရတော့မည့် အချိန်ကာလမျိုးတွင် ဖခင်ကြီး၏အလိုကျ ဆောင်ရွက် ပေးရန်မှတပါး အခြားလမ်း ရွေးချယ်စရာ အကြောင်းမရှိ။



‘ဘဘ ဖြစ်စေချင်သလိုသာ မိန့်တော်မူပါ....။ ကျွန်တော် စီစဉ်ဆောင်ရွက်ပါမယ်....’

‘လူကလေး မြကြာဖြူကိုအတူခေါ်ပြီး ဒီစံအိမ်တော်အထွက် ခွာသွားဖို့ ပြင်ဆင်ပေတော့’

‘ဗျာ.... မြကြာဖြူကို ကျွန်တော် ခေါ်ဆောင်သွားရမယ်။ ဟုတ်ရဲ့လားဘဘ’

‘မှန်တယ်လူကလေး။ ဘဘနဲ့ထိဖုန်းတို့လူစုဟာ တခြားဘက်က အယောင်ပြပြီးထွက်ကြမယ်၊ လူကလေးအနေနဲ့တော့မြကြာဖြူကိုကျရောက်မယ့်ဘေးအန္တရာယ်တွေကကာကွယ်စောင့်ရှောက်ပြီး ခေါ်ဆောင်သွားရလိမ့်မယ်’

ရန်လျှူချင်းသည် မြကြာဖြူ အမည်ခံယူထားသည့် ရိလျှံနှင့် အတူတကွ မသွားလိုပေ။

မြို့စားကြီး ခိုင်းစေသည့်တာဝန်သည် သူ့အတွက် ဘေးကြွန်ကပဲဖြစ်နေသည်။ ထို့ကြောင့်....

‘ကျွန်တော်လဲ ဘဘတို့နဲ့အတူဘဲ လိုက်ပါရစေ’

မြို့စားကြီး ခေါင်းကို ဖြေးလေးစွာခါရမ်းလိုက်၏။

‘မဖြစ်ဘူးလူကလေး၊ ဘဘ လူကလေးနဲ့ အသင့်တော်ဆုံးတာဝန်ကို ရွေးချယ်ပေးလိုက်တာဘဲ။ မြကြာဖြူကို လူကလေး စောင့်ရှောက်ပြီးတော့သာ ခေါ်ဆောင်သွားပါ။ ကိုင်း....အချိန်မရှိတော့ဘူး လူကလေး။ ပြင်ဆင်ချေတော့’

‘ကောင်းပါပြီဘဘ။ နို့ပေမယ့် ကျွန်တော့ မူလရုပ်ကိုတော့ ဖျက်ပြီးသွားပါရစေ’

‘ဘယ်လိုအကြောင်းကြောင့်လဲ လူကလေး’

'လျှို့ဝှက်ပြီး သွားရမယ့်ခရီးဆိုတော့ ကျွန်တော် ဘယ်သူ ဘယ်ဝါဖြစ်တယ်ဆိုတာကို အသိမခံချင်လို့ပါ'

'ကောင်းပြီလူကလေး။ လူကလေးရဲ့ သဘောအတိုင်းဘဲ'

'ဒါနဲ့ ကျွန်တော်တို့က ဘယ်အထိသွားကြရမှာလဲဘဘ'

'မရဏတောင်ကို သွားကြရလိမ့်မယ် လူကလေး'

'မရဏတောင် ဟုတ်လားဘဘ'

'မှန်တယ်လူကလေး။ မရဏတောင်ပေါ်က သေမင်းခံတွင်းဝ ဆိုတဲ့နေရာကို ဘဘနဲ့အခါသွားဘူးလို့ လူကလေး မှတ်မိအုံးမှာ ပေါ့'

'မှန်ပါ မှတ်မိပါတယ်ဘဘ။ ကျွန်တော် မမေ့သေးပါဘူး'

'အိမ်း.... ဟုတ်ပြီ။ လူကလေးနဲ့မြကြာဖြူကို ဘဘတို့ အဲဒီ သေမင်းခံတွင်းဝမှာ ပြန်ဆုံကြမယ်။ အရင်ရောက်သူက စောင့် ကြရလိမ့်မယ် လူကလေး။ ကြားစ'

'မှန်ပါ။ နားလည်ပါပြီဘဘ'

'ကိုင်း.... လူကလေး စီစဉ်ဆောင်ရွက်စရာရှိသမျှကို အမြန်ဆုံး ဆောင်ရွက်ပြီး ဘဘရဲ့ စာကြည့်ဆောင်ထဲကို လာခဲ့ပေတော့။ မြကြာဖြူကိုလဲ ခေါ်ထားပြီး အကျိုးအကြောင်း ပြောပြ ထားနှင့်မယ်'

'ကောင်းပါပြီဘဘ'

မြို့စားကြီး ရန်တာထုန်သည် ရန်လျှုချင်း၏ အိပ်ဆောင် အတွင်းမှ အလျင်အမြန် ထွက်ခွာသွားလေတော့သည်။

၂၀

ရှင်းဝှာတောင်တန်းမှ ဆရာကြီး ကျဲလုံးလောင်လင်သည် လက်ရင်းတပည့်များအား လျှို့ဝှက်၍ ခက်ခဲနက်နဲသော ရုပ် ပြောင်းရုပ်လွှဲပညာ၊ အသံပြောင်းအသံလွှဲပညာများကိုသင်ကြား ပေးခဲ့သည်။

ရန်လျှုချင်းသည် ဆရာကြီး၏ လက်ရင်း တပည့်တဦးဖြစ် သည်။

ထို့ကြောင့် ယင်းပညာရပ်များကိုကျွမ်းကျင်စွာတတ်မြောက် ရရှိထားခဲ့သည်။

ယခုကဲ့သို့ အရေးကြီးသည့် အချိန်ကာလမျိုးတွင် သူသည် ရုပ်သွင်ကို တခဏခြင်းဖြင့် ပြောင်းလွဲနိုင်ခဲ့လေသည်။

မျက်ခုံးမွှေးများ ပိုပြီးထူသွားသည်။ နှုတ်ခမ်းများ ပိုပြီးထူ လာသည်။ မျက်လုံးအိမ်များ ကျဉ်းမြောင်းသွားသည်။ မုတ်ဆိတ် ပါးသိုင်းမွေးများကိုလည်း တပ်ဆင်လိုက်သည်။

ပါးပြင်ထက်တွင်မူ ကန့်လန့်ဖြတ် အမာရွတ်ကြီးတခုဖန်တီးလိုက်၏။

အခြားသူမပြောနှင့်၊

ကိုယ့်ကိုယ်ကိုပင် မမှတ်မိနိုင်တော့လောက်အောင်ရန်လျှူချင်း၏ ရုပ်သည် အပြောင်းလဲကြီး ပြောင်းလဲသွားသည်။

သူသည် ရုပ်ပြောင်းအပြီး အရေးပါအရာရောက်မည့်ပစ္စည်း အနည်းငယ်ကို ထုတ်ပိုးပြင်ဆင်လိုက်သည်။

မြို့စားကြီးရန့်တာထုန် စောင့်ဆိုင်းနေမည့်နေရာ လျှို့ဝှက်စာကြည့်ဆောင်ဆီသို့ ထွက်ခွာလာခဲ့သည်။

ရီလျှံနှင့် မျက်နှာချင်းဆိုင်ရတော့မည် ဖြစ်သဖြင့် သူ့ရင်အစုံသာ လှုပ်ရှားလှိုင်းထနေမိရသည်။

သူ့ရုပ်သည် ပြောင်းလဲနေသဖြင့် ရီလျှံသည် မှတ်မိနိုင်လိမ့်မည်မဟုတ်။

ထို့ကြောင့် ဖြေသာမိရသည်။

လျှို့ဝှက်စာကြည့်ဆောင်ထဲတွင် မြို့စားကြီး ရန့်တာထုန်နှင့်အတူ ရီလျှံရော ရီလျှံ၏ဦးလေးတော်သူ အဖိုးကြီးရီပတ်ဖုတို့ပါ ရှိနေကြသည်။

သူတို့နှစ်ဦးစလုံးရုပ်ပြောင်းလဲခြင်းပြုသွားသော ရန်လျှူချင်းကို မမှတ်မိကြ။

ပြောင်းလဲသွားသောရုပ်သဏ္ဌာန်ဖြင့် စာကြည့်ဆောင်အတွင်းသို့ ဝင်လာခဲ့ရာ ရီလျှံတို့တူဝရီးသာမက မြို့စားကြီးရန့်တာထုန်ပါ အနည်းငယ်ထိတ်လန့်လှုပ်ရှားသွားသည်။

မြို့စားကြီးသည် ထိုင်ရာမှ ထတော့မလိုဖြစ်သွားရသည်။



ရုပ်ဖျက်ထားသော ရန်လျှူချင်းကို သတိကြီးစွာထားသော မျက်လုံးများဖြင့် စူးစိုက်ကြည့်ရှုလိုက်သည်။

ရန်လျှူချင်းသည် ဖျက်ထားသောအသံဖြင့်ပင်ပြောလိုက်၏။

'ကျွန်တော်အဆင်သင့်ဖြစ်ပါပြီဘုရား'

သည်တော့မှပင် မြို့စားကြီးသည် အိန္ဒြေပြန်ဆည်လိုက်ရလေသည်။

'ဩ…, လူကလေးတောင် ရောက်လာပြီကိုး။ လာလာ… လူကလေး'

မြို့စားကြီးအနီးတွင် ရန်လျှူချင်းရပ်လိုက်သည်။

ရီလျှံနှင့် ရီပတ်ဖုတို့မှာမူ ရန်လျှူချင်းကို အကဲခတ်သော မျက်လုံးများဖြင့် ကြည့်နေကြသည်။

'မြကြာဖြူတို့ တူဝရီးကို အခြေအနေအရပ်ရပ် နားလည်သဘောပေါက်သွားအောင် ရှင်းပြပြီးပြီ လူကလေး။ မြကြာဖြူက လူကလေးနဲ့အတူ လိုက်လိမ့်မယ်'

မြို့စားကြီးရန့်တာထုန်သည် ရန်လျှူချင်းကိုကြည့်၍ ပြောနေရာမှ ရီလျှံတို့ဘက်သို့ လှည့်လိုက်သည်။

သူက ကျုပ်ရဲ့ ယုံကြည်အားထားစိတ်ချရတဲ့ မွေးစားသားတဲ့ မိန်းကလေး။ သူနဲ့အတူ မိန်းကလေး လိုက်သွားရလိမ့်မယ်'

ရီလျှံသည် ထိုင်နေယင်းမှ ရန်လျှူချင်းကို ဆတ်ကနဲမော့ကြည့်ကာ ခေါင်းညိတ်ပြီး ဖြေလိုက်၏။

'ကောင်းလှပါပြီ အရှင်'

ရီလျှံ၏ မျက်လုံးအကြည့်များကို အကဲခတ်ရခြင်းအားဖြင့် မိမိကို မှတ်မိပုံမရကြောင်း ရန်လျှူချင်း သိရှိလိုက်သည်။

ငိုလျှံ၏ ဦးလေး ရိပတ်ဖွတာတော့မှ....

ရန်လျှူချင်းကို တချက်မျှ မျက်မှောင်ကြုံ့၍ စူးစိုက်ကြည့်နေရာမှ မျက်လုံးများ လွှဲဖယ်သွားသည်။

မြို့စားကြီးရန်တားထုန်သည် ထိုင်နေရာ ကုလားထိုင်ထက်မှ ရပ်လိုက်၏။

ရန်လျှူချင်း၏ ပုခုံးကိုလည်း အသာအယာ ပုတ်လိုက်သည်။

'ဘဘမှာကြားထားတဲ့စကားတွေကို လူကလေး အားလုံး မှတ်မိတယ်နော်'

'မှန်ပါ မှတ်မိကြောင်းပါ ဘဘ'

'လူကလေးတို့ အရင်ရောက်ယင်လဲ ဟိုကနေပြီး သီတင်းနှစ်ပတ်တိတိ စောင့်ရလိမ့်မယ်'

'ကောင်းလှပါပြီ ဘဘ'

သည်စဉ်အခိုက် စာကြည့်ဆောင်အတွင်းသို့ ထိဖုန်း လွှားကနဲ ဝင်ရောက်လာခဲ့သည်။

ရိပတ်ဖုံသည်း ထိုသူ့ကိုမြင်သည်နှင့် ဆတ်ကနဲ ထရပ်လိုက်သည်။

ထိဖုန်းသည် အမောတကောဖြင့် သတင်းပို့ ပြောကြားလိုက်၏။

'သူတို့ ရောက်လာကြပါပြီ အရှင်၊ သူတို့ ရောက်လာကြပါပြီ။ တပ်မှူးကြီးယန်ရှိဖန်နဲ့ သူ့လျှို့ဝှက်တပ်ဖွဲ့ဝင်တွေ ဝန်းတံခါးပေါက်ဆီ ရောက်နေကြပါပြီ'

'ဟော....'

မြို့စားကြီးရန်တားထုန် မျက်လုံးမျက်ဆံ ပြူးသွားရှာ၏။



'စံအိမ်တော်အစောင့်တပ်ဖွဲ့ကို ဖွင့်ပေးဖို့ ငါ အမိန့်ပေးမှာကြားထားတယ် မဟုတ်လား'

'မှာကြားထားပါတယ် အရှင်။ ဒါပေမယ့် သူတို့ အဘော့ အဘင်းထိုးဖောက် ဝင်ရောက်လာကြမှာပါဘဲ။ ပြီးတော့...'

ထိဖုန်းသည် စကားဆက်ပြောမည်ပြင်ပြီးမှ မျက်မှောင်ကြုံ့ကာ ရပ်တန့်သွားသည်။

မြို့စားကြီး၏မေးခွန်းသံက ပေါ်ပေါက်လာခဲ့၏၊

'ပြီးတော့ ဘာဖြစ်သလဲ ထိဖုန်း။ ဆက်ပြောစမ်း'

'သိုင်းလေ့စကာမှာ ကျော်ကြားနေတဲ့ နတ်မိမယ်ခုနှစ်ပါးတို့ပါ သူတို့နဲ့အတူ ပါလာကြပါတယ် အရှင်'

'ဘာ....နတ်မိမယ်ခုနှစ်ပါး ဟုတ်လား'

'မှန်ပါတယ် အရှင်။ စမ်းချီမြို့စားကြီး ဝှံခဆောက်ရန်ဆီ ရောက်ရှိနေတဲ့ ပန်းလိပ်ပြာ အနုပညာ အဆိုအကအဖွဲ့ဟာ တကယ်တော့ အရှင့်ကို တိုက်ခိုက်ဖို့ရောက်ရှိလာခဲ့ကြတဲ့ နတ်မိမယ်ခုနစ်ပါးပါဘဲ'

'ဟော....'

မြို့စားကြီးရန်တာထုန် ပါးစပ်အဟောင်းသား ဖြစ်သွားရပြန်ပြီ။ ငိုင်ကျသွားရပြန်ပြီ၊

ပြီးနောက် ရန်လျှူချင်းမျက်နှာကို ဖြတ်ကနဲ ကြည့်ရှုလိုက်သည်။

'တနေ့ညက ပန်းလိပ်ပြာအဖွဲ့ကို စုံစမ်းဖို့ လူကလေး ကျန်ရှိနေရစ်ခဲ့တယ် မဟုတ်လား။ ဒီတုန်းက သူတို့ကို နတ်မိမယ်ခုနစ်ပါးဆိုတာ လူကလေး မသိခဲ့ဘူးလား'

'မှန်ပါ။ သိခဲ့ကြောင်းပါ ဘဘ။ သို့ပေမယ့် မလိုအပ်သေးတာကြောင့် ဘဘ စိတ်အနှောက်အယှက် ဖြစ်မှာစိုးတဲ့အတွက် ဖွင့်ဟ မပြောကြားမိတာပါ'

'သူတို့ဟာ သိုင်းလောကမှာတော့ နံမယ်ကျော်ကြားနေတဲ့ အဖွဲ့အစည်းတခုဘဲ။ သူတို့ရဲ့စွမ်းရည်များကိုတော့ သိခဲ့ရသေးသလား'

'မှန်ပါ။ အင်မတန်ကြောက်စရာကောင်းလှတဲ့ အဖွဲ့အစည်းတခုပါဘဲ ဘဘ'

ထိုစဉ်အခိုက် စံအိမ်တော်ဝန်း တံခါးမကြီးဆီမှ အော်ဟစ်ခုတ်ထစ်တိုက်ခိုက်သံများ ထွက်ပေါ်လာခဲ့သည်။

'တိုက်ကြပါတော့လားဟေ့'

'ဘုရင့်မင်းမြတ် အမိန့်တော်ပါတယ်။ စံအိမ်ဝန်းတံခါးဖွင့်လိုက်ကြစမ်း'

'မလိုချင်ဘူး။ မြို့စားမင်းက စံအိမ်တော်ဝန်းထဲကို ဘယ်သူမှ ဝင်ခွင့်မပြုဘို့ အမိန့်ထုတ်ထားတယ်'

'ကောရင့်မင်းမြတ်ရဲ့အာဏာကို ပုန်ကန်ဖီဆန်ချင်ကြလို့လား'

'ခုတ်ကြဟေ့'

'သတ်ကြကွ'

'တိုက်'

'ရှိ:...ဝှီ:....ချင်....ချွမ်'

'ဒုတ်....ချွမ်း'

'ဝုန်း....ဒိုင်း'

'ခွမ်း'

စကြည့်ဆောင်အတွင်းမှ မြို့စားကြီးရန်တာထုန်တို့ လူစုသည် အသံများထွက်ပေါ်လာရာ ဝန်းတံခါးဘက်သို့ နားစွင့်လိုက်ကြပြီး မျက်စိမျက်နှာများ ပျက်သွားကြရလေသည်။

'ဟော....သူတို့ ဝန်းတံခါးကြီးကို ထိုးဖောက်ပြီး ဝင်ရောက်နေကြပါပြီ အရှင်'

ထိုဖုန်းက စိုးရိမ်တကြီး ပြောသည်။

မြို့စားကြီးရန်တာထုန်သည် ရန်လျူချင်း၏ပုခုံးကို ပုတ်လိုက်ပြီးနောက်....

'ကိုင်း... လူကလေးနဲ့ မြကြာဖြူတို့ အရင် ထွက်နှင့်ကြ။ လျှို့ဝှက်ဥမင်လမ်း နံပါတ်နှစ်ကို အသုံးပြု၊ မရဏတောင်ကို အရောက်သွားကြတော့'

'ကောင်းပါပြီ ဘဘ'

ရန်လျူချင်းသည် မြို့စားကြီးအား ဦးညွှတ်လိုက်သည်။

အခန်းနံရံတဖက်ရှိ ဘီရိုကြီးတလုံး ရှိရာဆီသို့ ကပ် သွားသည်။

ဘီရိုနောက်ဘက်သို့ လက်နှိုက်ပြီး လျှို့ဝှက် ခလုတ်ကို နှိပ်လိုက်သည်။

'ကျွိ....ကျွိလွိ....လွိ....လွိ....'

ဘီရိုကြီး တပတ်လည်သွားသည်။ နံရံတွင်အပေါက်တပေါက် ပေါ်လာသည်။

ယင်းအပေါက်ဝတွင် အစီအရီ ထောင်ထားသည့် အသစ်စက်စက်သော မီးတုတ်များ။

မီးတုတ်တချောင်းကို ရန်လျူချင်း ကောက်ယူလိုက်သည်။

မီးတုတ်ထိပ်များတွင် မီးထွန်းညှိလိုက်သည်။

မီးတုတ်ဆီဖျားတွင် မီးလျှံထိန်လင်းစွာ တောက်လောင်လာသောအခါ ရန်လျှာချင်းက ရိလျှံကိုခေါင်းဆတ်၍ ပြလိုက်၏၊ နှုတ်မှလည်း လှမ်း၍ခေါ်ငင်လိုက်သည်။

'သွားကြမယ်....မြကြာဖူ'

'လူကလေးနဲ့ လိုက်ထာသွားပေတော့မိန်းကလေး၊ ချိန်းထား တဲ့နေရာကျမှဘဲ အားလုံးပြန်ဆုံကြဘာပေါ့'

မြို့စားကြီး ရန်ဘာသုန်သည် ရိလျှံ၏ပုခုံးကို ကိုင်၍ ရန်လျှာ ချင်းဘက်သို့ အသာတွန်းထုတ်လိုက်သည်။

ရိလျှံသည် ထုပ်ပိုးထားသော ခရီးဆောင်အိတ်ကို အသာ ကောက်ယူ၍ ရန်လျှာချင်းရှိရာဆီသို့ လျှောက်သာခဲ့သည်။

နောက် နှစ်ဦး သား လျှို့ဝှက်တံခါးပေါက်အတွင်း ဝင်ခဲ့ ကြသည်။

ရန်လျှာချင်းက နံရံမှ ခလုတ်တခုကို နှိပ်လိုက်သည်နှင့် တံခါးပေါက်သည် ပြန်၍ပိတ်သွားသည်။

ရိလျှံသည် မီးတုတ်ဘချောင်းကို ကောက်ယူလိုက်က ရန်လျှာချင်း၏မီး တုတ်မှမီးကူးလိုက်သည်။

မီးတုတ်နှစ်ချောင်း၏ အလင်းရောင်က ဥကြောင်း အတွင်းတွင် ထိန်လင်းသွားသည်။

အောက်ဘက်သို့ ဆင်းသွားသော လှေကားအတိုင်း နှစ်ဦး သားဆင်းသွားကြသည်။

လှေကားဆယ်ထစ်ခန့် ဆင်းပြီးနောက် ကွေ့ကွေ့ကောက် ကောက်ရှိနေသော ဥမင်လမ်းကိုတွေ့ကြရသည်။

ဥမင်လမ်းမှာ လူနှစ်ယောက်ယှဉ်၍ သွားသာရုံ သောက်သာကျယ်သည်။

သည်သို့နေရာချိုးဟွင် ထိပ်ဘန်းသို့၊ သခေါ်နှစ်ဦးတည်နှင့် ရာဘပ်တဘပ်ကို ကောင်းမွန်စွာ ခုခံတိုက်ခိုက်နိုင်သည်။

ရိလျှံသည် ဥမင်လမ်းကို ကြည့်ကာ ကြောက်ရွံ့ဟန်ဖြင့် မျက်လုံးကလေးများ ဝိုင်းနေသည်။

ရိလျှံကို ချစ်သူတယောက်အနေဖြင့် ရန်လျှူချင်း ကြင်နာသနားမိသော်လည်း သစ္စာမဲ့သူ တဦးအနေဖြင့်မူ နာကျည်းမိသည်။

ထို့ကြောင့် ရိလျှံကြောက်ရွံ့နေသည်ကို အားပေးနှစ်သိမ့်ခြင်းပင် မပြုခဲ့။ ဥမင်လမ်းအတိုင်း သူက ရှေ့မှ ခပ်သုတ်သုတ်သွားသည်။

ရိလျှံကလည်း ထိတ်ထိတ် လန့်လန့်ဖြင့် နောက်ဘက်သို့ မကြာခနလှည့်ကြည့်ယင်းမှ ရန်လျှူချင်းကိုအမှီလိုက်ရသည်။

'ဖြေးဖြေးသွားပါရှင်....ဖြေးဖြေးသွားပါ'

တခါတရံ ရန်လျှူချင်း၏ ခြေလှမ်းများကို လိုက်မမှီသောအခါ ရိလျှံသည် နောက်ဘက်မှ အသံကလေး ကတုန်ကယင်ဖြင့် အပြစ်တင်တတ်သည်။

ရန်လျှူချင်းမှာမူ နောက်သို့ တချက်မျှသာလှည့်ကြည့်လိုက်ပြီး မည်သည့်စကားကိုမျှမဆိုဘဲ သွားမြဲတိုင်းဆက်သွားသည်။

ရိလျှံသည် မကျေမနပ်ဖြင့် နောက်မှ တတွတ်တွတ် ပြောဆိုယင်း လိုက်ပါလာခဲ့သည်။

'ဘယ်လိုလူစားမျိုးလဲ မသိဘူး၊ သူ့မှာ မိန်းမကလေးတယောက်

ကိုညွှာတာတတ်တဲ့စိတ်၊ ထောက်ထားတတ်တဲ့စိတ်မှ ရှိရဲ့လား၊ ဒီလိုလူ ဂွစာမျိုးနဲ့ လိုက်လာမိတာ မှားပြီထင်တယ်'

ရန်လျှူချင်းသည် ရိလျှံ၏အပြစ်တင်စကားများကို မကြားဟန်ပြုခဲ့သည်။ လျှောက်မြဲ ဆက်လျှောက်သည်။

အတော်ကလေးသွားမိသောအခါ လှေကားထစ်များဆီသို့ ရောက်ရှိလာခဲ့ကြသည်။

လှေကားထစ်များပေါ် တက်ခဲ့ကြသည်။

ရန်လျှူချင်းသည် လျှို့ဝှက်အံဖုံ တံခါးကို ဖွင့်လိုက်၏။

မီးတုတ်များကိုလည်း ငြိမ်းသတ်လိုက်ကြသည်။

လျှို့ဝှက်အံဖုံးတံခါးပေါက်မှထွက်လိုက်သည့်အခါ တသုန်သုန် တိုက်ခတ်နေသော လေပြေက သူတို့ကို တို့ထွေ့ပွတ်သပ်သွားသည်။

နောက်ကျောဘက်ဆီသို့လည်းပြန်လှည့်ကြည့်လိုက်မိကြသည်။

ဟို....ခတ်ဝေးဝေးဆီတွင် မီးရောင်များ ထိန်လင်းနေသော စံအိမ်တော်ကြီးကို လှမ်းမြင်ကြရသည်။

စံအိမ်တော်ကြီး ရှိရာဆီသို့ တချက်မျှ ကြည့်ရှုလိုက်ကြပြီးနောက် ခရီးဆက် ဖို့ပြင်သည်။

လျှို့ဝှက်အံဖုံးတံခါးကို ပြန်ပိတ်လိုက်သည်။

ရန်လျှူချင်းသည် စကားတခွန်းမျှမဆိုဘဲ ခြေလှမ်းကို သွက်သွက်လှမ်းသည်။

ရိလျှံမှာ အပြေးအလွှားဝမျှ လိုက်ပါလာခဲ့ရရှာသည်။

၂၉

မြို့စွန်ရှိ လူယုံတော်တယောက်၏ မြင်းဇောင်းအတွင်းမှ သူတို့အတွက် မြင်းနှစ်စီးရသည်။

သူတို့နှစ်ဦးသည် မြင်းကိုယ်စီဖြင့် ဆင်ဖန်မြို့ကို ကျောခိုင်းကာ ဒုန်းစိုင်း ထွက်ခွာလာခဲ့ကြသည်။

အရှေ့ဆီမှ ရောင်နီသန်းလာခဲ့ပြီ။

သို့သော် သူတို့သည် မရပ်နားသေး။

ရောင်နီသန်းရုံမျှသာမကတော့ဘဲ မိုးစင်စင်လင်းလာခဲ့ပြီ။

သို့တစေ ခရီးကို ဒလစပ်နှင်မြဲ။

ခရီးလမ်းတလျှောက် မြူခြည်များ ဝန်းရစ်နေဆဲ ရှိသည်။ နှင်းမှုန်များ သဲသဲလှုပ်မျှ ကျဆင်းနေဆဲ ရှိသည်။

ဝန်းကျင်လှမ်းလှမ်းတဝိုက် မြင်ကွင်းက မကွဲပြား။

အရာရာကို နှင်းမှုန်များကသာ ပိတ်ဆီး ကာဆိုင်းထားသည်။

မြူခြည်နှင့် နှင်းခိုးအကြားတွင် ရိလျှံ မျက်ခြေပြတ်ကျန်

ရစ်ခဲ့မည်စိုးသဖြင့် ရန်လျူချင်း မကြာခဏ စောင့်၍ခေါ်ရသည်။

စိတ်ချရလောက်သည့် နေရာမျိုး ရောက်မှသာ မြင်းနှစ်စီး ဘေးချင်းယှဉ်စီးသည်။

မကြာမီ သူတို့သည် သစ်ဝါးထူထပ်သော တောအုပ်တခု အတွင်းသို့ ရောက်ရှိလာကြကြောင်း ရီလျံ အကဲခတ်သိရှိသည်။

ကျေးငှက်ကလေးများ၏ မြည်ကြွေး တွန်ကျူးသံမှ အပ တောအုပ်တခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

နှစ်ယောက်သား ဘေးချင်းယှဉ်ကာ မြင်းများကို စီးလာခဲ့ကြသည်။

သို့သော် တော်တော်ဖြင့် စကားမဆိုမိကြ။

ရီလျံဘက်သို့ ရန်လျူချင်း တကြိမ်တခါမျှ လှည့်မကြည့်။

ရီလျံကသာ ရန်လျူချင်းကို မကြာခဏ လှည့်ကြည့်ယင်း အကဲခတ်သည်။

ရန်လျူချင်း၏မျက်နှာက တွေဝေ မှုံမှိုင်းနေသည်။ ဆွေးမြေ့ကြေကွဲသောသရုပ်ကို ဖော်ဆောင်ထားသည်။

မကြာခနလည်း သက်ပြင်းချတတ်၏။

စမ်းချောင်းကလေးတခု အနီးသို့ ရောက်ရှိလာခဲ့ကြသည်။

သူတို့နှစ်ဦး ခနမျှနားသည်။

မြင်းများကို ရေတိုက်သည်။ အစာကျွေးသည်။

သူတို့လည်း မြက်ခင်းပေါ်တွင်ထိုင်ယင်း ပါလာသည့်အစားအသောက်များကို စားသောက်ကြသည်။



သို့သော် သူတို့နှစ်ဦး မစားဖြစ်ကြ၊ တို့ကနန်း ၊ ဆိတ်ကနန်းမျှသာ။

သူတို့သည် ချစ်သူဘဝတုန်းကသာဆိုလျှင် ယခုလို သာယာလှပသောအချိန်မျိုး နေရာမျိုးဝယ် မေတ္တာစကားများကို ဖောင်ဖွဲ့လုမတတ်ပြောမိကြမည်ဖြစ်သည်။ အပြုံးချင်းပြိုင်ကာ အပျော်ချင်းဖလှယ်မိကြမည်ဖြစ်သည်။

ယခုမူ ရီလျံ၏ဘဝသည် မွေးစားဖခင် မြို့စားကြီး၏ ကြင်ယာတော်လောင်းဖြစ်၍နေလေပြီ။

ရန်လျူချင်းသည် မွေးစားဖခင်ကြီးကို ချစ်ခဲ့ရှိသေခဲ့၏။

ဖခင်ရင်း မဟုတ်သော်သည်း မိမိအပေါ် ရန့်တာထုန်က ကောင်းမွန်စွာ ကျွေးမွေးစောင့်ရှောက်ခဲ့သည်။

ထို့ကြောင့် ရီလျံကို မွေးစားဖခင်လက်မှ ပြန်လည်ရယူမည်မှာ စိတ်ကူးအတွင်းတွင်ပင် တွေးတောစဉ်းစား၍မရ။ သက်ပြင်းကိုသာ မကြာခန ချနေမိတော့သည်။

ရီလျံထံမှ စကားသံလေးတခွန်းက ထွက်ပေါ်လာခဲ့သည်။

'ဘယ်လိုလဲရှင့်၊ ရှင်....ခနခန ဘာဖြစ်လို့ သက်ပြင်းချနေရတာလဲဟင်....

ရီလျံ၏အမေးကြောင့် ရန်လျူချင်းတချက် လှည့်ကြည့်လိုက်သည်။ နောက်....မည်သည့်စကားကိုမျှ တုန့်ပြန်ပြောဆိုခြင်းမပြုဘဲ အခြားတဖက်သို့ မျက်နှာလွှဲနေလိုက်သည်။

ရီလျံထံမှသာ စကားသံ ထွက်ပေါ်လာခဲ့ရပြန်သည်။

ရှင့်ကြည့်ရတာ ကျုမကို အဖက်မတန်သလိုပါဘဲလား၊ အင်းလေ ကျုမက မတန်ရော ရှင့်ဖခင် မြို့စားကြီးနဲ့ လက်ထပ်ဖို့

သဘောတူထားတဲ့ မိန်းကလေးဆိုရင်တော့ယင် ကျမကို မုန်းချင်လဲ မုန်းနေမှာပေါ့’

‘အို....ကျုပ်မှာ ဒီလိုသေးဖွဲ့တဲ့စိတ်မျိုး လုံးဝမရှိဘူး’

‘ဒါဖြင့် ဘာလဲ၊ ရှင်တို့စည်းစိမ်ဥစ္စာ အဆောင်အယောင်တွေကို စွန့်လွှတ်ထွက်ပြေးလာခဲ့ကြရလို့ ဝမ်းပန်းတနည်း မချိတင်ကဲ ဖြစ်နေတာလားဟင်....’

‘ကျုပ်အနေနဲ့ ဘာစည်းစိမ်ဥစ္စာကိုမှ မမက်ပါဘူး....၊ ကျုပ်တန်ဖိုးထားတာက သစ္စာကတိ တည်ကြည် ခိုင်မြဲမှုဘဲ....’

ရန်လျှုချင်း၏လေသံသည် နာကျည်းမှုကြောင့် တင်းမာခက်ထန်နေသည်။

‘ရှင်....ကျမကို ရန်သူတယောက်လို ဘာဖြစ်လို့ ဆက်ဆံနေရတာလဲဟင်....’

ရိလျှံက မေးခွန်းထုတ်လိုက်ပြန်သည်။

ရန်လျှုချင်းသည် ဆက်ပြင်းတချက် ချလိုက်မိသည်၊ တင်းထားသော မျက်နှာကိုလည်း လျှော့လိုက်မိသည်။

တကယ်တန်း ရိလျှံ၏ မျက်နှာကလေး ညှိုးငယ်လာတော့လည်း သူမကြည့်ရက် မကြည့်နိုင်။

‘ကျုပ်အနေနဲ့ ကျုပ်ရဲ့ မိတွေးတော်လောင်း တယောက်ကို ရန်သူလိုမဆက်ဆံရဲပါဘူးဗျာ’

‘ရှင့်လေသံက ကျမကို တမင်အရွဲ့တိုက် ပြောနေမှန်း၊ သိပါတယ်ရှင်။ တကယ်တော့ ကျမက ရှင့်ထက် အသက်တော်တော်ငယ်ပါတယ်။ ကျမလို မိန်းကလေးတယောက်က ရှင့်အဖေလို



ဇရာပိုင်းနင်းနေတဲ့ အဖိုးအိုကြီးတဦးကို လက်ထပ်ဖို့ သဘောတူလိုက်တဲ့အတွက် ရှင့်စိတ်ထဲမှာ အံ့သြနေမိလိမ့်မယ်’

‘အံ့သြစရာမလိုပါဘူးဗျာ။ ကျုပ်အဖေက အသက်ကြီးပြီး အဖိုးကြီးဖြစ်တာကလွဲလို့ အရှိန်အဝါ ငွေကြေးဂုဏ်နနဲ့ပြည့်စုံနေတဲ့ မြို့စားတပါးဘဲ၊ သူ့ကို မချစ်ခင် မနှစ်သက် ပေမယ့် အရှိန်အဝါ ဩဇာနဲ့ငွေဂုဏ်နဂုဏ်ကိုမက်ပြီးလက်ထပ်ဖို့သဘောတူတာမျိုးလဲဖြစ်နိုင်တာပေါ့....’

‘အို....ကျမ ဘာဂုဏ်မှမမက်ဘူး’

ရိလျှံသည် ဒေါသသံကလေးဖြင့်ပြောယင်း ခေါင်းကိုသွက်သွက်ခါရမ်းလိုက်သည်။

‘ဒါဖြင့် ကျုပ်အဖေလို လူမျိုးကို ခင်ဗျားက ချစ်လို့ယူမှာပေါ့၊ ဒီလိုဆိုယင်တော့ ရယ်စရာ ကောင်းလွန်းလှတဲ့ စကားကို ကြားရတော့မှာဘဲထင်တယ်။ ဟဲ....ဟဲ....ဟဲ....’

‘ဒါကတော့ ကိုယ့်အကြောင်းနဲ့ကိုယ်ပါရှင်။ ကျမ ဒီလိုလုပ်ရတာဟာ ကျမတို့ဘက်မှာ ခိုင်လုံတဲ့အကြောင်းတရပ်ရှိနေလို့ပါ’

‘ဒါထက် ကျုပ်တခုလောက် မေးစမ်းပါရစေ၊ မှန်မှန်ဖြေဘို့လဲ မေတ္တာရပ်ခံချင်တယ်’

‘ဆိုစမ်းပါအုံး....ရှင့်မေးခွန်းက’

‘မင်းမှာ ချစ်သူရှိသလား’

ရန်လျှုချင်းအမေးကြောင့် ရိလျှံငိုင်သွားသည်၊ တွေသွားသည်။

မျက်လွှာကို အသာချလိုက်သည်၊ မျက်ခင်းပြင်ကို ငေးစိုက်ကြည့်ရှုနေသည်။

လွင်စာပေ

'ဘယ်လိုလဲ မိန်းကလေး....။ ဆိတ်ဆိတ်နေတာက ဝန်ခံတဲ့သဘောလား'

ရန်လျှုချင်းသည် ရိလျှံကို တချက်ကြည့်ကာ ထပ်မံ၍မေးမြန်းလိုက်သည်။

ရိလျှံသည် ခေါင်းကို မသိမသာ ညိတ်လိုက်သည်။ တိုးတိမ်သောလေသံဖြင့်လည်း ပြောလိုက်သည်။

'ဟုတ်တယ်....ကျမမှာ ချစ်သူရှိခဲ့တယ်'

'အင်း....မင်းမှန်တာကိုတော့ ပြောရဲသားဘဲ'

'ကျမက ဘာဖြစ်လို့ လိမ်ပြောရမှာလဲ'

'ထားပါတော့လေ....မင်းမှာ ချစ်သူရှိ ရဲ့သားနဲ့ ဘာဖြစ်လို့ချစ်သူကိုသစ္စာဖောက်ပြီး ကျုပ်အဖေကိုယူဖို့ ကြံစည်ရတာလဲ'

'အို....ကျမက သူ့ကို သစ္စာမဖောက်ပါဘူး'

'သူ့ကို အမှိသစ္စာမဖောက်ဘူးဆိုယင် ကျုပ်အဖေကို ဘာဖြစ်လို့ယူဖို့ ကြံစည်ရတာလဲ'

'ဒါကတော့ ကျမမှာ ကိစ္စတရပ်ရှိနေလို့ပါ....'

'ဘာလဲ မင်းချစ်သူထက် ကျုပ်အဖေက အစစ ထိုက်တန်သာနေလို့ မဟုတ်လား'

'ရှင်....ဒီလိုမပြောပါနဲ့။ သူ့ကို ကျမက သစ္စာမဖောက်ဘူးလို့ပြောပြီးပြီ။ ကျမအနေနဲ့ ဘာစည်းစိမ်ဥစ္စာကိုမှလဲ မက်မောရာမလိုဘူး၊ ဘာကိုမှလဲ မမက်မောဘူး'

'အမှိ လိမ်တာဘဲ'

ဒေါသကြောင့် ရန်လျှုချင်းအသံကကျယ်လောင်သွားသည်။



စိတ်တွင်းမှခံစားနေရမှုများကို ဖွင့်ဟဖော်ထုတ် လိုက်မိမလိုဖြစ်သွားသည်။

သို့တစေ....အချိန်မှီ ဒေါသကို ပြန်ထိန်း လိုက်ရသည်။ ပွင့်ထွက်အံ့ဆဲဆဲ စကားများကို ချုပ်တည်းလိုက်ရသည်။

နေမြင့်လာပြီဖြစ်သော်လည်း ယခုထက်တိုင် နေရောင်ခြည်ကို မမြင်တွေ့ရသေး။

နှင်းမှုန်နှင်းစများကသာ ဖွေဖွေဖာထက် ပိုမို၍ သဲသဲလှုပ်အောင် ကျလာကြသည်။

နှင်းမှုန်နှင်းစများသည် သူတို့ အဝတ်အစားများ ပေါ်တွင် ရှုံ့စိုနေကြသည်။

ရန်လျှုချင်းသည် ထိုင်ရာမှထ၍ရပ်လိုက်သည်။

လှန်ထားသည့်မြင်းနှစ်ကောင်ဆီသို့ထွက်သွားကာ မြင်းလည်ဆွဲယူလာခဲ့သည်။

'ကဲ....ကျုပ်တို့ခရီးဆက်ကြအုံးစို့'

'ခရီးက ဘယ်မှာဆုံးမှာလဲရှင့်'

ရိလျှံက ထရပ်ယင်း မေးလိုက်သည်။

'နောက်သုံးလေးရက်ဆိုယင် ခရီးဆုံးရောက်ပါလိမ့်မယ်၊ အဲဒီမှာ လူချင်းပြန်ဆုံကြမှာဘဲ'

'ကျမတို့ ညလုံး မအိပ်ကြရသေးဘူး။ ဒီနေ့ တနေ့လုံးလဲ မအိပ်ဘဲနဲ့ သွားကြရမှာလား....'

'ဟုတ်တယ် မအိပ်ဘဲနဲ့သွားကြရမှာ။ ညကျယင်တော့ ကျုပ်တို့အတွက် လုံခြုံတဲ့နေရာတခုကို ရောက်မယ်။ အဲဒီကိုရောက်မှဘဲ အနားယူ အိပ်စက်ကြတာပေါ့'

'တောကြီးထဲမှာ ဒီအတိုင်းအိပ်ကြရမှာလား'

'တောထဲ ဘာ တောထဲ ပေါ့လေ၊ ဒါပေမယ့် ကျောက်လှိုဏ်ဂူကြီးတလုံးရှိပါတယ်။ အဲဒီလှိုဏ်ဂူ လုံခြုံဘယ်....၊ ကောင်းတယ်၊ ဘယ်လို တောအန္တရာယ်မျိုးမှ စိုးရိမ်စရာ မရှိဘူး...။ ဒါကြောင့် တောလိုက် မုဆိုးတွေအတောင် ဒီဂူကို နံမယ်ပေး ထားကြတယ်'

'ဘယ်လိုနံမယ်မျိုးလဲ'

'ငြိမ်းချမ်းခြင်းဂူဘဲ၊ ကိုင်း ...သွားကြစို့ရဲ'

စကားအဆုံး ရန်လျှုချင်းသည် မြင်းပေါ်သို့ လွှားကနဲ ခုန်တက်လိုက်သည်....။

ရိုလျှံသည်လည်း ပင်ပန်းနွမ်းနယ်နေသော အမူအယာလေးဖြင့် မြင်းပေါ်တက်လိုက်ရသည်။

နောက်....သူတို့နှစ်ဦး ထိုနေရာကို ကျောခိုင်းကာ မြင်းများကို စီးနင်းထွက်ခွာသွားကြသည်။ နှင်းမှုံနှင့်မြူခိုးများအကြားသို့ တိုးဝင်ပျောက်ကွယ်သွားကြသည်။

၄၀

သူတို့နှစ်ဦး နှင်းမှုံကြားသို့ တိုးဝင် ပျောက်ကွယ်သွား၍ ခနမျှအကြာ မဲမဲသဏ္ဍာန်သုံးခုသည် မြူခိုးများအကြားမှ ရိပ်ကနဲ ပေါ်ထွက်လာကြလေသည်။

ထိုအရိပ်သဏ္ဍာန်သုံးခုတို့သည် ရန်လျှုချင်းတို့အနားယူသွားခဲ့ကြသောနေရာတွင် ခေါင်းထောက်ရပ်တန့်လိုက်ကြသည်။

သူတို့သုံးဦးမှာ နတ်မိမယ်ခုနစ်ဖော်အဖွဲ့မှ မိန်းကလေး သုံးယောက်တို့ဖြစ်ကြ၏။

ချင်းချင်း၊ ကျန်းကျန်းနှင့် ကြောင်လွှက်သည်း ခုံလှန်ကြင်။

သူတို့သည် ရန်လျှုချင်းတို့စွန့်ပစ်ခဲ့သော စားကြွင်းစားကျန်များကို ငုံ့ကြည့်ကာ ကျေနပ်စွာ ခေါင်းဆတ်လိုက်ကြသည်။

ခုံလှန်ကြင်ပုခုံးပေါ်မှ ကြောင်နက်ကြီးမှာ တခွီးခွီးနှင့် မာန်ဖီနေသည်။

ကျန်းကျန်းက လက်ထဲမှ ဓားနှစ်လက်ကို ဝှီးကနဲ ဘပတ်သည်

အောင်လှည့်ဇာတေးယင်း အံကြိတ်ကာ သွားကြားမှ ထွက်သည့် လေသံဖြင့် ပြောလိုက်၏။

'ငြိမ်းချမ်းခြင်းဂူတဲ့ ဟား....ဟား....ဟား....ဟား။ သစ္စာဖောက်မြို့စားကြီးရဲ့သားရယ်။ နင့်အတွက် ဒီဂူဟာ တကယ်ဘဲ ငြိမ်းချမ်းခြင်းဂူဖြစ်စေရမယ်ပေါ့။ နင့်အတွို ထာဝရ လျှောင်းစက်ရမဲ့နေရာဖြစ်စေမယ်ပေါ့ ဟား....ဟား....ဟား....ဟား....'

ကျန်းကျန်း၏စကားအဆုံး ချင်းချင်း လေချွန်သံ တချက်ပေးလိုက်သည်။

'ရှီ ....'

ချင်းချင်း၏ရှူးရှသော လေချွန်သံကြောင့် မြင်းခွာသံများ ထွက်ပေါ်လာသည်။

'ဟော....'

နှင်းမှုံများအကြားမှ မြင်းလေးစီး။

ကြာပွတ်မယ်အားတက်သည် ရှေ့ဆုံးမြင်း၏ ကျောထက်တွင် ကြာပွတ်ခွေကို လက်မှဟန်ပါပါကိုင်ယင်း လိုက်ပါလာခဲ့သည်။

ကျန်းကျန်း၊ ချင်းချင်းနှင့် ကြောင်လက်ထည်းတို့သည် မြင်းလွတ်သုံးစီးပေါ်သို့ အသီးသီးခုန်တက်လိုက်ကြသည်။

နောက်.... ရန်လျှူချင်းတို့ထွက်ခွာသွားရာဘက်သို့ လိုက်ပါသွားကြ၏။

ခနတွင် သူတို့သည်လည်း နှင်းမှုံများအကြားဝယ် ပျောက်ကွယ်သွားကြရပြန်သည်။

ထိုနေရာကလေးတွင် စမ်းရေစီးသံမှအပ ပကတိ တိတ်ဆိတ် ငြိမ်သက်နေသည်။

နှင်းစက်နှင်းပေါက်ကလေးများ၏ ဖြိုးဖြိုး ဖျောက်ဖျောက် ကျဆင်းသံသာထွက်ပေါ်နေသည်။

ရုတ်တရက်ရေစီးသံနှင့် နှင်းကျသံများကို ကျော်လွှား အုပ်မိုးကာ တုန်လှုပ်ဖွယ်ရယ်သံတရပ်က သဲ့သဲ့မျှ ပေါ်ထွက်လာသည်။

'ဟီး....ဟီး....ဟီး....ဟီး....'

'ဟီ....ဟီ....ဟီ....ဟီ....'

ရယ်သံသည် သဲ့သဲ့မျှရှိနေရာမှ တစထက် တစ ပိုမိုပီပြင်လာခဲ့သည်။ ပိုမိုကျယ်လောင်လာခဲ့သည်။

'ဟီး....ဟီး....ဟီး....ဟီး....'

'ဟား....ဟား....ဟား....ဟား....'

ရယ်သံက ကျယ်လောင်သည်ထက် ကျယ်လောင် လာခဲ့ပြီး မြေကြီးနှင့် ငါးပေအကွာလောက်အမြင့်တွင် အနက်ရောင် သဏ္ဌာန်ရှည်ရှည်မြောမြောကြီးတခုက ဝိကနဲ ရောက်ရှိလာခဲ့၏။

ထိုအနက်ရောင် သဏ္ဌာန် ရှည်ရှည် မြောမြော ကြီးသည် ရှန်လျူချင်းတို့ အနားယူသွားသော နေရာတွင် တုန့်ကနဲ ရပ်လိုက်၏။

အလို....။

အံ့ဖွယ်သူရဲ ထူးကဲလှန်းပေစွ။

ထိုမည်းမည်းရှည်ရှည်သဏ္ဌာန်ကြီးမှာ အသက်ဝိညာဉ် ကင်း

မဲ့သည့်လူသေများကို ထည့်သွင်းမြှုပ်နှံသော အသုဘသေတ္တာ ခေါင်းကြီးတလုံးဖြစ်နေသည်။

မြေကြီးနှင့် ငါးပေအကွာ လေထုထဲတွင် တန့်ရပ်နေသည်။

မဟုတ်သေး။

မဟုတ်လေသေး။

ခေါင်းနက်ကြီးအောက်တွင် နှင်းမှုံနှင့် မြူခိုးများအကြားတွင် ရောနှောအာ ပျောက်ကွယ်လုလု ဖြစ်နေသော သဏ္ဌာန်တခု....။

အမှန်ပင်။

ချောက်ခြားဖွယ်ရာ ရယ်သံသည် ထိုသဏ္ဌာန်ကြီးထံမှ ထွက်ပေါ်နေခြင်းဖြစ်သည်။

သဏ္ဌာန်ကြီး၏ ရယ်မောသံသည် ချောက်ခြားဖွယ်ရာ ကောင်းနေသလို သဏ္ဌာန်ကြီး၏ပုံပန်းကလည်း မကောင်းဆိုးဝါး၊ ဖုတ်ပြိတ္တာ၊ နာနာဘာဝ၊ တစ္ဆေနွယ်ရှိနေ၏။

သဏ္ဌာန်ကြီးသည် ခေါင်းနက်ကြီးကို ဦးခေါင်း ပေါ်တွင် ရွက်ပိုးထားခြင်းဖြစ်သည်။

မကောင်းဆိုးဝါးတကောင်၏ ဟန်ပန်မျိုးရှိနေသောသဏ္ဌာန်ကြီး၏ကိုယ်ခန္ဓာမှာ လှုပ်ရှားရမ်းခါနေသဖြင့် ဦးခေါင်းထက်မှ ခေါင်းနက်ကြီးမှာလည်း ဟိုသည်ယိမ်းထိုးနေရလေသည်။

သဏ္ဌာန်ကြီးထံမှ ချောက်ခြားဖွယ်ရာ ရယ်မောသံနှင့်အတူ ကြက်သည်းမွေးညင်းထဖွယ် စကားသံတို့ကလည်း ပေါ်ထွက်လာခဲ့လေသည်။

'ဟီး....ဟီး....ဟီး..ဟီး'

'ဟဲ... ဟဲ....ဟဲ... ဟဲ.... သေခြင်းမှတ်တိုင်က မေးတော့ပါလား။ သစ္စာဖောက်တွေရဲ့ခေသွးက မြေကျွရတော့ မှုးပါလား။ အချိန်အခါကာလဲ ကျရောက်လာခဲ့ရပြီကိုး။ ဟီး....ဟီး....ဟီး.... ဟီး....ဟိုး... ဟိုး.... ဟိုး... ဟိုး....'

'မှန်တယ်...မှန်တယ်။ ကံတရား၏ အလှည့် အပြောင်းကာလဲ ရောက်လာခဲ့ပြီ။ မြင့်တဲ့လူတွေ နိမ့်ပြီး နိမ့်တဲ့လူတွေ မြင့်လာရပေတော့မယ်'

သင်္ကြာန်ကြီး၏စကားသံနှင့် ရယ်မောသံကာအဆုံး ဘယ်ဆီမှ လွင့်ပျံပေါ်လာသည်မသိရသည့်စကားသံတရပ်က မေးထုထဲတွင် ပေါ်ပေါက်လာခဲ့သည်။

ထိုအသံသည် ခြင်ကောင်ကလေးများ၏ တောင်ပံခတ်သံမျှ သောက်သာရှိသည်။

အသံသည် ကောင်းကင်ယံမှ ထွက်ပေါ်လာလေသလော....။ မြေထုအတွင်းမှ ပေါ်ပေါက်လာလေသလော။

ခွဲခြားဖော်ပြခြင်းငှာ မစွမ်းသာ။

တိတိပပပြောနိုင်သည်မှာ တခုသာ ရှိသည်။

ထိုအသံသည် လူသားတဦးတယောက်၏ အသံမျိုးမဟုတ်ဘဲ မကောင်းဆိုးဝါး မိစ္ဆာတကောင်၏ အသံနှယ်သာ ဖြစ်သည်။

အသံပေါ်လာသည်ကို သင်္ကြာန်ကြီးက နားစွင့်ထောင်နေဟန်ဖြင့် ငြိမ်သက်နေသည်။ ပြီးလေမှ ခေါင်းနက်ကြီး လှုပ်ယမ်းသွားအောင် ဦးခေါင်းကို တဆတ်ဆတ်ညိတ်လိုက်၏။

ထို့နောက်ချောက်ခြားဖွယ်ရာရယ်မောသံကြီးနှင့်အတူနှင်မှုံကြားသို့ ဝှီးကနဲ ပြေဝင် ပျောက်ကွယ်သွားလေတော့သည်။

ခေါင်းနက်ကြီးသည် သဏ္ဍာန်ကြီး၏ ခေါင်းပေါ်ထက်တွင် ဟိုသည် ယိမ်းထိုးယင်း ပါသွားရလေသည်။

ခနတွင် ကျောစိမ့်တွယ်ရာ ရယ်မောသံသည် တဖြေးဖြေး ဝေးကွာ ပျောက်ကွယ်သွားရလေသည်။

လွင်ချို့သော စမ်းရေသံသည်သာ ကျန်ရစ်ခဲ့၏။

နှင်းစက်နှင်းပေါက် ကလေးများ၏ ဖြိုးဖြိုးဖျောက်ဖျောက် ကျသံသည်သာ ကျန်ရစ်ခဲ့၏။

## ၃၁

နေဝင်ရီတရော။

ငြိမ်းချမ်းခြင်းဂူဆီသို့ ရန်လျှိုချင်းနှင့်ရီလျှံတို့ ရောက်သွားကြသည်။

လျှိုက်ဂူမှာ အိမ်ငယ်တလုံးစာမျှ ရှိသည်။

ရှေးလွန်လေပြီးသောကာလက လူများ ဖန်တီးပြုလုပ်ထားခဲ့ကြောင်း လျှိုက်ဂူကို ကြည့်ခြင်းအားဖြင့် သိသာနိုင်သည်။

ငြိမ်းချမ်းခြင်းဂူသည် တောင်စွယ်အမြင့်တနေရာတွင် တည်ရှိနေသည်။

တောင်စွယ်ဝန်းကျင်တဝိုက်ရှည်သွယ်မြင့်မားသောထင်းရှူးပင်များ ပတ်လည်ဝန်းရံ ပေါက်ရောက်နေကြသည်။

ဂူဆီမှ မြှော်၍ကြည့်လျှင် အောက်တဘက်တွင် ပြားပြားဝပ်နေသော တောတန်းကြီးကို တမြော်တခေါ် မြင်တွေ့ရသည်။

လျှိုက်ဂူ၏ နေရာတဝိုက်တွင် သာသာယာယာ ရှိလှသဖြင့်

ငြိမ်းချမ်းခြင်းဂူဆိုသည့်အမည်နာမနှင့် လိုက်ဖက်ကြောင်း ရိလျ စဉ်းစားလိုက်သည်။

လျှိုဏ်ဂူတွင် တခုတည်းသော တံခါးပေါက်သာ ရှိသည်။

တံခါးပေါက်မှာလည်း တလံမျှလောက်သာ ကျယ်ဝန်းသည်။

အချိန်က နေဝင်ရီတရောဖြစ်သဖြင့် ဂူအတွင်းတွင် မှောင်ပိန်းနေသည်။

ရန်လျှူချင်းသည် ဂူတွင်းသို့ ရှေးဦးစွာ ဝင်သွားခဲ့၏။

ခနတွင် ဂူထဲမှ မီးရောင်လင်းလာသည်။ ရန်လျှူချင်း မီးဖိုလိုက်ခြင်း ဖြစ်သည်။

မီးဖိုအပြီး အပြင်သို့ပြန်ထွက်လာတော့ ရိလျကို ခေါ်ယူလိုက်သည်။

သူတို့နှစ်ဦးသည် မြင်းများကိုပါ ဂူထဲသို့ ဆွဲခေါ်လာခဲ့ကြသည်။

ဂူတံခါးအဖြစ် ကျောက်ဖျာတချပ်ရှိသည်။

ရန်လျှူချင်းသည် ကျောက်ဖျာကို မရွှေ့၍ ဂူပေါက်ဝကို ပိတ်ထားလိုက်သည်။

အပြင်တွင် နှင်းစက်နှင်းပေါက်နှင့် အေးမြသော ရာသီဥတုကြောင့် ခိုက်ခိုက်တုန်မတတ် ရှိသည်။

သို့တစေ ဂူတွင်းတွင်မူ နွေးနွေးထွေးထွေး ရှိ၏။

မြင်းများကို တံခါးနားတွင် ချည်ထားသည်။

မီးပုံ၏ တဖက်တချက်တွင် ရန်လျှူချင်းနှင့်ရိလျတို့ အိပ်ယာများကို ခင်းကျင်းလိုက်သည်။



သူတို့နှစ်ဦးသည် မီးပုံကို အလယ်မှခြား၍ အိပ်ယာများထက်တွင် အသီးသီးလှဲလိုက်ကြသည်။

ခရီးတော ပန်းသည်။ လူက နွမ်းနေသည်။

မနေ့ညကလည်း မအိပ်ရ။ သည်ကနေ့ ~ နေ့လုံးလည်း မအိပ်ကြရ။

အလွန်အမင်းအိပ်ချင်သည့်စိတ်က သူတို့ကိုလွှမ်းမိုးနေသည်။

သို့တစေ နှစ်ဦးစလုံး အိပ်မပျော်နိုင်ကြ။

အိပ်ယာများထက်တွင် တလူးလူး တလိမ့်လိမ့်နှင့် ရှိနေကြရသည်။

ရန်လျှူချင်းသည် ချစ်ရသော ရိလျနှင့် ယခုလိုနေရာမျိုးတွင် ရောက်ရှိနေရသော်လည်း သူစိမ်းတဦးကဲ့သို့ ဟန်ဆောင်ဆက်ဆံနေရသဖြင့် ရင်ထဲတွင် မကြည်မသာ မချမ်းမြေ့နိုင်အောင် ဖြစ်နေသည်။

ချစ်သူ၏ကိုယ်လုံးသွယ်သွယ်လေးကို ရင်ဝယ်ထွေးဖက်ကာ ချစ်စကားအလှအပများကို ပြောဆိုနေချင်မိသည်။

သို့ပေမယ့် အခြေအနေက ပြောင်းလဲခဲ့ရပြီ။

ထိုစဉ် တိတ်ဆိတ်မှုကို ဖောက်ထွင်းပြီး ရိလျထံမှ စကားသံတရပ်က ပေါ်ထွက်လာခဲ့သည်။

'နယ်ချဲ့မွန်ဂိုတွေအပေါ်မှာ ရှင် ဘယ်လိုသဘောထားသလဲ၊ ရှင် ဘယ်လိုမြင်သလဲ'

အတွေးနယ်ချဲ့နေသော ရန်လျှူချင်းသည် သဲသဲကွဲကွဲမကြားလိုက်ရ။

'မင်း....ဘာပြောလိုက်တာလဲ'

'အော်...မွန်ဂိုတွေအပေါ် ရှင် ဘယ်လိုမြင်သလဲလို့ ကျမ မေးတာပါ'

'ဘာရည်ရွယ်ချက်နဲ့ မေးရတာလဲ'

'သူတို့အပေါ်မှာထားတဲ့ ရှင့်သဘောထားကို သိချင်လို့ပါ'

'ဒီနယ်ချဲ့ကောင်တွေအပေါ် ဘယ်လိုမြင်ရမှာလဲ။ ဒီကောင်တွေဟာ ဒို့တိုင်းပြည်တပြည်လုံးကို ကျူးကျော်သိမ်းပိုက်ဖို့ ကြံစည်နေကြတဲ့ အမျိုးယုတ် ကောင်တွေပေါ့။ တိုင်းပြည်ရဲ့မြောက်ပိုင်းကိုသိမ်းပိုက်ထားရုံအားမရသေးဘဲ အခု တောင်ပိုင်းကိုပါ သိမ်းပိုက်ဖို့ စစ်ချီလာနေကြပြီ။ ဒို့တိုင်းပြည်ကိုသိမ်းပြီး ဒို့လူမျိုးပါ ကျွန်ဇာတ်သွင်းနေကြတယ်။ ကျုပ်သဘောထားကို သာပြောရမယ်ဆိုယင် ဒီကောင်တွေကို တယောက်မကျန် ဓားနဲ့ နုပ်နုပ်စင်းပစ်လိုက်ချင်တယ်'

ရန်လျှူချင်း၏အသံသည် တက်ကြွလွန်းနေသည်။ ဒေါသံလည်း ပါလွန်းနေသည်။ အားမန်လည်း အပြည့်ရှိ၏။

ရိလျှံသည် မီးပုံကိုကျော်ကာ ရန်လျှူချင်းအား အကဲခတ်သလို ကြည့်လိုက်၏။

'ရှင် အခုပြောနေတဲ့စကားတွေက ရှင့်ဆန္ဒ အစစ်အမှန်တွေဘဲပေါ့'

'ကျုပ်က ဘာဖြစ်လို့ လိမ်ပြောနေရမှာလဲ အမိရဲ့။ ကျုပ်သာမကဘူး။ ကိုယ့်တိုင်းပြည်နဲ့ကိုယ့်လူမျိုးအပေါ် သစ္စာစောင့်သိကြတဲ့ နိုင်ငံသူ နိုင်ငံသားတိုင်း ဒီလိုစကားမျိုးပြောကြလိမ့်မယ်'

'ဒါဖြင့် မွန်ဂိုတွေကို ရှင် မုန်းတယ်ပေါ့'

'အမှန်ဘဲ'



'ဒါဖြင့် မွန်ဂိုတွေရဲ့အကျိုးကို ရှင်တို့ဘာဖြစ်လို့ ဆောင်ရွက်နေကြရတာလဲ'

ရိလျှံ၏စကားသည် ရန်လျှူချင်းတကိုယ်လုံးအား မိုးကြိုးနှင့် ပစ်ခွင်းလိုက်ဘိသကဲ့သို့ သွက်သွက်ခါ ယမ်းသွားစေသည်။

အလန့်တကြားအမူအယာဖြင့် မိန်းကလေးကို ကြည့်လိုက်သည်။ ပြီးနောက် ဗလုံးဗထွေးလည်း ပြောလိုက်မိ၏။

'မင်း ဘာ့ကြောင့် မဟုတ်တာပြောချင်ရတာလဲ။ ငါတို့ဟာ ဘယ်တုန်းကမှ နယ်ချဲ့အကျိုးကို မဆောင်ရွက်ခဲ့ဘူး။ တိုင်းပြည်ကို သစ္စာမဖောက်ခဲ့ဘူး'

'အင်းလေ။ ရှင်က သစ္စာမဖောက်ဘူးဆိုပေမယ့် ရှင့်အဖေက သစ္စာဖောက်ပြီး နယ်ချဲ့တွေရဲ့လက်ကိုင်ဒုတ်ဖြစ်နေမယ် ဆိုယင်ကော'

'မင်း ဘယ်လိုပြောလိုက်တာလဲ၊ ဒီကိစ္စ လုံးဝမဖြစ်နိုင်ဘူး'

'ရှင်မသိလို့သာ အခုလိုပြောနေတာဖြစ်မှာပါ။ တကယ်တော့ ရှင်က မွေးစားသားတယောက်ဘဲ မဟုတ်လား'

'မင်းမှားနေပြီမိန်းကလေး၊ ငါ့အဖေဟာ ငါ့ကိုသားအရင်းတယောက်လိုဘဲ အမြတ်တနိုးလဲ အားကိုးတယ်။ ငါ့အဖေနဲ့ ငါ့ကြားမှာ ဘယ်လို လျှို့ဝှက်ချက် ဖုံးကွယ်ချက်မျိုးမှ မရှိဘူး'

'ဒါပေမယ့် ရှင့်စိတ်ဓာတ်ကို သိထားတဲ့ သူတယောက်အဖို့တော့ အခုပြောတဲ့ကိစ္စကို အတတ်နိုင်ဆုံး ဖုံးကွယ်ထားချင်လဲ ထားမှာပေါ့လေ...'

'တိတ်စမ်းကွာ.... တိတ်စမ်း။ ဟင်း.... ဒီစကားတွေကြောင့် ကြာယင် ငါသည်းမခံနိုင်ဘဲဖြစ်လာလိမ့်မယ်'

ရန်လျှံချင်းသည် ဆက်လက်မကြီးစားချင်တော့သဖြင့် ရိလျှံကို ကျော်ခိုင်းလိုက်လေသည်။

ရိလျှံထံမှလည်း မည်သည့် စကားသံမျှ ထွက်ပေါ် မလာတော့။

သူသည် သက်ပြင်းတရပ်ကို တိတ်တခိုးချလိုက်သည်။

တစုံတရာကို ကျေနပ်သွားဟန်ဖြင့် သူမ မျက်နှာက ရွှင်ပြလာသည်။

နှုတ်ခမ်းအစုံကလည်း ပြုံးရောင်သန်း၍ လာခဲ့ရ၏။

၇၂

အချိန်က သန်းခေါင်တိုင်ခဲ့ပြီ။

တောင်စွယ်ထိပ်ရှိ ငြိမ်းချမ်းခြင်းဂူသည် နှင်းမှုံများအောက်ဝယ် ပကတိတိတ်ဆိတ်စွာ....ငြိမ်သက်စွာ။

လိုဏ်ဂူရှိရာ တောင်စွယ်လမ်းအတိုင်း သဏ္ဌာန်မဲမဲ လေးခု အလျင်အမြန် ရွေ့လျားလှုပ်ရှားလာကြသည်။

ခြေလှမ်းလာသည် မထင်ရ။

နာနာဘာဝ ဝိညာဉ်များ လေထဲတွင် လွင့်မြောပါသာသလား မှတ်ထင်ရသည်။

ယင်းသဏ္ဌာန်လေးခုတို့မှာ ကျန်းကျန်း၊ချင်းချင်း၊ကြာပွတ်ဘီမည် အားဘက်နှင့် ကြောင်လက်သည်း ခုံပန်ကြင်တို့ ဖြစ်ကြသည်။

ကြောင်လက်သည်း ပခုံးထက်မှ ကြောင်နက်ကြီး၏ချောက်

ခြားဖွယ်မာန်ဖီသံသည် တခွီးခွီးဖြင့် တိတ်ဆိတ်မှုကို ဖောက်ထွင်းထွက်ပေါ်နေသည်။

ဂူနှင့် မလှမ်းမကမ်းသို့ ရောက်ရှိလာခဲ့ကြပြီ။

သူတို့လေးဦး ပြိုင်တူရပ်တန့်လိုက်ကြသည်။

ချင်းချင်းသည် ကျန်သုံးဦးကို လက်တာ ပြလိုက်သည်။

ပြီး... လှစ်ကနဲ ထွက်သွားသည်။

ဂူဆီသို့ ချဉ်းကပ်လာခဲ့သည်။

ခနအကြာ သူမသည် ကျန်မိန်းကလေးသုံးဦး စောင့်ဆိုင်းနေရာသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

'သူတို့အထဲမှာရှိတာ သေချာနေပြီပေါ့။ ကိုယ်တံခါးပိတ်ထားတာကို တွေ့ခဲ့ရတယ်'

ချင်းချင်းက လေသံတိုးတိုးအုပ်အုပ်ဖြင့် ပြောနေခြင်း ဖြစ်သည်။

ကျန်းကျန်းသည် ဓားနှစ်လက်ကို ပိုမို တင်းကြပ်စွာ ဆုပ်ကိုင်လိုက်၏။

'တံခါးပိတ်ထားတာ အကြောင်းမဟုတ်ပါဘူး။ ဒီကျောက်ဖျာတံခါးလောက်တော့ ငါဖွင့်နိုင်တာ နင်တို့သိကြသားဘဲ....၊ တံခါးကို ငါဖွင့်ပေးမယ်၊ တံခါးပွင့်တဲ့အခါကျရင်သာ....'

ကျန်းကျန်းသည် စကားကိုဆုံးအောင်ဆက်မဆို။

ဓားနှစ်လက် စလုံးကို မြေတွင် အားပါးတရ ထိုးစိုက်လိုက်သည်။

ချင်းချင်းက ကျန်းကျန်းကို ဖြောင်းဖျဟန်ဖြင့် ကြည့်ယင်း ပြောသည်။



'နင့်ကိုတော့ ငါသတိကြိုပေးထားပါရစေ'

'နင်က ဘာသတိပေးချင်ရတာလဲ'

ကျန်းကျန်း ပြန်မေးသည်။

'ဒီဂူထဲမှာ ရန်လျူချင်းနဲ့ ရိလျ့တို့ ရှိနေကြလယ်ဆိုတာ ဒို့အားလုံးသိထားကြတယ်။ ဒါကလဲ မယ်တော်ကြီးကျင်းဝှာရဲ့ စီမံဆောင်ရွက်ချက်ကြောင့် သူတို့ ဒီလမ်းကလာမယ်ဆိုတာ ဒို့ကြိုသိထားကြရတာ။ ဒီလိုမှ မဟုတ်ယင် ရုပ်ဖျက်ထားတဲ့ ရန်လျူချင်းကို လုံးဝသိကြမှာ မဟုတ်ဘူး'

'အေးလေ....ဒါကို ထားစမ်းပါ၊ နင်ပြောချင်တာကဘာလဲ။ နင်သတိပေးချင်တာက ဘာလဲ'

'တို့ထမ်းဆောင်ရမဲ့ တာဝန်ပိုင်းကို နင်သိတယ်မဟုတ်လား ကျန်းကျန်း'

'ငါသိသားဘဲ'

'သိယင် တာဝန်ထက်ပိုပြီး နင့်ဒေါသကို ထိန်းထားစေချင်တယ်'

'နင်ဆတော့ပြောအားရှိမှာပေါ့ချင်းချင်း။ နင့်မှာထငါ့လိုမှ မခံစားရဘဲ။ ငါ့ညီမဝမ်းကွဲရိလျ့ကို ဖြားယောင်းသွေးဆောင်ပြီးသိမ်းပိုက်ဘို့ကြံစည်ခဲ့တဲ့ သစ္စာဖောက် မြို့စားကြီး ရန့်တာထုန်ကိုကော....၊ ဒီသစ္စာဖောက် မြို့စားကြီးရဲ့သား ရန်လျူချင်းကိုကော၊ ဘယ်သူ့ကိုဘဲ ဖြစ်ဖြစ် မျက်နှာချင်းဆိုင် တွေ့ရယင် အသေသတ်ဖို့ ငါဆုံးဖြတ်ပြီးနေပြီ'

'ဒါက နင့်ညီမ ရိလျ့က ကျေကျေနပ်နပ် သဘောတူထားတာ မဟုတ်လား။ မနေ့ညနေပိုင်းကတောင် ဆင်ဖန်မြို့ပေါ်မှာ

မြို့စားကြီး ရန့်တာထုန်နဲ့ ရိလျ ့တို့ ပြုံးပြုံးရယ်ရယ် တိုင်းခန်း လှည့်လည်ခဲ့ကြသေးတာဘဲ'

'အို…ဘာဘဲဖြစ်ဖြစ်ဒီမြို့စားသားအဖကိုတော့အရင်ဆုံးသတ်ကိုသတ်ရမယ်။ ပြီးတော့မှ ငါ့သမီးကို စစ်ဆေးပြီး သူလော်မာတာမှန်ယင်လဲ ထိုက်တန်တဲ့ အပြစ်ပေးရမယ်'

'မဟုတ်သေးဘူး ကျန်းကျန်း။ မယ်တော်ကြီး တို့ကိုပေးလိုက်တဲ့အမိန့်က ရန်လျူချင်းနဲ့ ရိလျ ့ကို အရှင်ဖမ်းပြီး မရဏတောင်ကို ခေါ်ဆောင်ခဲ့ရမယ်လို့ ပါတယ် မဟုတ်လား…။ ဒီအမိန့်ကို တို့အားလုံး လက်ခံခဲ့ကြရတယ်လေ'

'အေးလေ….ရိလျ ့ကိုတော့ ဒီအတိုင်းဘဲ ခေါ်သွားမယ်…။ ဟိုသစ္စာဖောက်မြို့စားသားကိုတော့ ခုခံတိုက်ခိုက်လို့ သုတ်သင်ပစ်လိုက်ရပါတယ်ဆိုယင်လဲ မယ်တော်ကြီးက အပြစ်တင်စကား ပြောလိမ့်မယ်မထင်ပါဘူး'

'ဒါကတော့ နင့်အထင်ကိုး'

'တကယ်လို့ မယ်တော်ကြီး အပြစ်ပေးယင်လဲ ဒီအပြစ်ကို ငါတယောက်ထဲခံပါ့မယ်။ နင်တို့သာ ငါ့ကို ချစ်ယင်ခင်ယင် ငါပြောသလိုဖြစ်အောင်ကူညီကြပါ'

ကျန်းကျန်း၏စကားများသည် ပြတ်သားလွန်းလှ၏။ တင်းမာလွန်းလှ၏။

သို့မို့ကြောင့် ကျန်အမျိုးသမီးသုံးဦးထံမှ သက်ပြင်းချသံများ ပြိုင်တူပေါ်ထွက်လာကြရသည်။

အတန်ကြာမျှလည်း တိတ်ဆိတ်ငြိမ်သက်သွားကြသည်။

မိန်းကလေးများ စဉ်းစားနေကြဟန်တူသည်။



တိတ်ဆိတ်မှုကိုဖောက်ထွင်းပြီး ပထမဦးစွာ ကြောင်လက်သည်းထံမှ စကားသံထွက်ပေါ်လာသည်။

'နင့်ဆန္ဒ ဒီလောက်ပြင်းထန်နေမှတော့ နင်ဖြစ်စေချင်သလို ငါတို့ကူညီရတော့မှာပေါ့ ကျန်းကျန်းရယ်'

ချင်းချိုင်းနှင့် အားတက် တို့ကလည်း ခေါင်းညိတ်လိုက်ကြသည်။ တယောက်ပြီးတယောက်ထောက်ခံပေးကြသည်။

'ကောင်းပြီလေ….ငါလဲကူညီပါ့မယ်'

'နင့်ဆန္ဒအတိုင်းဘဲ မြို့စားသားရဲ့အသက်ကို အဆုံးစီရင်လိုက်ကြတာပေါ့….'

ပညာတူညီအခုမျှား၏ ထောက်ခံစကားကို ကြားရသောအခါ ကျန်းကျန်း လှိုက်လှဲစွာ ပြုံးလာသည်။

သူမ၏အမူအယာသည် အားတက်သရောလည်း ရှိလာ၏။

မြေတွင် စိုက်ဝင်နေသော ဓားနှစ်လက်ကိုလည်း ဆတ်ခနဲ ပြန်လည်ဆွဲနှုတ်လိုက်သည်။

'ရန်လျူချင်းရဲ့ သိုင်းပညာဟာ ဘယ်လောက်ဘဲထက်မြက်တယ်ဆိုပေမဲ့ ငါတို့လေးယောက်ပေါင်းပြီးတိုက်ယင် ဒဏ်ခံနိုင်မယ်မဟုတ်ပါဘူး။ တို့လေးယောက် ပေါင်းရဲ့ စွမ်းအားဟာ သူ့ပညာကို ဘယ်လိုမှမှုစရာမလိုဘူး၊ ကိုင်း…. သွားကြစို့'

ကျန်းကျန်းသည် သွက်လက် ပေါ့ပါးသော ခြေလှမ်းများဖြင့် ရှေ့ဆုံးမှစတင်ထွက်ခွာသည်။

ကျန်မိန်းကလေးသုံးဦးသည်လည်း သူမနောက်မှ ထပ်ချပ်မကွာ လိုက်ပါလာခဲ့ကြသည်။

ထိုစဉ် ထူးခြားဆန်းပြားသောဖြစ်ရပ်တရပ်က ပေါ်ပေါက်လာခဲ့ရသည်။

'ဝှီး...'

သူမတို့လေးဦးရှေ့သို့ လေထုတလုံး အရှိန်အဟုန်ပြင်းစွာ တိုးဝှေ့တိုက်ခတ်လာသည်။

ယင်းလေထု၏အလည်တွင် သဏ္ဌာန်ဖြူဖြူကြီးတခု ဘွားအနဲ ပေါ်လာခဲ့၏။

သဏ္ဌာန်ဖြူကြီးသည် သူမတို့၏သွားလမ်းကိုပိတ်၍ ရပ်လိုက်လေသည်။

'ဟီး... ဟီး... ဟီး... ဟီး...'

'ဟား... ဟား... ဟား... ဟား...'

'ဟီး... ဟီး... ဟီး... ဟီး...'

သဏ္ဌာန်ဖြူကြီးထံမှ တုန်လှုပ်ချောက်ခြားဖွယ်ရာ ရယ်မောသံများက ထွက်ပေါ်လာသည်။

သဏ္ဌာန်ဖြူကြီးသည် ခွက်ထိုးခွက်လန် ရယ်မောနေသဖြင့် ခန္ဓာကိုယ်မှာ တလှုပ်လှုပ်တခါခါ ဖြစ်နေသည်။

သဏ္ဌာန်ဖြူကြီး၏ခေါင်းထက်တွင် ရွက်ထားသည့် ခေါင်းနက်ကြီးမှာလည်း ဟိုသည် ယိမ်းထိုးလှုပ်ယမ်း နေရလေလည်း

ကျန်းကျန်းတို့လေးဦး ခြေလှမ်းများ တုန့်ကနဲ ရပ်တန့်သွားကြရသည်။

ကိုင်ဆောင်ထားသည့် လက်နက် အသီးသီးကိုလည်း တိုက်ခိုက်ရန် အလျှင်အမြန် ပြင်ဆင်လိုက်ကြရသည်။

၇၇

သဏ္ဌာန်ဖြူကြီးထံမှ နားကျောစိမ့်ဘွယ်ရာ ရယ်မောသံကြီးများက ရပ်တန့်သွားသည်။

လေတိုက်နှုန်းကြောင့် ထင်းရှူးပင်များ၏ လှုပ်ယမ်းသံတို့ကသာ ပေါ်ထွက်နေလေသည်။

ချင်းချင်းတို့ အမျိုးသမီးလေးဦးသည် နက်ပြောင်ရှည်လျားသော ခေါင်းကြီးကို ခေါင်းထက်တွင် ရွက်ထားသည့် သဏ္ဌာန်ဖြူကြီးအား မျက်တောင်မခတ်တမ်း စူးစိုက်ကြည့်ရှုနေမိကြသည်။

သဏ္ဌာန်ဖြူကြီးသည် ဦးခေါင်းထက်မှ ခြေဖျားသို့တိုင် အဖြူရောင် သင်တိုင်းဝတ်ရုံရှည်ကြီးကို ခြုံလွှမ်းဝတ်ဆင်ထားသူတဦးဖြစ်ကြောင်း တွေ့ရှိထားကြသည်။ လက်ဖျားနှစ်ဖက်နှင့်မျက်နှာလောက်သာလျှင် ပေါ်နေသည်။

ယင်းလက်ဖျားနှစ်ဖက်နှင့် မျက်နှာသည်လည်း ကျောက်ဆိုင်ကျောက်ဘားကဲ့သို့ ဖွေးဖွေးဆွတ်နေသည်။

သေးကွေးလွန်းလှသော လက်ချောင်း ထနလးများသည် အရိုးချောင်းအလေးများအလား မှတ်ထင်ရ၏။

မျက်နှာမှာလည်း အရိုးစု၏မျက်နှာစမျိုးကဲ့သို့ ရှိနေရသည်။

ရုတ်တရက်ကြည့်လိုက်လျှင် တမွှဒွာန်းအရိုးစုဘခု ဝတ်ရုံဖြူ ဝတ်ဆင်ထားသည့် အသွင်သဏ္ဍာန်နှင့် တူညီလှတော့၏။

လမ်းသည်မှုပိတ်၍ရပ်နေသော သဏ္ဍာန်ဖြူသည် လက်နှစ်ဖက်ကို ခါးတွင်ထောက်ထားကာ ခေါင်းထက်မှ ခေါင်းနက်ကြီးကို ဟန်ချက်ဖြင့် ထိန်းထားသည်။

သဏ္ဍာန်ဖြူ၏ ဟန်ပန်အမူအယာသည် သူ့ခေါင်းပေါ်တွင် မည်သည့် ပစ္စည်းပစ္စယမျှ ရှိမနေသည့်အလား။ ပေါ့ပေါ့ပါးပါး။

ဟောက်ပက်ဖြစ်နေသော မျက်လုံးအစုံဖြင့် မိန်းကလေးလေးယောက်တို့ကိုလည်း တည်ငြိမ်စူးစိုက်စွာ ကြည့်ရှုနေလသည်။

ချင်းချင်းတို့လူစုကလည်း ပြန်လည်ကြည့်ရှုယင်း အကဲတော်နေကြသည်။

တိတ်ဆိတ်မှုကိုကျော်လွှားကာသဏ္ဍာန်ဖြူကြီး ထံမှကြက်သီးမွေးညှင်းထဘွယ်ရာ စကားသံတခွန်းတပေါ်ထွက်လာသည်။

ထိုစကားသံသည် သင်္ချိုင်းမြေတွင်းထဲမှ ထွက်ပေါ်လာသကဲ့သို့ မှတ်ထင်ရ၏။

'နင်တို့အကြံတွေကို အမြန်ဆုံးပယ်ဖျက်ကြ။ ကိုယ့်ခရီးကိုကိုယ် ဆုံးခန်းတိုင်အောင် ဆက်သွားကြ။ ဂူအတွင်းမှ ငယ်ရွယ်သူနှစ်ယောက် ငြိမ်းချမ်းစွာ အိပ်စက်နေကြပါစေ။ ဤနေရာမှ အမြန်ဆုံး ရှောင်ကြ ရှားကြလော့'



ကျန်းကျန် ၏မျက်နှာသည် ခက်ထန်စွာတင်းမာသွားသည်။ ဓားနှစ်လက်၏ဟန်ချက်ကိုလည်း ပြင်၍ ကိုင်လိုက်သည်။

ပြတ်တောင်းသောလေသံဖြင့် သဏ္ဍာန်ဖြူကြီးကို တုန့်ပြန်လိုက်သည်။

'ရှင်က ဘယ်သူလဲ၊ ဘာကိစ္စနဲ့ ကျမတို့ကို ဝင်အနှောက်အယှက်ပေးရတာလဲ။ မဆိုင်ယင်တော့ အခုချက်ခြင်းဖယ်လိုက်။ ကြားထဲက အဆစ်မပါချင်နဲ့'

ဟဲ... ဟဲ... ဟဲ... ဟဲ.. ဟီး .. ဟီး .. ဟီး.... ဟီး။ ဟီ .. ဟီ... ဟီဟီ... ။ နင်တို့ချိန်းခြောက်မှုကငါ့အတွက် ရယ်စရာကောင်းလွန်းလှတယ်။ နင်တို့နဲ့င ဟာ ရန်သူများမဟုတ်ကြဘူး။ ဒါ့ကြောင့်မို့ အချင်းမပွားချင်လို့ အခုလို အေးအေးဆေးဆေးပြောရခြင်းဖြစ်တယ်'

သဏ္ဍာန်ဖြူကြီးသည် ခါးကို ထောက်မြဲထောက်ထားယင်းမှ ပြောလိုက်သည်။

ကျန်းကျန်း စိတ်မရှည်ချင်တော့။

ကျန်သုံးဦးသည်လည်း သူမတို့၏အကြံအစည်ကို နှောင့်နှေးအောင် လာရောက်ပြုလုပ်နေသည့် သဏ္ဍာန်ဖြူကြီးအား ဒေါသအမျက်များ ဖြစ်ပွားနေကြသည်။

ကျန်းကျန်းက ခက်ထန်စွာ အော်လိုက်၏၊

'ရှင်ကျမတို့ရှေ့က ဖယ်မလား မဖယ်ဘူးလား'

'ငါ မဖယ်ဘူး။ နင်တို့သာ ဖယ်ရှားကြ'

'ကောင်းပြီလေ။ ဒီလောက်ရှိလှတာ၊ သိကြရောပေါ့'

ကျန်းကျန်းသည် ပြေးယင်းဆိုယင်းမှ နောက်သို့ ခြေတလှမ်း ဆုတ်၍ ပေ်လိုက်သည်။

သူ၏ လက်နှစ်ဖက်ကိုလည်း အပေါ်သို့ ဆန့်လိုက်သည်။

ကျန်အမျိုးသမီးသုံးဦးသည်လည်း ကိုယ်များကို လှုပ်ရှား လိုက်ယင်းမှ သဏ္ဍာန်ဖြူကြီး၏ ပတ်သည်လေးဘက်တွင် ဝိုင်းရံ လျက် ဖြစ်သွားသည်။

'ဟား....ဟား....ဟား....ဟား'

'ဟီး....ဟီး....ဟီး....ဟီး'

သဏ္ဍာန်ဖြူကြီးသည် ခါးထောက်မပျက်ဘဲ တကိုယ်လုံး သိမ့်သိမ့်ခါ ယိမ်းလှုပ်ကာ ခွက်ထိုးခွက်လန် ရယ်မောနေသည်။

'ဟိတ်'

'ဟီး'

'ဟိန်း'

'ရှီ....ရှီ....ရှီ'

'ဝှီး....ဝှီး....ဝှီး'

'ရှမ်း... ရှင်း'

'ရှင်....ချင်'

'ခွီး....ခွီး....ခွီး'

ည၏တိတ်ဆိတ်မှုကို အသံဗလံချိုးစုံတို့က ဖောက်ထွင်းထွက် ပေါ်လာသည်။

ချင်းချင်းတို့လေးဦးသည် သဏ္ဍာန်ဖြူကြီးကို စတင်တိုက် ခိုက်လိုက်ကြပြီ။

ကျန်းကျန်းသည် ဓားနှစ်လက်ကို အပိုင်ဆုံးသိုင်းကွက်ဖြင့်



အရိပ်ပေါင်းများစွာထွက်အောင် ဝှေ့ယမ်းယင်း သဏ္ဍာန်ဖြူ ကြီးထံ ဝင်သည်။

လှံသမားချင်းချင်းကလည်း လှံတံဖြင့် အဆက်မပြတ်လှည့် ပတ်ကာ ဝင်ရောက်တိုက်ခိုက်သည်။

အားတက်မှာမူ ကြာပွတ်သံ တရွှမ်ရွှမ်ပေးယင်း တိုက်ခိုက် သည်။

ကြောင်လက်သည်းခုံသန့်ကြင်သည် သူမ၏သံမဏိလက်သည်း ရှည်ကြီးများကို ကျွမ်းကျင်စွာ အသုံးချသလို သူမပုခုံးထက်မှ ကြောင်နက်ကြီးကလည်း သဏ္ဍာန်ဖြူကြီးဆီသို့ လွှားကနဲ ခုန် အုပ်လိုက်သည်။

သူတို့အားလုံးသည် သဏ္ဍာန်ဖြူကြီးအား တပြိုင်တည်း ချိန်ကိုက်ဝိုင်းဝန်းတိုက်ခိုက်လိုက်ကြခြင်းဖြစ်သည်။

သို့တစေ.... သဏ္ဍာန်ဖြူကြီးမှာမူ မည်သည့် လှုပ်ရှားမှုကိုမျှ မပြု....။

ခါးထောက်မပျက် ရယ်မောမြဲ ရယ်မောလျက်။

ကျန်းကျန်းလက်တွင်းမှ ဓားနှစ်လက်စလုံး ချွင်ကနဲမြည်ကာ လွင့်ထွက်သွားသည်။

သူမ၏ လက်နှစ်ဖက်စလုံးသည် လက်မောင်းရင်းအထိ ကျင် တက်သွားသည်။

ချင်းချင်းနှင့် အားတက်မှာလည်း သူမနည်းတူ။

ကြာပွတ်နှင့် လှံတံတို့မှာ မြေပြင်ထက်တွင် တနေရာဆီ။

ကြောင်နက်ကြီးမှာမူ မည်ကဲ့သို့ ဖြစ်သွားသည် မသိရ....။

ခွေးကနဲ့အော်မည်ကာ နောက်ကြောင်းသို့ လှည့်ပြေးလေတော့သည်။

ကြောင်လက်သည်း ခုံလန့်ကြင်၏ခန္ဓာကိုယ်မှာ တဦးတယောက်၏ ဆောင့်တွန်းခြင်းကို ခံလိုက်ရသကဲ့သို့ မြေပေါ်တွင် ပက်လက်လဲကျသွားရလေသည်။

သူမတို့ ဝိုင်းဝန်း တိုက်ခိုက်ခဲ့သည့် သကျွာန်ဖြူကြီးသည် ယနေ့တိုင် မလှုပ်ယှက်...၊ ခါးထောက်မပျက်....။ အရယ်အမော မပျက်...။

'ဟီး... ဟီး.... ဟီး.... ဟီး'

'ဟီ....ဟီ... ဟီ... ဟီ....'

ချင်းချင်းတို့ လေးဦးစလုံး မျက်လုံး မျက်ဆံပြူး ကုန်ကြရတော့သည်။

သကျွာန်ဖြူကြီး လှုပ်ရှားလိုက်သည်ကို သူတို့ မည်သို့မျှမမြင်လိုက်ကြရ။

သို့တစေ သူတို့ကိုင်ဆောင် အသုံးပြု တိုက်ခိုက်ခဲ့ကြသည့် လက်နက်များမှာ မြေပေါ်သို့ ရောက်သွားခဲ့ကြရပြီ။

သူတို့ မသိမမြင်လိုက်ကြရသည့် တိုက်ခိုက်မှုမျိုးဖြင့် အတိုက်ခံလိုက်ကြရပြီ။

သကျွာန်ဖြူကြီးသည် မနုဿ လူသား စင်စစ်မှ ဟုတ်ပါလေစ။

မကောင်းဆိုးဝါးတစ္ဆေ မှုသေမင်းတမန်တော်များပေလား။

သကျွာန်ဖြူ၏ နောက်လိုက် ဝိညာဉ်များက ကူညီတိုက်ခိုက်ခြင်းလား။



ချင်းချင်းတို့လေးဦးသည် အတွေးကိုယ်စီဖြင့် တဦးကိုတဦး ကြည့်လိုက်ကြသည်။

ကြောက်ရွံ့တုန်လှုပ်မှုများသည် အလိုအလျောက်ဖြစ်ပေါ်လာကြသည်။

သူမတို့သည် သိုင်းပညာအရာ၌ အဆင့်မြင့်ပညာရှင်များ ဖြစ်ကြပါ၏။

သို့သော် မမြင်မတွေ့ရနိုင်သည့် ဝိညာဉ်လောကသားနှင့်တော့မူ ယှဉ်ပြိုင်တိုက်ခိုက်ဝန့်ရဲလောက်အောင် သတ္တိမကောင်းကြ....။

သကျွာန်ဖြူကြီးသည် သိမ့်သိမ့်ခါလုမတတ် ရယ်မောနေရာမှ အရယ်ရပ်လိုက်သည်။

လက်နှစ်ဖက်ကို ရှေ့သို့ ဆန့်တန်းလိုက်သည်။

'ငါ့ရှေ့မှောက်က အမြန်ဆုံးထွက်သွားကြ။ အမြန်ဆုံးထွက်သွားကြ။ မလိမ်မာသဖြင့် မိုက်မဲခဲ့မိတဲ့ ငယ်ရွယ်သူ သင်တို့ကို တကြိမ်တခါ ခွင့်လွှတ်လိုက်မယ်။ နောက်နောင် တွေ့ရှိရယင် သင်တို့ ဝိညာဉ်များကို ငါနုတ်ယူရလိမ့်မယ်။ သွားကြ....အမြန်ဆုံးထွက်သွားကြ'

သကျွာန်ဖြူကြီး၏စကားသံအဆုံးတွင် ကြောင်လက်သည်းသည် မြေပြင်တွင်လဲကျနေရာမှ ထလိုက်သည်။ အောင့်နေသော သူမ၏ရင်ဘတ်ကို လက်ဖြင့် အသာဖိယင်း နောက်ဘက်သို့ တဖြေးဖြေးဆုတ်သွားသည်။

ကျန် မိန်းကလေးများသည်လည်း သူတို့ လက်နက်များကို အသီးသီးပြန်ကောက်ကာ ဆုတ်သွားကြသည်။

သဏ္ဌာန်ဖြူကြီးကိုဆက်လက်ယှဉ်ပြိုင်နေလျှင် မိမိတို့အသက်ဇီဝိန်သာ ချုပ်ငြိမ်းကြရမည် ဖြစ်ကြောင်း နားလည် သဘောပေါက်သွားကြသည်။

မိန်းကလေး လေးဦးတို့သည် မျက်စိပျက် မျက်နှာပျက်ဖြင့် စောင်ကုန်းအတိုင်း ထိတ်လန့်တကြား ပြေးဆင်းသွားကြလေသည်။

အမှောင်ထဲတွင် တရိပ်ရိပ် တလွှားလွှားဖြင့် ပျောက်ကွယ်သွားကြရသည်။

'ဟား....ဟား....ဟား....ဟား....'

'ဟိုး....ဟိုး....ဟိုး ဟီ ဟီး....ဟီး....'

သဏ္ဌာန်ဖြူကြီးသည် ပျောက်ကွယ်သွားသည့် ကျန်းကျန်းတို့ကိုကြည့်ကာ အားပါးတရရယ်မောလိုက်၏။

သည်လို ရယ်မောလိုက်ပြီးနောက် လက်နှစ်ဖက်ကိုဆန့်တန်း၍မြောက်လိုက်သည်။

'အိမ်း....ဒီမိန်းကလေးတွေဟာ မိုက်မဲသူများ မဟုတ်ကြ....။ တကယ်တန်း မိုက်မဲသူအစစ်ကို တွေ့ရမယ့်အရပ်ဒေသက မဝေးတော့'

သဏ္ဌာန်ဖြူကြီး၏ စကားသံအဆုံးတွင် အေးငယ် စူးရှလှသည့် အသံကလေးတရပ်သည် ပေါ်ပေါက်၍ လာခဲ့ရပြန်၏။

'ခရီးကား ဆုံးခန်းတိုင်တော့မည်။ မိုက်မဲသူတို့၏ ဘဝများသည်လည်း ချုပ်ငြိမ်းကြရပေတော့မည်။ အမိုက်ဇာတ်ကို သိမ်းကြရပေတော့မည်။ အဟောဝဘ ကောင်းလေစွ ကောင်းလေစွ'

'ဟီး....ဟီး....ဟီး....ဟီး.... ဟား....ဟား....ဟား....ဟား....'



ဤတောင်ကြီးသည် မရဏတောင်ကြီး ဖြစ်၏။

မတ်စောက်သည်။ ကျယ်ဝန်းသည်။

မှုန်ဝိုးတို့သိမ်းပိုက်ထားသည့် မြောက်ပိုင်းနှင့် အနန်းကေရင်နန်းစိုက်ရာ တောင်ပိုင်းဒေသအကြားတွင် တည်ရှိနေသည်။

မရဏတောင်ကြီးပေါ်တွင်ရှေးလွန်လေပြီးသောအခါကာလက တည်ဆောက်ခဲ့သည့် သင်းချိုင်းဂူဟောင်းကြီးများအမြောက်အမြား ရှိနေကြလေသည်။

ရှေးအထက်ကျော်ဇာလဏ ဘုန်းတံခိုးကြီးမားသော ဘုရင်ကေရာဇ်များကို မရဏတောင်ကြီးထက်တွင် ဂူသွင်း၍ သင်္ဂြိုဟ်မြှုပ်နှံကြသည်။

သင်းချိုင်းတော်ဂူကြီးများမှာ ခန့်ခန့်ညားညားရှိလှ၍မျှသစ မတ ကြီးမားထည်ဝါခြင်းလည်း ရှိလှ၏။

ပန်းပု၊ ပန်းတင်း၊ ပန်းရံ အကျော်အမော်တို့၏ လက်ရာ

ဖြင့် စိတ်ဝင်စားဘွယ်ကောင်းလောက်အောင် တန်ဆာဆင်မွှန်းမံထားခြင်းလည်း ရှိ၏။

မရဏတောင်ကြီးသည် မြင့်မြတ်သော ဘုရင်ကေရာဇ်တို့၏ သင်းချိုင်းမြေဖြစ်ခဲ့သဖြင့် လွမ်းဘွယ်တသသံများ၊ ပူဆွေးငိုကြွေးသံများ ညံညံစီစီ ရှိခဲ့ဘူးသည်။

ထို့ကြောင့်လည်း လူအချို့က ငိုသံကြားတောင်ဟု ခေါ်ဝေါ်တတ်ကြပြန်၏။

ဆွန်းမင်းဆက်များ၏ လက်ထက်တွင်မူ ယင်း မရဏတောင်ကြီးပေါ်တွင် သင်းချိုင်းဂူများ တည်ဆောက်မြှုပ်နှံခြင်း မပြုကြတော့။

တောင်ပေါ်တွင် လူသူအရောက်အပေါက် နည်းသွားသည်၊ အသွားအလာ ထင်းသွားသည်။

ရှေးဟောင်း သင်းချိုင်းဂူများသည် မည်မျှပင် ခန့်ညားထယ်ဝါသည်ဆိုစေ နှစ်ပရိစ္ဆေဒ ကာလကြာလွန်ခဲ့ပြီ ဖြစ်သဖြင့် ပျက်စီးယိုယွင်းမှုများ ဖြစ်ပွားနေလေပြီ။

ထိန်းသိမ်းပြုပြင်ခြင်းမရှိကြတော့သဖြင့်လည်း ချုံနွယ်ပိတ်ပေါင်းတို့ ထူပြောကာ ဖုံးလွှမ်းခြင်း ခံနေရလေပြီ။

မည်သည့် သက်ရှိလူသားမျှ ထိုတောင်ပေါ်သို့ အကြောင်းမဲ့ မတက်ရဲကြတော့။ မတက်ခံ့ကြတော့။

ဝိဥာဉ်များ၊ တစ္ဆေများ၊ နာနာဘာဝများသာ ကြီးစိုးလွှမ်းမိုး ကျက်စားနေသည့်တောင်ဟု အမည်နာမ ကျော်ကြားခဲ့သည်။

လပြည့်ညများနှင့် လမိုက်ညများဆိုလျှင် ထိုမရဏတောင်



ကြီး၏ နေရာအနှံ့အပြားမှ ငိုယိုညည်းတွားသံကြီးများကို ကြားရဘဲ့လာ ရှိသည်ဟု ဆိုတတ် ပြောတတ်ကြပြန်၏။

ယင်းကြောင့်လည်း မရဏတောင်ကြီးမှာ လူသူတို့နှင့် ပိုမိုကင်းဝေးခဲ့ရသည်။ ပိုမိုကွာလှမ်းခဲ့ရသည်။

ညဥ့်အချိန်ကို မဆိုထား။

နေ့အချိန်မျိုး၌ပင် မရဏတောင်ပေါ်သို့ မည်သူမျှ ခြေလှမ်းရန် မကြံရဲကြတော့။

အချိန်ကား ညဥ့်နက်နေလေပြီ။

မကြာမီ သန်းခေါင်တိုင်ပေတော့မည်။

မရဏတောင်ကြီးပေါ်သို့ တရွေ့ရွေ့တက်လာနေကြသော သတ္တဝါနှစ်ခု။

ယင်းသတ္တဝါနှစ်ခုတို့ကို တဖွဲဖွဲကျနေသော နှင်းမှုန်နှင့်မြူခိုးတို့အကြားဝယ် ဝိုးတဝါးမြင်တွေ့နေရလေသည်။

သူတို့ကား ရန်လျှိုချင်းနှင့် ရိလျှံတို့ပင် ဖြစ်ကြ၏။

အလင်းရောင်သည် ခတ်ဝါးဝါးမျှသာ ရှိနေသဖြင့် ရန်လျှိုချင်းမှာ လမ်းမမှားရလေအောင် အထူးဂရုစိုက်နေရသည်။

ပြီးခဲ့သည့် ငါးနှစ်ကျော် ခြောက်နှစ်ခန့်ကမူ ဤတောင်ကြီးပေါ်သို့ မွေးစားဖခင်မြို့စားကြီး ရန့်ဘာထုန်နှင့်တကြိမ် ရောက်ခဲ့ဘူးသည်။

မြို့စားကြီး၏ပြောစကားများအရ ဘိုးဘွားမိဘများ၏ ဂူသင်းချိုင်းများကို လာရောက်ပူဇော်ပသခြင်းဖြစ်ကြောင်း သိခဲ့ရသည်။

အရေးရှိက ရန်လျှူချင်းတဦးတည်းလာတတ်နိုင်စေရန်လည်း အသေအချာ မှတ်သားစေခဲ့သည်။

မရဏတောင်ကြီးပေါ်တွင် ရှုပ်ထွေး ကွေ့ကောက်သော ဝက်ပါလမ်းများ ရှိနေသည့် အပြင် ဂူဟောင်း ဂူပျက်များက လည်း နေရာမလပ် တည ရှိနေကြသဖြင့် မျက်စိလည်လမ်းမှားစေနိုင်သည်။

မတော်တဆ လမ်းမှားသွားခဲ့လျှင်လည်း လူ့အသက်ကို ချွေဖျက်တတ်သည့် နွယ်ရှင်ကြီးများ၊ လူတကိုယ်လုံး စုံးစုံးမြုပ်သည့်အထိ စုပ်မြို့တတ်သည့် သေမင်းတမန် နွံအိုင်ကြီးများတလည်း အဆင်သင့် စောင့်ဆိုင်းနေကြသည်။

သူတို့နှစ်ဦးသည် မိုးချုပ်စအချိန်ကတည်းက တောင်ပေါ်သို့ တက်လာခဲ့ကြ၏။

ယခု ညဉ့်နက်ချိန်တွင်မူ တောင်ခါးလည်လောက်ဆီသို့ရောက်ရှိလာခဲ့ကြလေသည်။

သေမင်းခံတွင်းဝဂူသည် သူတို့နှင့် အလှမ်းမဝေးတော့။

ထို့ကြောင့် ရန်လျှူချင်းသည် ခြေလှမ်းများကို ပိုမို၍သွက်သက်လိုက်သည်။

ရိုလျှံမှာမူ မောပန်းလွန်းနေပြီဖြစ်သဖြင့် နောက်မှ ဇွဲတင်းပြီး အထူးကြိုးစားလိုက်ရသည်။

သစ္စာဖောက်သော ချစ်သူအပေါ် ဥငကြွားစိတ် မွေးထားခဲ့သည့် ရန်လျှူချင်း။

ရိုလျှံ၏အဖြစ်ကို မြင်တွေ့ရသောအခါ မကြည့်ရက်နိုင်တော့သဖြင့် လက်တွဲပြီး ခေါ်ခဲ့ရ၏။



တနေရာတွင် တောင်ကြားလမ်းကလေးကို တွေ့ရ၏။

ထိုတောင်ကြားလမ်းကလေးအတိုင်း ဝင်ခဲ့ကြသည်။

လမ်းကလေး၏ ဝဲယာတဖက်တချက်တွင် တောင်နံရံကြီးများက မိုးနေသည်။

တောင်ကြားလမ်းကလေးအတိုင်း အတော်ကြာ တက်သွားသောအခါ တဖာလုံပတ်လည်မျှ ကျယ်ဝန်းသော မြေပြန့်လွင်ပြင်တနေသို့ ရောက်ရှိလာခဲ့ကြပြန်သည်။

တောင်ပေါ်မှ မြေပြန့်လွင်ပြင်။

လွင်ပြင်ပတ်လည်တွင် တောင်နံရံကြီးများသည် ဝန်းရံတည်ရှိနေကြ၏။

ထိုမြေပြန့်ပေါ်တွင် အလွန့်အလွန်ရှေးကျသော သင်းချိုင်းဂူဟောင်း ဂူပျက်ကြီးများ သစ်ပင်ချုံနွယ်များဖြင့် ပိန်းပိတ်၍ နေလေသည်။

သင်းချိုင်းဂူကြီးများသည် အရွယ်အစား အမျိုးမျိုး ရှိကြ၏။

အချို့အချို့သောဂူကြီးများဆိုလျှင် အိမ်ငယ်တလုံးစာခန့်မျှရှိကြသည်။

ရန်လျှူချင်းနှင့် ရိုလျှံတို့သည် သင်းချိုင်းဂူများကို ဖြတ်ကျော်လာခဲ့ကြသည်။

လွင်ပြင်တခုလုံးအား ဝင်္ဂင်ဆိတ်ငြိမ်းက ကြီး စိုး လွှမ်း မိုးထားသည်။

သို့ဖြစ်သဖြင့် သူတို့နှစ်ဦး၏ခြေသံမျှလေးကသာ ပေါ်ထွက်နေသည်။

သင်းချိုင်းဂူများဆုံးသည်အထိ လျှောက်လှမ်းလာကြသောအခါ တောင်နံရံဆီသို့ ရောက်ရှိလာခဲ့ကြ၏။

တောင်နံရံတွင် ချုံနွယ် ပိတ်ပေါင်းတို့ဖြင့် ပိတ်ဖုံးလုနီးပါးဖြစ်နေသော ဂူပေါက်တခု။

သူတို့နှစ်ဦးသည် ဂူပေါက်ဝတွင် ရပ်လိုက်ကြသည်။

ရန်လျှုချင်းသည် မှောင်မဲနေသော ဂူအတွင်းသို့ တချက်မျှ လှမ်းကြည့်လိုက်သည်။ ပြီးနောက် သက်ပြင်းတရပ်ကိုလည်း ချလိုက်၏။

'ကျုပ်တို့ ခရီးဆုံးကို ရောက်လာခဲ့ပြီ။ ဒီဥစ္စာ သေမင်းခံတွင်းဂူဝဘဲ'

ရန်လျှုချင်း၏ စကားကြောင့် ရီလျံ ကျောတွန့်သွားသည်။

'နံမည်ကလဲ မင်္ဂလာမရှိလိုက်တာရှင်။ သေမင်းခံတွင်းဝတဲ့'

'နံမည်နဲ့လိုက်အောင် ကြောက်စရာ ကောင်းလှတယ်လို့လဲ ကြားဘူးထားတယ်။ ဒီမှာ ကျုပ်တို့ လူစုပြန်ဆုံကြဘို့ ချိန်းထားတယ်'

'ဟင်....သူတို့မလာမခြင်း ကျမတို့ဘယ်နေရာက စောင့်နေကြရမှာလဲ'

'ဒီဂူထဲကနေပြီးတော့ စောင့်ရမှာပေါ့'

'အို....ကျမကတော့ ဒီကြက်သရေမင်္ဂလာမရှိတဲ့ဂူကြီးထဲ မဝင်ချင်ပါဘူး'

'ဟိုအတွင်းပိုင်းကျတဲ့အထိ ဝင်စရာ မလိုပါဘူး။ ဒီဂူဝနားမှာတင် နေကြတာပေါ့။ ဒီဂူထဲမှာဝက်ပါလင်းတို့၊ ဥမင်သမ်းတို့၊ လျှို့ဝှက်လမ်းတို့ဆိုတာ ရှုပ်ထွေးနေတယ်လို့ဘာ ကျုပ်အဖေ



ကပြောဘူးတယ်။ နို့ပေမယ့် အန္တရာယ် များတယ်။ ကျုပ်တို့ စိတ်ထင်တိုင်း လျှောက်သွားနေလို့လဲမဖြစ်ဘူး'

'ခက်တာပါဘဲရှင်၊ ဒီလိုနေရာမျိုးကိုမှရွေးပြီး ဘာဖြစ်လို့ချိန်းရတယ် မသိပါဘူး'

ရန်လျှုချင်းပုခုံးတွန့်၍ လက်ဝါး နှစ်ဖက်ကို လှန်ပြလိုက်သည်။

'ကျုပ်လဲမသိဘူးလေ'

'ကျမတော့ လိုက်လာမိတာ မှားပြီထင်တယ်'

ရီလျံသည် ညည်းညည်း တွားတွား အလေး ပြောလိုက်ရှာသည်။

'မမှားပါဘူးကွယ်.... မမှားပါဘူး။ မင်းလိုက်တာ မမှားပါဘူး'

ထိုနောက်ဆုံးပြောလိုက်သည့်စကားသံမှာ ရန်လျှုချင်းထံမှ ထွက်ပေါ်လာခဲ့ခြင်းမဟုတ်။

ဂူအတွင်း တနေရာမှထွက်ပေါ်လာခဲ့သည့်အသံ။

လှိုဏ်သံပါနေသဖြင့်လည်း ဟိန်းသွားသည်။ ကျယ်လောင်သွားသည်။ ပဲ့တင်ရိုက်၍လည်း တုံခါသွားသည်။

ရန်လျှုချင်းရော ရီလျံပါ ပြိုင်တူ ဂူအတွင်းသို့ ဆတ်ကနဲ လှမ်းကြည့်လိုက်မိသည်။

ရန်လျှုချင်း၏ ညာလက်သည် ဓားရိုးပေါ်သို့ တမဟုတ်ချင်း ရွှေ့ကနဲ။

တင်းမာသောလေသံတခွန်းကလည်း သူ့နှုတ်မှ ထွက်သွားသည်။

'ဂူထဲက ဘယ်သူလဲ'

'ဟား....ဟား....ဟား....ဟား....'

'ဟား....ဟား....ဟား....ဟား'

ကျေနပ်အားရစွာ အော်ဟစ်ရယ်မောလိုက်သံများနှင့်အတူ ဂူအတွင်းမှ သဏ္ဍာန်နှစ်ခုတို့ ထွက်လာခဲ့ကြသည်။

သူတို့လက်များအတွင်းမှ ကိုင်ဆောင်ထားကြသည့် မီးတုတ်များ၏အလင်းရောင်ကြောင့်လည်း ဝန်းကျင်တဝိုက် ထင်ထင်ရှားရှားမြင်တွေ့လိုက်ကြရသည်။

ဂူတွင်းမှ မီးတုတ်များကိုကိုင်၍ ထွက်လာကြသူ နှစ်ဦးတို့မှာ မြို့စားကြီး ရန်တာထုန်နှင့် ရိလျှံနှင့် ဦးလေးတော်သူ ရိပတ်ဖုံ။

ရန်လျူချင်းနှင့် ရိလျှံတို့သည် ဝမ်းသာအားရ ခေါ်ငင်လိုက်မိကြသည်။

'ဟာ....ဘဘ'

'အို....ဦးလေးတို့ပါလား'

၃၅

ရန်လျူချင်းနှင့် ရိလျှံတို့သည် မြို့စားကြီး ရန်တာထုန်နှင့် ရိပတ်ဖုံတို့အနီးသို့ တိုးကပ်သွားကြသည်။

ရန်လျူချင်းသည် စိတ်လက်ပေါ့ပါးသွားဟန်ဖြင့် ထက်မြက်တချက်ချယင်း မြို့စားကြီးအား ပြောလိုက်သည်။

'ဘဘတို့ ရောက်နေလိမ့်အုံးမယ်လို့ ကျွန်တော် မထင်ခဲ့ဘူး။ ဘယ်အချိန်တုန်းကများ ရောက်နေကြပါသလဲဘဘ'

'ဘဘတို့က ဖြတ်လမ်းကနေလာခဲ့ကြတာကိုးကွယ့် လူဆာလေးရဲ့။ မိုးမချုပ်ခင်ကထဲက ဒီတောင်ပေါ်ကို ရောက်နေကြတာ'

'ဘဘတို့နှစ်ယောက်ထဲဘဲလား'

'ဘယ်ဟုတ်ပါ့မလဲကွယ်။ ဘဘရဲ့လူယုံတော်ထိဖုန်းလဲပါလာတယ်လေ။ တခြား ဘဘအပေါ် သစ္စာစောင့်သိကြတဲ့လက်ရင်းနောက်လိုက် သိုင်းသမားတွေလဲ တပါတည်း ခေါ်လာခဲ့တယ်'

'ဒီ... သူတို့ကတော့ ဘဘ'

'ဂူထဲမှာ အနားယူနေကြပြီကွယ့်။ ခရီးက ပမ်းတယ်မဟုတ်လား။ ဘာဘတို့သာ လူကလေးတို့ ရောက်လာကြမယ် တွက်ပြီး ထွက်စောင့်နေကြတာ'

ရန်လျူချင်းသည် ဂူတွင်းသို့ တချက် လှမ်းကြည့်လိုက်သည်။ နောက် နားမလည်ဟန်ဖြင့်လည်း မြို့စားကြီးကို ပြန်ကြည့်သည်။

'ဂူထဲမှာလဲ မှောင်မဲနေတာပါလားဘာဘ။ ဘယ်လိုမှမီးရောင် မမြင်ရပါလား'

'မီးထွန်းထားပါတယ်ကွယ့်။ ဒါပေမယ့် အပြင်ကကြည့်ယင်တော့ မမြင်ရနိုင်ဘူးလေ။ ဂူထဲမှာ အခန်းခန်းအဆောင်ဆောင်တွေ ရှိတယ်။ ဟိုအတွင်းပိုင်းကျကျ အဆောင်တွေမှာ စခန်းချနေကြတာကြောင့် အပြင်က မီးရောင်မမြင်ကြရတာ။ လူကလေးတို့ရောက်တော့ မြင်ကြရမှာပေါ့ကွယ်'

'ဒါဖြင့်လဲ ဝင်ကြစို့ ဘာဘ။ အပြင်ဘက်မှာ တော်တော်အေးလာပြီ။ ကျွန်တော်တို့လဲ ဘာမှမစားခဲ့ကြရသေးဘူး'

'စားဘို့သောက်ဘို့ အဆင်သင့် ရှိပါတယ်ကွယ်။ နေပါအုံးကွယ့်။ သွားကြတာပေါ့'

မြို့စားကြီးရန့်တာထုန်က လက်ကာပြသည်။

ရိပတ်ဖုထံမှ မီးတုတ်ကိုပါ လှမ်းယူလိုက်သည်။

မြို့စားကြီး၏လက်ထဲသို့ မီးတုတ်နှစ်ချောင်းစလုံး ရောက်ရှိလာခဲ့သည်။

မြို့စားကြီးသည် လက်နှစ်ဖက်တွင် ကိုင်ဆောင်ထားသည့် မီးတုတ် နှစ်ချောင်းဖြင့် တောင်နံရံ ထိပ်သို့ မော့ကြည့်အား



တဝှီးဝှီးမြည်အောင် ဝှေ့ရမ်းယမ်း တစုံတရာအချက်ပြလိုက်သည်။

ရန်လျူချင်းနှင့် ရိလျူတို့သည် မြို့စားကြီး ရုတ်တရက်ပြုမူလိုက်သည့် အပြုအမူကို နားမလည်နိုင်ကြ။

မြို့စားကြီးမော့ကြည့်ရာသို့ ပြိုင်တူလိုလိုပင် မော့ကြည့်လိုက်ကြသည်။

ပထမဦးစွာ တောင်ထိပ်တွင် မှောင်ပိန်းနေသဖြင့် ဘာကိုမျှ မမြင်မတွေ့ကြရ။

တဒင်္ဂအတွင်း ဖြတ်ကနဲ လင်းလက်လာသည့် မီးတောက်ကလေးတခုကို မြင်တွေ့လိုက်ကြရသည်။

မီးတောက်သည်ခဏဖြင့်မီးပုံကြီးအသွင်သို့ပြောင်းလွဲသွား၏။

မီးပုံကြီးမှာ တပုံတည်းမဟုတ်တော့ဘဲ သုံးပုံဖြစ်လာသည်။

တောင်ထိပ်တွင် အရှိန်အဟုန်ပြင်းစွာ တောက်လောင်နေသော မီးပုံကြီးသုံးပုံ။

မြို့စားကြီး၏ မျက်နှာထက်တွင် ကျေနပ်အားရမှုများအထင်သား ပေါ်လာသည်။

ခေါင်းတဆတ်ဆတ် ညည်းပြုသည်။

ဝှေ့ရမ်းနေသော မီးတုတ်များကိုလည်း ရပ်တန့်လိုက်သည်။

ရန်လျူချင်းသည် သိလိုစိတ်ကို မမြို့သိပ်နိုင်တော့ဘဲ မြို့စားကြီးအား ဖွင့်ဟမေးမြန်းလိုက်၏။

'အပေါ်က မီးပုံကြီးတွေရဲ့အဓိပ္ပာယ်က ဘာများပါလဲဘာဘ'

မြို့စားကြီးသည် ခပ်ပြုံးပြုံး မျက်နှာထားဖြင့် ရန်လျူချင်း မျက်နှာကို ပြန်ကြည့်လိုက်သည်။ ပြီးမှ...

ကိုင်း.... လာကွယ်၊ လူထားလေး။ ဂူထဲကို ရောက်တော့မှသဲ ငှက်မီးပုံတွေရဲ့အဓိပ္ပာယ်ဟာ ဘယ်လိုဆောင်တယ်ဆိုတာ လူကလေး နားလည်အောင် ရှင်းပြမယ်၊ ကဲ.... မြကြာဖြူ လဲလာ။ အခု အချိန်က စပြီးတော့ ဆင်းရဲဒုက္ခအပေါင်းက လွတ်ဆောင်းပြီလို့သာ မှတ်ပေတော့

မြို့စားကြီးရန်တာထုန်သည်စကားအဆုံးမီးတုတ်ကိုရှေ့ဆုံးမှ ကိုင်ပြီး ဂူထဲသို့ဝင်သွားသည်။

သူ့နောက်မှ ကျန်လူများက လိုက်ပါလာခဲ့ကြသည်။

ဝင်လျှင်ဝင်ခြင်း ပေငါးဆယ်ပတ်လည်ခန့် ကျယ်ဝန်းသည့် ဂူအတွင်းသို့ ရောက်ရှိလာခဲ့ကြသည်။

တဖက်တွင် လူနှစ်ယောက်ဝင်သာရုံ ဥမင်လမ်းပေါက်ကလေး များ သုံးလေးပေါက်ရှိနေသည်ကိုလည်း တွေ့ကြရသည်။

သူတို့သည် ယာဘက်အစွန်ဆုံး ဥမင်ပေါက်မှ ဝင်လာခဲ့ကြ၏။

ဥမင်လမ်းကြောင်းထဲတွင် သိပ်မလျှောက်လိုက်ရ။

လမ်းနှစ်ခွ ဖြာထွက်နေသောနေရာသို့ ရောက်လာခဲ့ကြသည်။

ဝဲဘက်လမ်းသို့ လိုက်ခဲ့ကြ၏။

သူတို့ရှေ့တွင် မီးရောင်လက်လက်ကို မြင်လာကြရသည်။

ခြေလှမ်းငါးဆယ်ခန့် လျှောက်လာပြီးနောက် ပေနှစ်ဆယ် အကျယ်ရှိသည့် အခန်းတခန်းအတွင်းသို့ ရောက်လာခဲ့ကြသည်။

ထိုအခန်းတွင် အပေါက်သုံးပေါက် ရှိနေပြန်သည်။

အလည်ပေါက်မှ မီးရောင်ဖြာထွက်နေလေသည်။

မီးရောင်ဖြာထွက်နေရာ အလည်ပေါက်သို့ သူတို့ ဆက်လက် ဝင်ရောက်လာခဲ့ကြသည်။



ဥမင်လမ်းတိုကလေးတလမ်း ဖြစ်နေသည်။

လမ်းအဆုံးတွင် ကျယ်ဝန်းလှသည့် ခန်းမဆောင်ကြီး တဆောင်။

သူတို့ ခန်းမဆောင်ထဲသို့ ရောက်လာခဲ့ကြသည်။

ခန်းမဆောင်ထဲတွင် မီးပုံများဖိုထား အနားယူနေကြသည့် ထိဖုန်းအမှူးပြုသည့် မြို့စားကြီးရန်တာထုန် သစ္စာခံတော် နောက် လိုက်များ။

အားလုံးပင် မြို့စားကြီး ဝင်လာသည်ကို တွေ့လိုက်ကြရသော အခါ နေရာအသီးသီးမှထရပ်ပြီး ဦးညွှတ်အရိုအသေပြုကြသည်။

အခန်းတနေရာတွင် ကျောက်စားပွဲကြီးတလုံး။

ကျောက်စားပွဲကြီးပတ်ပတ်လည်တွင် ကျောက်ကုလားထိုင် များကလည်း အစီအရီ ခင်းကျင်းထားသည်။

ရန်လျှူချင်းသည် မြင်တွေ့ရသမျှတို့ကို အံ့ဩဘကြီး ငေး မောကြည့်ရှုနေမိသည်။

လွန်ခဲ့သည့် ငါးနှစ်ကျော်ခြောက်နှစ်ခန့်က သေမင်းခံတွင်းဝ ဂူအတွင်းသို့ မွေးစားဖခင်ကြီးနှင့်အတူ ရောက်ဘူးခဲ့သော်လည်း သည်နေရာအထိ သူမရောက်ဘူးခဲ့။

ဂူဝမှ ပထမဦးစွာ တွေ့ရှိရသည့် ခန်းမဆောင်အတွင်းသို့သာ ရောက်ရှိခဲ့ရဘူးသည်။

ယခုကဲ့သို့ ဥမင်လမ်းများရှိသည်ကို မြို့စားကြီး ပြောခဲ့ဘူး သော်လည်း သူဝင်ရောက်မသွားလာဘူးခဲ့။

ဥမင်လမ်းအတွင်းသို့ ဝင်ရောက်သော တံခါးပေါက်များကို လည်း ထိုစဉ်က မမြင်မတွေ့ဘူးခဲ့။

ယခု ခန်းမဆောင်ကြီးထဲသို့ ရောက်လာခဲ့ရသည်ကိုပင် ဝေးစွာ မေးစားဖခင်မြို့စားကြီးသည် ထိုလျှို့ဝှက် ဥမင်လမ်းကြောင်းများရှိနေသည်ကို မည်ကဲ့သို့ သိရှိထားခဲ့လေသနည်း။

ရန်လျှူချင်း တွေး၍မရ၊

ယင်းကိစ္စနှင့်ပတ်သက်၍ မိမိကိုပင် လျှို့ဝှက်ထားခဲ့သည့်အတွက် ရန်လျှူချင်း နားမလည်နိုင်အောင် ဖြစ်ခဲ့ရတော့သည်။

'ဒီဂူကြီးထဲမှာ လျှို့ဝှက် လမ်းကြောင်းတွေ၊ လျှို့ဝှက်အဆောင်တွေရှိနေတာ ဘဘသိထားတာ ကြာပြီလား'

'ဆယ်နှစ်တိတိရှိပြီလူကလေး'

'ဒါနဲ့တောင် ကျွန်တော့်ကို တကြိမ်တခါမှ ပြောမပြဘူးပါလား ဘဘ'

'ဒါက အချိန်မကျသေးလို့ပဲလူကလေး။ အခုတော့ လူကလေးသိရတော့မှာပေါ့၊ လူကလေး မသိရသေးတဲ့ကိစ္စ မှန်သမျှကိုလဲ ဘဘပြောပြမယ်'

သူတို့သည် ကျောက်စားပွဲကြီးဆီသို့ ရောက်ရှိလာခဲ့ကြ၏။

ကျောက်စားပွဲပေါ်တွင် စားသောက်ဖွယ်ရာများကို ရွှေငွေကျောက်သံပတ္တမြား စီချယ်ထားသည့် ပန်းကန် ခွက်ယောက်များဖြင့် ခင်းကျင်းထားသည်။

မြို့စားကြီး၏စံအိမ်တော်မှာပင် သုံးစွဲခြင်းမပြုခဲ့သည့် ပစ္စည်းများပင်ဖြစ်၏။

ရန်လျှူချင်းသည် ယင်းရွှေငွေ ကျောက်မျက် ရတနာများ စီချယ်ထားသည့် ပန်းကန်ခွက်ယောက်များကို ကိုင်တွယ်ကြည့်ရှုကာ တအံ့တဩဖြစ်နေမိရလေသည်။



'တနေ့နေ့မှာ အခုလို အရေးကြုံခဲ့ယင် အသုံးပြုရအောင်လို့ ဘဘဒီမှာ စုဆောင်းထားခဲ့တဲ့ ပစ္စည်းတွေပေါ့ကွယ်။ ကဲ ထိုင်ကြ စားယင်းသောက်ယင်း ပြောကြဆိုကြတာပေါ့'

မြို့စားကြီးသည် ကျောက်ခုံ တလုံးထက်တွင် ဝင်ထိုင်ယင်း ပြောလိုက်၏။

ရန်လျှူချင်း၊ ရိလျှံနှင့် ရိပတ်ဖုတို့သည်လည်း ဝင်ရောက်ထိုင်လိုက်ကြသည်။

ထိုဖုန်းမှစ သူတို့နှင့်အတူ လာရောက်၍ ထိုင်သည်။

ထက်တော်စောင့် သိုင်းသမား အချို့သည် မြို့စားကြီး၏နောက်ဘက်လှမ်းလှမ်းတွင် လာ၍ ရပ်လိုက်ကြသည်။

'ကဲ....လူကလေးနဲ့ မကြာဖြူတို့ စားကြသောက်ကြကွယ့်။ တို့များတော့ စားသောက်ပြီးစီးကြပြီ'

မြို့စားကြီးသည် အရက်တခွက်ကို ငှဲ့သောက်ယင်းမှ ပြောလိုက်၏။

ရန်လျှူချင်းရော ရိလျှံပါ ဆာလောင်နေကြပြီ၊

သို့မို့ကြောင့် အစားအသောက်များကို စတင်စားသောက်လိုက်ကြသည်။

မြို့စားကြီးသည် စကားဆိုခြင်းအမှုကို မပြုတော့။

အရက်ခွက်ကို ညာလက်တွင်ဆုပ်ကိုင်ကာ တစုံတရာကိုအလေးအနက်စဉ်းစားနေသည်၊ မျက်မှောင်များပင် ကြုံ့နေသည်၊

၃၆

ခနအတွင်းမှာပင် ရန်လျှုချင်းနှင့်ရိလျှ တို့သည် စားသောက်ခြင်းအမှုပြီးသွားကြသည်။

ရန်လျှုချင်းသည် အရက်ချိုကိုတငုံချင်း၊ သောက်ယင်းမှ မျက်မှောင်ကြုံ့ဆော စဉ်းစားခန်းဝင်နေသောမြို့စားကြီးကိုလှမ်းကြည့်လိုက်သည်။ ပြီး....မေးခွန်းလည်းထုတ်လိုက်၏။

'စောစောကဂူဝမှာ ဘဘ မီးတုတ်နဲ့ ဝှေ့ယမ်းပြခဲ့တာဟာ တစုံတရာကိုအချက်ပြခဲ့တယ်လို့ ကျွန်တော်တော့ ထင်မိပါတယ် ဘဘ၊ ဘာဖြစ်လို့လဲဆိုတော့ ဘဘမီးတုတ်ဝှေ့ယမ်းပြလိုက်တာနဲ့ တောင်ထိပ်ပေါ်က မီးပုံကြီးတွေလဲ ပေါ်လာခဲ့တယ်'

မြို့စားကြီးသည် လေးနက်တည်ငြိမ်သော မျက်နှာထားဖြင့် ဦးခေါင်းညိတ်လိုက်သည်။

'မှန်တယ် လူကလေး'



'ဘာကိုများအချက်ပြတာလဲဘဘ၊ ဘယ်သူ့ကိုများအချက်ပြရတာပါလဲ'

'ကူဗလိုင်ခန့်အမိန့်နဲ့ တောင်ပိုင်းကိုသိမ်းဘို့ မွန်ဂိုသေနာပတိ ဗိုလ်ချုပ်ကြီးဘယင် အမှူးပြုတဲ့ မွန်ဂို တပ်ကြီးတွေဟာ တောင်ပိုင်းနယ်စပ် ကိုင်ဖင်မြို့တော်အထိ သိမ်းပိုက်ပြီးပြီဆိုတာ လူကလေးသိတယ်နော်....'

'မှန်ပါ....သိကြောင်းပါ ဘဘ'

'အိမ်း....အဲဒီမွန်ဂိုတပ်ကြီးတွေဟာ အခု တောင်ပိုင်းနယ်ထဲကို သိမ်းဘို့ တာစူနေကြပြီလူကလေး'

'မှန်ပါတယ်ဘဘ'

'အိမ်း....ဘဘစောစောက အချက်ပြခဲ့တဲ့မီးဟာ အဲဒီရောက်ရှိလာတဲ့ မွန်ဂိုရှေ့ပြေးတပ်ဦးကို အချက်ပြလိုက်တဲ့ မီးပုံတွေဘဲ'

'ခင်ဗျာ....'

'ချွင်....ခလွင်....ခွမ်'

ရန်လျှုချင်းလက်တွင်းမှ အရက်ခွက်သည် ယောင်ယမ်း၍ စားပွဲထက်သို့ လွတ်ကျသွားသည်။

ပါးစင်လည်း အဟောင်းသားဖြစ်သွားရပြီ။

မျက်လုံးလည်း အပြူးကျယ်ဆုံးအနေအထားသို့ ရောက်ရှိသွားရပြီ

ယုံနိုင်။

မိမိနားကို မိမိယုံနိုင်။

ထိတ်လန့်အံ့သြသော အမူအယာဖြင့် သူသည် မြို့စားဖခင်ကြီးကို ကြည့်နေမိလေ၏။

နယ်ချဲ့ဆန့်ကျင်ရေးသမားကြီး။

မွန်ဂိုတို့ကို တော်လှန်တိုက်ခိုက်ခဲ့သည့် ပုဂ္ဂိုလ်ကြီး။

မွန်ဂိုနယ်ချဲ့တို့ကို ဆန့်ကျင်တိုက်ခိုက်ခဲ့သဖြင့် မျက်စိတဖက် ပျက်ခဲ့ရသောပုဂ္ဂိုလ်ကြီး။

ယခုမူ ဤပုဂ္ဂိုလ်ကြီးသည် အစဉ်အလာနှင့် ဆန့်ကျင်စွာ နယ်ချဲ့မွန်ဂိုတပ်များအား အချက်ပြခဲ့သည်ဟူ ဆိုခဲ့လေပြီ။

မယုံပါ။

မယုံနိုင်ပါ။

ဘယ်နည်းနဲ့မျှ မယုံနိုင်ပါ။

မိမိနားကြားလွဲလေသလော။

ဤအဖြစ်အပျက်သည် အမှန်တကယ်ဖြစ်ပွားနေခြင်းမဟုတ်ဘဲ အိပ်မက်ဆိုးတရပ်သာ ဖြစ်နေလေသလော။

မဟုတ်။

နားကြားလွဲခြင်း မဟုတ်။

အိပ်မက်ဆိုးတရပ်လည်း မဟုတ်။

မြို့စားကြီးရန့်တာထုန်သည် ရန်လျူချင်းအား စူးစိုက်ကြည့်ရှုယင်းမှ တလုံးခြင်းပြောလိုက်သည်။

'မှန်တယ် လူကလေး။ အချိန်အခါကလဲ သင့်ခဲ့ပြီ၊ ဘာဘာ့ကိုမှ မဖုံးမကွယ်တော့ဘဲ လူကလေးကို အသုံးစုံဖွင့်ပြောတော့မယ်။ ပြီးတော့ ပထမဦးစွာ လူကလေးကိုလဲ ဘာဘာ မေးခွန်းတခု မေးချင်တယ်။ အဲဒီမေးခွန်းကိုလဲ လူကလေး မှန်မှန် ဖြေရလိမ့်မယ်'

'မေးတော်မူပါ ဘာဘာ'



'လူကလေး ဘာဘာ့ကို ဖခင်အရင်းတယောက်လိုဘဲ ချစ်တယ် မဟုတ်လား'

'ချစ်မြတ်နိုးကြောင်းပါ ဘာဘာ'

'ဘာဘာ ကြီးကျယ်အောင်မြင်တာကိုဘဲ မြင်ချင်သလား။ ကျဆုံးဆုတ်ယုတ်တာကိုဘဲ မြင်ချင်သလား'

'ဘာဘာ အောင်မြင်ကြီးကျယ်တာကိုဘဲ မြင်လိုပါတယ် ဘာဘာ'

'မှန်တယ်။ ဘာဘာအောင်မြင်ကြီးကျယ်မှသာ လူကလေးလဲ အောင်မြင်ကြီးထွားရလိမ့်မယ်။ ကောင်းစားရလိမ့်မယ်'

'ဒါကတော့ မှန်ပါတယ် ဘာဘာ'

'အဲ…ဟုတ်ပြီ။ ဘာဘာ လူကလေးကို ဖွင့်ပြောတော့မယ်။ အခုအချိန်အခါမှာ ဘာဘာဟာ ဆွန်းဧကရာဇ်ရဲ့ လက်အောက်ခံမြို့စားတပါး အရိုက်အရာကို ယူထားပေမယ့် တကယ်တန်းပြောရယင် မွန်ဂိုဧကရာဇ်ဘုရင်ကြီး ကူဗလိုင်ခန်ရဲ့ အကျိုးတော်ဆောင် တယောက်ပေဘဲ'

'ခင်ဗျာ….ဘုရား….ဘုရား။ ကျွန်….ကျွန်တော် …လုံး….လုံးဝ မသိခဲ့ရပါလား'

'လူကလေးမသိအောင် သိုသိုသိပ်သိပ် ဘာဘာဆောင်ရွက်ခဲ့တယ်လေ။ ဒါကလဲ လူကလေးရဲ့စိတ်ဓာတ်ကို ဘာဘာသိနေခဲ့လို့ပေါ့။ အိမ်း….လူကလေးဟာ တိုင်းပြည်နဲ့လူမျိုးကို ချစ်မြတ်နိုးတဲ့စိတ်ဓာတ်ရှိနေတဲ့ လူငယ်တဦး ဖြစ်တယ်။ ဘာဘာကိုလဲ မျိုးချစ်တော်လှန်ရေးသမားကြီးတဦး အဖြစ်နဲ့ ကြည်ညိုကိုးကွယ်ခဲ့တယ်။ ဒီတော့ ဘာဘာရဲ့ ဇာတိရုပ်အမှန်ပေါ်သွားလို့ မဖြစ်ပေဘူး။ ဒီအဖြစ်နဲ့ပတ်သက်ပြီးတော့ လူကလေး သိရှိမိခြင်း

မဖြစ်ရလေအောင် ရှင်းဝှါတောင်တန်းပို့ပြီး ပညာသင်ကြားစေခဲ့ရတာဘဲ'

မြို့စားကြီးသည် စကားကို ခေတ္တမျှ ရပ်နား လိုက်၏။ ရန်လျှူချင်းကိုလည်း မသိမသာ အကဲခတ်လိုက်သည်။

ရန်လျှူချင်းသည်မူ မွေးစားဖခင်ကြီးကို ပြန်မကြည့်၊ မြူးကြောင်သောမျက်လုံးအစုံဖြင့် ကျောက်စားပွဲပြင်ကြီး၏မျက်နှာကိုသာ စူးစိုက်ကြည့်ရှုနေသည်။

သူ့အမူအယာသည် အလွန်အမင်း စိတ်ထိခိုက်နေသည့်ဟန်။ အလွန်အမင်းကြေကွဲနေသည့်ဟန်။

မြို့စားကြီး စကားဆက်ပြန်သည်။

'ဘဘအနေနဲ့ လူတလေးပြန်လာတဲ့အခါ တဖြေးဖြေးပြောဆိုစည်းရုံးမယ်လို့ ဆုံးဖြတ် ထားခဲ့တယ်။ အိမ်း.... အခုတော့ မေထင်မှတ်တဲ့အရေးအခင်းကပေါ်လာခဲ့တယ်လေ၊ချီ တက်လာတဲ့ မွန်ဂိုသေနာပတိချုပ်ဆိပ်ို့တဲ့ ဘဘရဲ့စာဟာ ဘဘရဲ့ မဟာပြိုင်ဘက်ကြီးဖြစ်တဲ့ စမ်းချီမြို့စားဝှမ်ဆောက်ရန်ရဲ့လူတွေက ရရှိသွားခဲ့တယ်'

'ဝှမ်ဆောက်ရန်ဟာ မွန်ဂိုတွေရဲ့လျှို့ဝှက်သစ္စာတော်ခံ တဦး မဟုတ်လား ဘဘ'

မြို့စားကြီး ရန့်တုံ့ တုန်ထည်ခါးသည်းသောအပြုံးဖြင့်ခေါင်းကို ခါယမ်းလိုက်သည်။

'မဟုတ်ဘူးလူကလေး၊ သူက မွန်ဂိုလူယောင်ဆောင်ထားတဲ့ ယွန်းဧကရာဇ်ရဲ့တက်တော်သား။ ဘဘက ဆွန်းရောင် အသိုင်းအဝိုင်းထဲက မွန်ဂိုတွေရဲ့လူ၊ ပြဒါးတလမ်း သံတလမ်းဘဲ....'



'ငါဟာ မင်းကို သားအရင်းတယောက်လို သဘောထားခဲ့တယ်။ မင်းတောင်းစားတာကို မြင်ချင်တာကြောင့် အမြင့်ကို ဆွဲတင်ဘို့ ကြိုးစားခဲ့တယ်။ မင်းကတော့ မြင့်လွန်းလှတယ်ဆိုပြီး ခုန်ဆင်းဘို့ ကြံရွယ်ခဲ့တာပေါ့လေ ဟုတ်စ'

မြို့စားကြီးသည် ရန်လျှူချင်းအား ခက်ထန်တင်းမာစွာကြည့်လိုက်ပြန်သည်။

'ဒီမယ် ရန်လျှူချင်း၊ မင်းကိုငါ ပြတ်ပြတ်သားသား အမိန့်ပေးလိုက်မယ်၊ ဒီနေရာကနေပြီး မင်း ဘယ်ကိုမှသွားမလာရဘူး။ မနက်ဖန်ညဲဘက်မှာ ရောက်လာမယ့် မွန်ဂိုရှေ့ပြေးတပ်ဖွဲ့နဲ့အတူ မြောက်ပိုင်းကို လိုက်သွားရမယ်။ ဒါဘဲ'

'ကျွန်တော်မလိုက်ဘူးဘဘ။ ဘယ်လိုနည်းနဲ့မှ မလိုက်နိုင်ဘူး။ ဘဘကို ကျွန်တော်ချစ်ပါတယ်။ ကြည်ညိုပါတယ်။ ဒါပေမယ့် ကိုယ့်တိုင်းပြည်နဲ့ ကိုယ့်လူမျိုးကို ပိုပြီးချစ်ရသိမ့်မယ်ဘဘ။ ဘဘဖသာ လမ်းမှားကို လျှောက်ချင်ယင် လျှောက်ပါ။ ကျွန်တော်တော့ပြန်မယ်'

'ဟိတ်.... မပြန်ရဘူးလို့ငါအမိန့်ပေးနေတယ်မဟုတ်လား'

မြို့စားကြီး ရန့်တာထုန်သည် လက်တဖက်ကို မသိမသာမြှောက်၍ အချက်ပြလိုက်သည်။

'ဝှစ်....ဝှစ်....ဝှစ်....ဝှစ်'

'ဝှစ်....ဝှစ်....ဝှစ်'

လက်နက်ပုံးပစ်ခတ်သံများထွက်ပေါ်လာပြီးနောက် ရန်လျှူချင်း ကြမ်းပြင်ပေါ် ခွေလဲကျသွားသည်။

ရန်လျှုချင်း။

ထိပ်တန်းသိုင်းသမား။

သို့သော် အခိုက်အတန့်အတွင်း သတိလစ်သွားသဖြင့် သူ ခံလိုက်ရသည်။

ပစ်လွှတ်လိုက်သော လက်နက်ပုန်းများသည် အဓိက သွေးကြောနေရာများကို ထိမှန်အောင် အကြောပိတ်သွားသဖြင့် ယခုကဲ့သို့ ကြမ်းပြင်ထက် လဲကျသွားရခြင်းဖြစ်သည်။

မြို့စားကြီး၏လူယုံတော် ထိဖုန်းသည် ရန်လျှုချင်း ခါးမှ ဓားကို ဖြုတ်၍ သိမ်းယူလိုက်သည်။

မြို့စားကြီး၏ တောင့်တင်းကြံ့ခိုင်သော သက်တော်စောင့်နှစ်ဦးက ရန်လျှုချင်းကို ကြမ်းပြင်ပေါ်မှ ဆွဲထူလိုက် ကြသည်။

ရန်လျှုချင်းသည် ခံပြင်းဒေါသထွက်သော အသံဖြင့် မြို့စားကြီးကို ကြည့်၍ မေးလိုက်၏။

'ဒါက ဘာသဘောလဲဗျာ'

'စိတ်မရှိနဲ့လူကလေး။ စောစောကထဲက မင်းကို အလွယ်တကူ ခေါ်သွားလို့ ရလိမ့်မယ်မထင်လို့ ဘာဘုကြို တင်စီစဉ်ခဲ့တာ။ ဒါကြောင့် အခုပုံစံနဲ့ဘဲ ခေါ်သွားရလိမ့်မယ်'

'ကျွန်တော့ကို ဒီနေရာမှာတင် သတ်ပစ်လိုက်ပါဗျာ။ တိုင်းပြည်နဲ့ လူချိုးကို သစ္စာဖောက်တဲ့အထဲ မပါပါရစေနဲ့။ နယ်ချဲ့ရဲ့သစ္စာတော်ခံဘဝမျိုး မရောက်ပါရစေနဲ့'

မြို့စားကြီးသည် ရန်လျှုချင်းကို မကြည့်တော့။

ထိဖုန်းဘက်သို့ လှည့်လိုက်သည်။ ခေါင်းဆတ်၍ အချက်ပြလိုက်သည်။



ထိဖုန်းကလည်း ပြန်၍ ခေါင်းညွှတ်လိုက်သည်။

ပြီးနောက်....

ထိဖုန်း၏ လက်ညှိုးသည် ရိပတ်ဖုထံသို့ တည့်တည့်မတ်မတ်ကျရောက်သွား၏၊ နှုတ်မှလည်း ပြတ်သားသော အမိန့်သံ ပေါ်လာသည်။

'ဖမ်းလိုက်ကြစမ်း'

ထိဖုန်း၏အမိန့်သံ ထွက်ပေါ်လာသည်နှင့် ရိပတ်ဖုသည် ခုခံအကာကွယ်ဘို့ ပြင်ဆင်လိုက်၏။

သို့သော် မျက်တောင်တခတ်မျှ လှုပ်ရှားရှုပ်ထွေးမှုများ ဖြစ်ပေါ်သွားပြီးနောက် ရိပတ်ဖုသည် မြို့စားကြီး၏သက်တော်စောင့်သိုင်းသမားများ လက်ထဲတွင် အဖမ်းခံလိုက်ရလေတော့သည်။

၉၇

‘ဟား....ဟား....ဟား....ဟား’

‘ဟား....ဟား....ဟား....ဟား’

အောင်မြင်သူတို့၏ ရယ်မောသံသည် မြို့စားကြီး ရန့်တားထုန်နှင့် ထိဖုန်းတို့ထံမှ ထွက်ပေါ်လာခဲ့သည်။

ဖမ်းဆီးခံထားရသော ရိပတ်ဖိုအာ မေးမြန်းလိုက်၏။

‘ကျွန်တော့မှာ ဘယ်လိုအပြစ်မျိုးရှိလို့ပါလဲအရှင် ‘မြို့စားမင်း’

မြို့စားကြီးသည် အရယ်ရပ်သွား၏။ ရိပတ်ဖုကို မဲ့ပြုံးပြုံး၍ ကြည့်လိုက်သည်။ ခေါင်းကိုလည်း အဆက်မပြတ်ညိတ်သည်။

ပြီးနောက် ထိဖုန်းဘက်သို့ လှည့်လိုက်သည်။

‘ကဲ.... ထိဖုန်း၊ မေးတဲ့လူက မေးနေပြီ၊ သူ့မှာဘာအပြစ်ရှိသလဲတဲ့။ အဲဒါ ဖောင်မင်းအား ဖြေလိုက်စမ်း’

‘ခင်ဗျားမှာ ဘယ်လိုအပြစ်မျိုးရှိတယ်ဆိုတာ တကယ်ဘဲ မသိဘူးလား ရိပတ်ဖု’



‘အော်....အော်....’

ရန့်လျူချင်း ကျောက်စားပွဲကို ငေးစိုက်ကြည့်နေယင်းမှ ခေါင်းတဆတ်ဆတ်ညိတ်သည်။

မြို့စားကြီး၏အသံက ဆက်လက်ပေါ်ထွက်လာပြန်သည်။

‘အဲ့ဒီရသွားတဲ့စာကို ဝှမ်းဆောက်ရန်က ဆွန်းဧကရာဇ်ဆီ ပို့ခဲ့တယ်....။ ဘာဘာကို မွန်ဂေါရာဇ်ရဲ့ လျှို့ဝှက် သစ္စာတော်ခံ တယောက်မှန်းလဲ ဆွန်းဧကရာဇ်ကသိသွားခဲ့တယ်။ ဒါကြောင့် ဘာဘာ အခုလို ပြေးခဲ့ရတာဘဲပေါ့။ ဒီပြဿနာ မပေါ်ယင်လဲ နောက်တလလောက်အကြာမှာ မွန်ဂိုဧကရာဇ်ဆီဝင်တို့ ဘာဘာအစီအစဉ်လုပ်ပြီး ထားခဲ့ပြီ။

မြို့စားကြီးသည် စကားကို ရပ်နားလိုက်သည်။ ပါလာ

အရက်တခွက်ကို ငှဲ့သောက်လိုက်ပြန်သည်။

ရန့်လျူချင်း၏မျက်နှာမှာမူ မဲမှောင်မှုန်မှိုင်း၍နေသည်။ ဆို နှင့်သည့်အသံဖြင့်လည်း သူက မြို့စားကြီးကို ပြောလိုက်သည်။

‘ဘာဘာ အခုရရှိထားတဲ့ စည်းစိမ် ဥစ္စာတွေဟာ ပြည့်စုံမြင့် မားနေသားဘဲ ဘာဘာ။ ဘယ်လိုဖြစ်လို့ နယ်ချဲ့ တိုင်းတပါးသား တွေအပေါ် သစ္စာခံပြီး ကိုယ့်လူမျိုးရဲ့ ကိုယ့်နိုင်ငံအပေါ် သစ္စာ ဖောက်ဖျက်ရတာလဲ’

မြို့စားကြီး ရန့်တားထုန်သည် ခေါင်းကိုဖြေးလေးစွာခါယမ်း လိုက်၏။

‘မြို့စားကြီး ရာထူးလောက်နဲ့ ပြီးပြည့်စုံတယ်လို့ ဘာဘာမယူဆ နိုင်ဘူး။ မြို့စားရာထူးမပြောပါနဲ့လေ နယ်စား အဖြစ်တောင် ဘာဘာမကျေနပ်သေးဘူးကွယ့်။ တောင်ပိုင်းကို မွန်ဂိုတပ်များ သိမ်း၊

ပိုက်တဲ့အခါ ဆွန်းကေရာဇ်အစား တောင်ပိုင်းကို အုပ်ချုပ်မဲ့ ဧကရာဇ်ဘုရင်တပါးအဖြစ်သာ လိုလားတဲ့ဆန္ဒ ရှိခဲ့တာ။ မွန်ဂို ဧကရာဇ်ကြီး ကူဗလိုင်ခန်နဲ့ဘဘတို့ဟာ အပြန်အလှန်ကတိစကား များရှိခဲ့ကြတယ်၊ မွန်ဂိုတပ်များ တောင်ပိုင်းနယ်ကြီးကို သိမ်း ပိုက်ရရှိရေးအတွက် ဘဘက အစွမ်းကုန် ကူညီရမှာဖြစ်သလို မွန်ဂိုသေနာပတိချုပ်ကြီး ဘယန်ကလဲ တောင်ပိုင်းနယ် သိမ်း ပြီးတာနဲ့ ဘဘကိုဧကရာဇ်မြှောက်ရမှာတဲ့။ အခု ချီတက်လာတဲ့ မွန်ဂိုတပ်တော်ကြီးဟာ မကြာခင် တောင်ပိုင်း နယ်မြေတွေကို သိမ်းပိုက်မိတော့မှာ မလွဲမသွေဘဲ၊ ဘဘတောင်ပိုင်း ဧကရာဇ် ဖြစ်လာတဲ့အခါမှာ လူကလေးအခနန်နဲ့လဲ အိမ်ရှေ့စံပေါ့လေ...

'ဟား...ဟဲ...ထဲ...'

မြို့စားကြီး ရန့်တာတုန်သည် ပြောယင်းပြောယင်းမှ သူ့ စကားအပေါ် သူအားပါးတရဖြစ်လာခဲ့သည်။ စိတ်ခံစားမှုများ တက်ကြွလာခဲ့သည်။ တဖက်တည်းသော မျက် လုံး သည် ပင် အလျှံတခြောင်ခြောင်ဖြစ်၍ လာခဲ့ရလေပြီ။

'ဟော်ပါတော့ဘဘ တော်ပါတော့၊ ဘဘစကားတွေ ကျွန် တော်မကြားပါရစေနဲ့တော့....။

ရန်လျူချင်းသည် နားနှစ်ဖက်ကို လက်ဝါးဖြင့် ပိတ်ယင်း ခေါင်းတွင်တွင် ခါယမ်းနေသည်။

တသက်နှင့်တကိုယ် မွေးစားဖခင်ကြီး ရန့်ဘာဆုန်၏ အသို ဆန္ဒများကို ဘယ်ခါသာအခါကမျှ ဆန့်ကျင်ဖီဆန်ခဲ့ဘူးခြင်းမရှိ သော ရန်လျူချင်း။



သူသည် စားပွဲမှ လေးပင်စွာ ထလိုက်သည်။

မြို့စားကြီး ရန့်တာထုန်ကိုကြည့်လိုက်သည်။

သည်လိုကြည့်လိုက်သောရန်လျူချင်း၏ မျက်လုံးများထဲတွင် နာကျည်းကြေကွဲခြင်း၊ ခက်ထန်တင်းမာခြင်းတို့ပါဝင်နေသဖြင့် မြို့စားကြီးပင် မျက်လုံးပြူးကျယ်သွားရသည်။

ရန်လျူချင်း၏စကားသံများမှာ ထွက်ပေါ်လာခဲ့သည်။

'မိမိတကိုယ်တည်းကောင်းစားရေး မိမိမိသားစု တစုတည်း ကောင်းစားရေးအတွက် တိုင်းပြည်နဲ့လူမျိုးအပေါ် သစ္စာဖောက် ဖျက်ရတဲ့အလုပ်မျိုးလောက် ရွံမုန်းဘို့ကောင်းတဲ့အလုပ်မျိုး မရှိ တော့ဘူးဘဘ'

မြို့စားကြီးထံမှ ဖြောင့်ဖျပြောဆိုသံများက ထွက်ပေါ်လာ သည်။

'လူကလေးဘဲ စောစောကပြောခဲ့တယ်။ ဘဘ အောင်မြင် ကြီးကျယ်တာကို မြင်ချင်တွေ့ချင်တယ်ဆို၊ ဘဘ အကျိုးဖြစ် ထွန်းမှာကို မြင်ချင်တွေ့ချင်တယ်ဆို....'

'မှန်ပါတယ်ဘဘ၊ ဘဘကို ကျွန်တော် ချစ်မြတ်နိုးပါတယ်။ ရှိသေလေးစားမှုလဲ အပြည့်အဝရှိပါတယ်။ ဘဘရဲ့ကောင်းကျိုး စီးပွားကို အလိုလားဆုံးလူဟာ ကျွန်တော်ပါဘဲဘဘ။ နို့ပေ မယ့် တတိုင်းပြည်လုံးကို ကျွန်ဇာတ်သွင်းပြီးမှ ဘဘကောင်း စားတာမျိုးဆိုယင်တော့ မလိုသားနိုင်ဘူးဘဘ။ ကျွန် တော် မလိုလားဘူး။ ဒီကို တဘဘရောက်လာခဲ့တာဟာ ဒီလိုဆန္ဒ ဒီလို စိတ်ဓာတ်မျိုးသာရှိနေခဲ့တယ်ဆိုယင် ကျွန်တော် စောစောကထဲ

က မလိုက်ခဲ့ပါဘူး။ ဟိုမှာသဲ ကျွန်တော့်ကို ဖမ်းချင်ဖမ်း.... ထောင်ချင်သတ်၊ နေရစ်ခဲ့မှာ အမှန်ပါဘဲ'

'မဟုတ်သေးဘူး လူကလေး၊ မဟုတ်သေးဘူး လူကလေး....။ ခေါင်းအေးအေးထားပြီး စဉ်းစားလိုက်စမ်းပါအုံး။ လူ့ဘဝ ဆိုတာ သက်တမ်း တိုတိုကလေး နေရတာပါ။ တိုတောင်းတဲ့ ကာလအတွင်းမှာကိုယ်အောင်မြင်ကြီးပွားရေးထက်ဘယ်အရေး အခင်းကများ ပိုအရေးကြီးနေသလဲ၊ ပိုတန်ဖိုးရှိနေသလဲ....'

'ကျွန်တော် မအောင်မြင် မကြီးပွားချင် နေပါစေဘာဘာ....။ တိုင်းပြည်နဲ့လူမျိုးကို သစ္စာဖောက် နယ်ချဲ့တွေနဲ့ ပူးပေါင်းပြီး ရာထူးယူတဲ့အလုပ်မျိုးတော့ ကျွန်တော်သေသွားပါစေ။ လုံးဝ မလုပ်နိုင်ဘူး။ လုံးဝမလုပ်ချင်ဘူး။ ဘာဘကို ကျွန်တော် အကြံ ဉာဏ်ပေးတင်ပြချင်တာကတော့ ကျွန်တော်တို့ဆင်ဖန်ကိုပြန်ကြ မယ်။ မှားယွင်းခဲ့တဲ့အမှားတွေကို ဝန်ချ တောင်းပန်မယ်....။ အမြင်မှန်ပြန်ရလာတဲ့အတွက်လဲ ဆွန်းရှေဇာ ကျေနပ်ခွင့်လွှတ် နိုင်လိမ့်မယ်လို့ ယူဆစရာရှိပါတယ်၊ ဒါကြောင့် ပြန်ကြပါစို့ ဘာဘ....'

'တိတ်စမ်းဟေ့....တိတ်စမ်း'

'ခွမ်း....'

မြို့စား ကြီး ရန်တာထုန်သည် ကျားကြီး တကောင်အလား ကုယ်လောင်စွာ ဟိန်းဟောက် အော်ဟစ် လိုက် ပြီး နောက် သောက်စအရက်ခွက်ကိုပါ ကြမ်းပြင်ပေါ် ပေါက် ချ လိုက် သည်။

နောက် ဒေါသသံဖြင့်လည်း ဆက်၍ပြောဆိုလိုက်သည်။



သူတို့လူစုသည် လှေခါးထစ်အတိုင်း အောက်ဘက်သို့ ဆင်း လာခဲ့ကြသည်။

လှေခါးထစ်မှာ ကြောင်လိမ်လှေခါးကဲ့သို့ ဟိုချိုးလိုက်သည် ကွေ့လိုက်ဖြင့် ရှိသည်။

လှေခါးထစ် အတော်များများကို ဆင်းမိပြန်သောအခါ နောက်ထပ် ကျောက်တံခါးတချပ် ပိတ်နေသည်ကို တွေ့ရှိကြရ ပြန်သည်။

မြို့စားကြီးသည် လျှို့ဝှက်ခလုတ်ကိုနှိပ်၍ ဖွင့်လိုက်ပြန်သည်။ ကျောက်တံခါးပွင့်သွားပြီ။

အောက်ဘက်သို့ ချိုးကွေ့ဆင်းသွားသည့် လှေခါးထစ် များကို ထပ်မံတွေ့ရပြန်သည်။

ထိုလှေခါးထစ်များမှ ဆင်းလာကြသောအခါ အမြင့်ပေ သုံးဆယ် အကျယ် ပေနှစ်ဆယ်ခန့်ရှိသည့် အခန်းတခုအတွင်းသို့ ရောက်ရှိလာခဲ့ကြပြန်သည်။

ထိုအခန်းသည် သူတို့ဝင်လာခဲ့ကြသော အပေါက်တပေါက်မှ လွဲ၍ အခြားအပေါက်များ လုံးဝမရှိ။

ကျောက်ကုလားထိုင်ပျက်ကြီးနှစ်လုံးရှိနေသည်မှလွဲ၍အခြား မည်ကဲ့သို့သော ပရိဘောဂပစ္စည်းမျိုးမျှမရှိ။

'ဒီအခန်းထဲမှာ လူကလေးတို့ကို ထားခဲ့ရလိမ့်မယ်။ လော လောဆယ် ထွက်ပြေးမှာ စိုးရိမ်ရတာကြောင့် အခုလိုထားရ တာဘဲ'

ရန်လျူချင်းသည် မေးစားဖခင် ရန်တာထုန်ကိုမကြည့်တော့။ မည်သို့မျှလည်း ပြန်မပြောတော့။ အံကိုသာ ကြိတ်ထားသည်။

ယူကြုံးမရသော ဝေဒနာကိုလည်း ခံစားနေရသည်။

နယ်ချဲ့ဆန့်ကျင်ရေးသမား မွေးစားဖခင်ကြီးသည် အမျိုးသစ္စာဖောက်တဦး ဖြစ်နေရလေသောကြောင့်ဖြစ်သည်။

ရန်တာထုန်သည် ရိပတ်ဖုဘက်သို့ လှည့်လိုက်သည်။

'မောင်မင်းဆာတော့ ကွပ်မျက်သုတ်သင်ခံရမယ့်လူတယောက်ဘဲ။ မောင်မင်းကို ဘယ်လိုနည်းနဲ့သုတ်သင်ရမယ်ဆိုတာ စဉ်းစားလိုက်အုံးမယ်။ မြကြာဖြူဆာတော့ ကြင်ယာတော်အဖြစ် သိမ်းပိုက်ရမှာ မလွဲဘူး။ ကိုင်း.... နေရစ်ခဲ့ကြပေအုံးတော့'

မြို့စားကြီးသည် မီးတုတ်တခုကို နံရံချိတ်တွင် ထိုးစိုက်ထားခဲ့သည်။

ပြီးနောက် ရန်လျှုချင်းတို့၏ အချုပ်အနှောင်များကိုဖြေကာ အခန်းထဲတွင်ထားခဲ့ပြီး အပေါ်သို့ ပြန်တက်သွားကြသည်။

အပေါ်မှ ကျောက်ဖျာကြီးကိုလည်း ပိတ်ဆို့ထားခဲ့ကြသည်။

မြို့စားကြီး ရန်တာထုန်တို့လူစု ထွက်ခွာသွားကြသောအခါ ရိလျှုက ရန်လျှုချင်းအား အားနာတောင်းပန်သော အမူအယာဖြင့် ပြောလိုက်သည်။

'ရှင့်ကိုကျုမတို့က ရှင့်မွေးစားအဖေလိုမွန်ဂိုအလိုတော်ရယ်လို့ အထင်လွဲခဲ့မိတာ ခွင့်လွှတ်ပါရှင်'

ရန်လျှုချင်းသည် သက်ပြင်းတချက်ကို ဟင်းကနဲချလိုက်သည်။ ပြီးနောက် သူ၏ ပင်ကိုယ် ပကတိအသံဖြင့်လည်း ပြောလိုက်သည်။

'တကယ်တော့ တောင်းပန်ရမှာက အကိုပါရိလျှု'



'အို.... ကြည့်စမ်း၊ ရှင်ကျုမနံမယ်အရင်းကို သိနေတယ်နော်။ ဘယ်လိုလုပ်ပြီးတော့များ သိနေသလဲဟင်'

ရန်လျှုချင်းသည် ခန္ဓာကိုယ်ပေါ်မှ ရုပ်ဖျက်ထားသော ရုပ်ပြောင်းရုပ်လွှဲပစ္စည်းများကို ဖယ်ရှားလိုက်သည်။

ရန်လျှုချင်း၏ ပင်ကိုယ် ပကတိရုပ်ဟာ ဘွားဘွားပေါ်လာခဲ့သည်။

ပထမတော့ ရိလျှုမှာ မျက်လုံးမျက်ဆံကလေးများ ပြူးနေရ၏။ နောက် ဝမ်းသာအားရ ဖြစ်သွားရသည်။

'ဟင်.... အကို အကိုပါလား'

ရိလျှုသည် ဝမ်းမြောက်ဝမ်းသာဖြင့် ရန်လျှုချင်း၏ လက်မောင်းများကို ဆုပ်ကိုင်လိုက်သည်။

ရိပတ်ဖုသည် သူတို့နှစ်ဦးအား ပြုံးပြုံးကြီးကြည့်နေ၏။

'မောင့်ကို ကျုပ်အစောကြီးကထဲကဘဲ သိနေခဲ့ဘယ်။ နို့ပေမယ့် အချိန်မကျသေးလို့ ဘယ်လိုစကားမျိုးမှ ထုတ်ဖော်ပြောဆိုခြင်း မပြုနိုင်ခဲ့သေးတာဘဲ'

'ကျွန်တော်လဲ ဦးတော်တို့ တူစရီးကို အထင်အမြင်လွဲမှားမှုများ ဖြစ်ခဲ့မိပါတယ်ခင်ဗျား။ ပြီးတော့ ဘယ်နည်းဘယ်ပုံ ကျွန်တော့မွေးစားဖခင်နဲ့ ဆက်သွယ်မိပြီး အခုလို ရောက်နေခဲ့ကြတယ်ဆိုတာရယ်။ နောက် ရိလျှုဟာ ကျွန်တော်နဲ့အတူ ရှိနေရာက ဝမ်ဇီဇူးဆိုတဲ့ အဖွားကြီးနဲ့တွေ့ရှိပြီး ဘယ်လို ပျောက်သွားခဲ့တယ်ဆိုဘာရယ်။ အဲဒါတွေကို တွေးတောလို့ မရနိုင်လောက်အောင်ပါဘဲ'

'ရှင်းပြရမှာပေါ့။ ရှင်းပြရမှာပေါ့'

ရိုပတ်ဖုသည် ပြုံးရွှင်စွာပြောဆိုယင်း ခေါင်းညိတ်လိုက်သည်။

'တကယ်တော့ မောင်သိပြီးဖြစ်တဲ့အတိုင်း ကျုပ်တို့ဟာ မွန်ဂို နယ်ချဲ့တွေကို ခုခံကာကွယ်တိုက်ခိုက်ယင်း တောင်ပိုင်းဒေသထဲ ရောက်ရှိလာခဲ့ကြရတဲ့ မျိုးချစ်ပုဂ္ဂိုလ်တွေဘဲ။ ကျုပ်တို့ဟာ ဒီ တောင်ပိုင်းဒေသထဲမှာဘဲ တိုင်းပြည်နဲ့လူမျိုးကို ကာကွယ်ဖို့ နယ်ချဲ့မွန်ဂိုတွေကို ခုခံဆန့်ကျင်တိုက်ခိုက်ဖို့ မျိုးချစ်အဖွဲ့အစည်း ကြီးတရပ် ဖွဲ့စည်းတည်ထောင်ခဲ့ကြတယ်။ ဒီအဖွဲ့အစည်းကြီးထဲ မှာ အနယ်နယ်အရပ်ရပ်က မျိုးချစ်ပုဂ္ဂိုလ်တွေနဲ့ သိုင်းပညာရှင် တွေ ပါဝင်ခဲ့ကြတယ်။ ကျုပ်တို့ရဲ့နောင်တော်ကြီး မောင့်သေ့ သောက်မိတ်ဆွေဖြစ်တဲ့ ရိဝှမ်းလင်ရဲ့ဖခင် သေနာပတိကြီး မြှုပ်နှံ ထားခဲ့တဲ့ နန်းစဉ်ရတနာတွေကို ဒီအဖွဲ့အစည်းကြီး ရံပုံငွေအဖြစ် သုံးဖို့စီစဉ်ခဲ့ကြတယ်။ တနေ့သောအခါမှာ တူးဖော်ပြီး ယူငင်ဖို့ ဦးကြီးရဲ့ လျှို့ဝှက် ခေါင်းဆောင်များ စီမံစိုင်းပြင်းခဲ့ကြတယ်။ ဒီမှာဘဲခေါင်းဆောင်ထဲက တယောက်က သစ္စာဖောက်ခဲ့တာ ကြောင့် ရတနာသိုက်ရဲ့ မြေပုံညွှန်းဟာ မောင့်မွေးစား ဖခင် မြို့စားကြီးရန်တာထုန်လက်ထဲ တိတ်တဆိတ်ရောက်သွားခဲ့တယ်။ ဒီကိစ္စကို လက်ရင်းလူယုံတွေလောက်က လွဲပြီး ဘယ်သူမှမသိ ခဲ့ကြဘူး။ မြို့စားကြီး ရန်တာထုန်ဟာလဲ ဒီမြေပုံညွှန်း သူ့ဆီ ရှိနေကြောင်း လုံးဝ ထုတ်ဖော်မပြောကြားခဲ့ဘူး။ ဒါကြောင့် အားလုံးဟာ ဒီမြေပုံ ကျုပ်တို့ လက်ထဲမှာဘဲ ရှိနေတယ်လို့ ထင်မှတ်ပြီး မကြာခဏ အနှောက်အယှက် ပေးနေခဲ့ကြတာပေါ့။ ဒါပေမယ့် သူတို့အထင်အမြင်နဲ့ တကယ် အဖြစ်အပျက်ဟာ ဝေးခြားစွာ ဖြစ်ခဲ့ရတယ်လေ။ ရှင်းဝှါ တောင်တန်း ပေါ်မှာ



'ကျုပ်က ဘာလုပ်ဖို့ ဘာကိုသိရမှာလဲ'

'ခင်ဗျားဘာလုပ်ရမှာလဲ၊ ခင်ဗျားဟာ ဒီနယ်မြေက ဆွန်း ကောရှင်ရဲ့ လျှို့ဝှက်သစ္စာတော်ခံ အဖွဲ့ဝင်တဦးဘဲ။ မြို့စားမင်း ဆီမှာ သစ္စာခံချင်ယောင်ဆောင်ပြီး ရောက်လာခဲ့တယ်၊ လူယုံ တယောက်ဖြစ်အောင် ကြိုးစားခဲ့တယ်။ မြို့စားမင်းရဲ့လုပ်ဆောင် ချက်မှန်သမျှကို စမ်းချီမြို့စားဆီ သတင်းပို့နေတဲ့ တန်ပြန်သူလျှို တယောက်ဘဲ'

'ကျုပ်ကို မဟုတ်တာတွေ မစွပ်စွဲပါနဲ့'

'ကျုပ်မဟုတ်တာမမှန်တာပြောနေတာမဟုတ်ဘူး။ ဟုတ်တာ မှန်တာတွေကိုသာ ပြောနေတာ။ မြို့စားမင်းက မွန်ဂိုသေနာပတိ ချုပ် ဘယင်ဆီကို လျှို့ဝှက်စာတစောင် သွားပို့စေခဲ့တယ်။ ဒီစာကို တန်ရှင်းကသွားပို့ခဲ့ရတယ်။ ဒီသတင်းကို ခင်ဗျားသိပြီး စမ်းချီမြို့စား၊ ဝှမ်ဆောက်ရန်ဆီ အကြောင်းကြားခဲ့တယ်။ ကဲ... ဘာညင်းချင်သလဲ'

'ခင်ဗျားပြောတာတွေ လုံးဝမဟုတ်ဘူး'

ထိဖုန်းသည် အင်္ကျီအိတ်ထဲမှ စာတစောင်ကို ထုတ်ယူဖြန့် ပြလိုက်သည်။

ဆွန်းကောရှင်၏ တံဆိပ်တော် ခတ်နှိပ်ထားသည့်စာ။

စာကိုထောင်ပြယင်းမှ ထိဖုန်းစကားဆက်သည်။

'ဒီစာဟာ ဆွန်းကောရှင်က ခင်ဗျားဆီကို တိုက်ရိုက်ပေး လိုက်တဲ့စာ။ ဒီစာကို ယူဆောင်လာခဲ့တာက တပ်မှူးကြီးယွန်ဘဲ။ တပ်မှူးကြီးက နယ်ကျွမ်းတဲ့ သူ့လူတယောက်ကို ဒီစာခင်ဗျား လက်ထဲရောက်အောင် ပို့ခိုင်းခဲ့တယ်။ ဒါကို ကျုပ်တို့လူ

တယောက်က ကြားဖြတ်ရလာပြီး ကျုပ်လက်ထဲ ရောက်လာခဲ့တယ်။ စာထဲမှာပါတဲ့ အကြောင်းအရာတွေက ဆွန် ဘောရှစ်က ခင်ဗျားကို အစွမ်းကုန်ချီးကျူးထားတယ်။ မြို့စားမင်းကိုဖမ်းဆီးရာမှာ ခင်ဗျားကူညီတဲ့အကြောင်းလဲ ပါရှိတယ်။ ကိုင်း ခင်ဗျား ညင်းချင်သေးသလား'

ရိပတ်ဖုသည်မညင်းနိုင်တော့။ ခေါင်းငိုက်စိုက်ကျသွားသည်။ အံကို တင်းတင်းကြိတ်ထားသည်။

မြို့စားကြီး၏အသံက ပေါ်လာပြန်သည်။

'ဒို့တတွေ စံအိမ်တော်က ထွက်အလာမှာ လမ်းရောက်တော့ ထိဖုန်းဟာ သူ့လူနဲ့တွေ့တယ်။ ဒီစာကိုရတယ်။ ချက်ချင်းဘဲ ငါ့ကို တိုးတိုးတိတ်တိတ်ပြောပြတယ်။ အဲဒီနေရာမှာဘဲ မောင်မင်းကို ငါသတ်လိုက်တော့မလို့ဘဲ။ နို့ပေမယ့် သိလိုတဲ့အချက်တချက် ရှိနေတာကြောင့် မောင်မင်းကို ဒီအထိမသိဟန်ဆောင်ပြီး ခေါ်လာခဲ့တယ်'

'ကိုင်း.... မေးတာကို မှန်မှန်ဖြေစမ်း မောင်မင်း။ မောင်မင်းဟာ သူလျှိုတယောက်ဖြစ်ပြီး ငါ့အကျိုးကို ပျက်စီးအောင် ဆောင်ရွက်နေသူ ဖြစ်ပါလျက်နဲ့ ဘယ်လိုကြောင့်မောင်မင်း တူမ မြကြာဖြူနဲ့ လက်ထပ်ပေးဘို့ ကြံရွယ်ရတာလဲ'

'အခုမှတော့ မထူးတော့ပါဘူး။ အမှန်အတိုင်းဘဲ ဖြေပါတော့မယ်။ တကယ်တော့ ရိလျှံကို တကယ့်လက်ဆက်ဘို့အထိ အဖြစ်မခံပါဘူး။ သူ့ကိုမာယာနဲ့ဖျားယောင်းခိုင်းပြီး လိုချင်တဲ့ အတွင်းရေးတွေမှန်သမျှ သိရအောင် သတင်းရဘို့ ဟန်ဆောင်ခိုင်းခဲ့တာဘဲ'



'ဩ... လက်စသပ်တော့ ဒီကိစ္စဟာ ဟန်ဆောင်မှုတရပ်ကိုး။ ဒါနဲ့ နေစမ်းပါအုံး။ ဆွန်ဘောရှစ်ရဲ့လူတွေ စံအိမ်တော်ရှေ့ ရောက်လာပြီး ငါ့ကို လာဖမ်းကြတုန်းအချိန်မှာ မောင်မင်း အနေနဲ့ ပွင့်ပွင့်လင်းလင်း တဖက်ကိုပြောင်းသွားဘို့ အကောင်းဆုံးအချိန်ဘဲ။ ပြီးတော့ ငါ့ကိုဖမ်းမယ်ဆိုယင် အလွယ်တကူနဲ့ ဖမ်းနိုင်တဲ့အချိန်မျိုး။ ဒီလိုအချိန်အခါမျိုးရောက်နေတာတောင် မောင်မင်းက ဘယ်လိုကြောင့် ဆက်ပြီးဟန်ဆောင်နေခဲ့ရတာလဲ။ ငါနဲ့ ဒီအထိ ဘာ့ကြောင့်လိုက်လာခဲ့ရတာလဲ'

'တပ်မှူးကြီးအနေနဲ့ အရှင်မြို့စားမင်းကို တကယ်မဖမ်းသေးပါဘူး။ ထွက်ပြေးနိုင်ရုံလောက်သာ ချောက်လှန့်လိုက်တာပါ။ အခုလို လွယ်လွယ်ကူကူ လွတ်လာခဲ့တာကိုဘဲ ကြည့်ပါလား။ အရှင်မြို့စားမင်း ထွက်ပြေးမယ်ဆိုယင် အရေးအကြီးဆုံးနေရာကို ပြေးမယ်။ အဲဒီနေရာကို တပ်မှူးကြီးတို့ကလဲ သိလိုနေကြတယ်။ ဒါ့ကြောင့် ကျွန်တော်မျိုး တပါထဲလိုက်လာခဲ့ရတာဘဲ။ အင်း ကိုယ်မှာလဲ ကိုယ့်အကြောင်းနဲ့ကိုယ် ဆိုပါတော့လေ'

မြို့စားကြီးသည် ခေါင်းညိတ်လိုက်၏။ ခါးသည်းသောမျက်လုံးများဖြင့်လည်း ရိပတ်ဖုကို ကြည့်လိုက်သည်။ ပြီးနောက် ရိလျှံကိုပါ ဖမ်းဆီးချုပ်နှောင်စေလိုက်သည်။

'ကိုင်း.... သူတို့သုံးယောက်ကိုခေါ်ပြီး ငါ့နောက်ကို လိုက်ခဲ့ကြ'

၃၀

မြို့စားကြီးသည် မီးတုတ်ကိုကိုင်ပြီးရှေ့ဆုံးမှလာခဲ့သည်။

မြို့စားကြီးနောက်ဘက်မှ ထက်တော်စောင့် သိုင်းသမားများက ရန်လျူချင်း ရိလျှံနှင့် ရိပတ်ဖုံတို့ကို ဆွဲခေါ်ပြီး လိုက်ပါလာကြသည်။

နောက်ဆုံးမှ လိုက်လာခဲ့သူက ထိဖုန်း။

ဥမင်လမ်းတိုကလေး တခုအတိုင်း လျှောက်လာခဲ့ကြသည်။

လမ်းအဆုံးတွင် နံရံဘချပ်ဘ ကာပိတ်ခနသည်။

နံရံထောင့်မှ ခလုတ်တခုကို နှိပ်လိုက်သောအခါ ရှေ့မှကျောက်နံရံသည် ဘေးတိုက်ပွင့်သွား၏။

လှုနှစ်ယောက်ယှဉ်ပြီး ဝင်နိုင်ရုံ တံခါးပေါက်တခုပေါက်ပေါ်လာသည်။

ထိုတံခါးပေါက်၏ဘဖက်တွင် အောက်ဘက်သို့ နိမ့်ဆင်းသွားသော လှေခါးထစ်များကို တွေ့ကြရသည်။



မောင့်မှသွေးသောက် သူငယ်ချင်း ရိဝှမ်းလင်မောင်နဲ့ တရင်းတနှီးဖြစ်ခဲ့တာကို မှတ်မိတယ်နော်'

'ကောင်းကောင်းကြီး မှတ်မိပါတယ် ဦးတော်ခင်ဗျား'

'အိမ်း ရိဝှမ်းလင်ဟာ မောင့်ကို တရင်းတနှီး ပူးပေါင်းခဲ့ရတာကတော့ ဒီမျိုးချစ်အဖွဲ့အစည်းကြီးရဲ့ ညွှန်ကြားချက်အရဘဲဖြစ်ပေတယ်။ မောင်ဟာ မြို့စားကြီးရန်တာထုန်ရဲ့ သားဖြစ်တယ်။ မြို့စားကြီး ရန်တာထုန် လက်ထဲမှာ ကျုပ်တို့ရဲ့ ရတနာသိုက်မြေပုံရောက်နေတယ်။ ရိဝှမ်းလင် မောင့်ကို ရင်းနှီးခင်မင်အောင်လုပ်ထားရင် ဒီမြေပုံကိစ္စနဲ့ ပတ်သက်ပြီး တနေ့နေ့ တချိန်ချိန်မှာ အသုံးဝင်လာနိုင်တယ်။ ဒီညွှန်ကြားချက်နဲ့ သူလုပ်ဆောင်ခဲ့ရတာဘဲ။ ဒါပေမယ့် နောက်ပိုင်းကျတော့ သူဟာ မောင့်အပေါ်မှာ တကယ်ဘဲ သွေးသောက် ရင်းချာ ဖြစ်သွားခဲ့ပါတယ်လေ'

ရန်လျူချင်းသည် ရိပတ်ဖု ရှင်းပြနေသမျှကို ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေမိသည်။

ရင်ထဲတွင်လည်း ဆန်းကြယ် အံ့သြမှုများ ခံစားရစပြုလာသည်။

ရိပတ်ဖုအသံများက ထွက်ပေါ်လာခဲ့ပြန်၏။

'ကြိုတင်စီစဉ်ထားခဲ့ကြတဲ့အတိုင်း မောင် ကျုပ်တို့ဆီရောက်လာတဲ့အခါ ရိဝှမ်းလင်ရဲ့စာနဲ့ မောင့်ကို အကူအညီတောင်းခဲ့ကြတယ်။ မောင်လဲ ဒီကိစ္စထဲမှာ ပါလာသင့်သလောက်ပါလာခဲ့တယ်။ ရိလျှံ လူဆိုးတွေ လက်ထဲက လွတ်မြောက်ပြီးလူဝကြီးသုံးယောက် စားသောက်ဆိုင်က အထွက်မှာ ဝမ်ဇီဗူးဆိုတဲ့ ဆွေ့ကြီးနဲ့ တွေ့ခဲ့ကြရတယ်မဟုတ်လား'

‘မှန်ပါတယ်ခင်ဗျာ။ အဲဒီဝမ်ဇီဗူးဆိုတဲ့ အဖွားကြီးနဲ့ တွေ့ဆုံပြီးတဲ့နောက် ကျွန်တော်သတိလစ် မေ့မြောသွားပြီး ရိလျှံလဲ ပျောက်ဆုံးခဲ့ရတော့တာပါပဲ’

ရိပတ်ဖုသည် အားပါးတရ ပြုံးလိုက်၏၊

အဲဒီဝမ်ဇီဗူးဆိုတဲ့ အဖွားကြီးဟာ တခြားသူမဟုတ်ဘူးကွယ့် ခေါင်နဲ့ အရင်းနှီးဆုံး သူတယောက်တဲ’

‘ကျွန်တော်နဲ့ အရင်းနှီးဆုံးလူတယောက်။ ဟုတ်သလား။ ဦးတော်’

‘အိမ်း…သူဟာတခြားသူမဟုတ်ဘူး။ ကွယ်လွန်ခဲ့သဆုံ ပြီလို့ သတင်းလွှင့် ဖန်တီးထားခဲ့ရတဲ့ မောင့်အရင်းနှီးဆုံး သွေးသောက် ဆွေရင်း ရိဂှမ်သင်ဘဲ။ မောင်တို့ဘာ ရှင်းဝှါ ဘောင်ဘန်း ပေါ်မှ ရုပ်ပြောင်းရုပ်လွှဲ အတတ်ပညာတွေကို အဆင့်အတန်း မြင့်မြင့်မားမား တတ်ခဲ့တယ်မဟုတ်လား။

ရန်လျှုချင်းပါးစပ်အဟောင်းသားဖြစ်ရုံမက မျက်ခုံးများ ပင်မြင့်တက်သွားရသည်။ မည်သည့်စကားမျှလည်း မပြောနိုင် တော့။

ရိပတ်ဖုက ဆက်လက်ရှင်းပြနေသည်၊

‘သူတို့မောင်နှမ ပြန်လည်ဆုံဆည်းမိကြတဲ့နောက် မျိုးချစ် အဖွဲ့အစည်းကြီးရဲ့ညွှန်ကြားချက်အရ ရတနာမြေပုံ ပြန်လည်ရ ယူနိုင်အောင် ရိလျှံကို မြို့စားကြီး ရန့်တာထုန်နဲ့ တွေ့ပေးပြီး ကြင်ယာတော်လောင်းအဖြစ် ဖန်တီးခဲ့ကြရတာတဲ’

ရန်လျှုချင်းသည်အလုံးစုံသိသွားခဲ့ရလေပြီ။

ထို့ကြောင့် သူ့အထင်အမြင်လွဲမှားခဲ့သည်တို့ကို ရိလျှံအား ခွင့်လွှတ်ပါရန်တောင်းပန်သည်။



ရိလျှံကလည်း သူမအနေဖြင့် ယခုကဲ့သို့ဟန်ဆောင်မိရခြင်း နှင့် အဖွားကြီးဝမ်ဇီဗူးအဖြစ် ရုပ်ဖျက်ထားခဲ့သော သူမ၏အကို ရိဂှမ်းလင်နှင့် တွေ့ဆုံပြီးနောက် ရန်လျှုချင်း အပေါ် ခြေရာ ပျောက်ခဲ့မိသည်တို့ကို ပြန်လည်တောင်းပန်လိုက်သည်။

ဇာတ်ရေလည်သွားကြပြီဖြစ်သော ချစ်သူနှစ်ဦးတို့မှာ ပီတိ များဖြာဖြာဝေကြရသည်။ ကြေနပ်ကြည်နူးခြင်းလည်းဖြစ်ကြ ရသည်။ လက်ရှိအခြေအနေကိုပင် တဒင်္ဂမျှ မေ့လျော့သွားကြ ရသည်။

ရိပတ်ဖု၏အသံ ထွက်ပေါ်လာခဲ့ပြန်သည်၊

‘မောင့်မွေးစားဖခင် မြို့စားကြီးရန့်တာထုန်ဟာ တိုင်းပြည်နဲ့ လူမျိုးကို သစ္စာဖောက်ခဲ့တာ ကြာပြီ။ မွန်ဂိုနယ်ချဲ့တွေနဲ့တိုက် ခိုက်ခဲ့ရတဲ့ မြောက်ပိုင်းစစ်မြေပြင်မှာတဲ မွန်ဂိုစစ်ကဲတွေ၊ တပ်မှူး တွေနဲ့ တိတ်တဆိတ်တွေ့ဆုံပြီး အပေးအယူ လုပ်ခဲ့တယ်…။ သူ့ ကိုယ်သူ မွန်ဂိုကရောင်ရဲ့လူ ဖြစ်အောင် ဖန်တီးလုပ်ဆောင်ခဲ့ တယ်။ အားလုံးရဲ့အမြင်မှာတော့ သူဟာ နယ်ချဲ့ဆန့်ကျင်ရေး သမားကြီး၊ မွန်ဂိုဆန့်ကျင်ရေးသမားကြီး ဖြစ်နေတာပေါ့…။ အခု သူ့လက်ထဲမှာ နန်းစဉ်ပစ္စည်း ရတနာမြေပုံညွှန်းသာမက ဘူး။ တိုင်းပြည်နဲ့လူမျိုးအတွက် ထိပ်တန်းအရေးကြီးတဲ့ လျှို့ ဝှက်ချက်ကြီးတရပ်လဲရှိနေတယ်။ ဒါကို မွန်ဂိုတပ်မှူးတွေရဲ့လက် ထဲမှအပ်နိုင်ခင် တို့များ သူ့လက်ထဲက အရယူနိုင်အောင်ကြိုး စားကြရလိမ့်မယ်။ ကိုင်း…ပထမဦးဆုံး အစီအစဉ် အဖြစ်နဲ့ တို့သုံးဦး ဒီအထဲကလွတ်မြောက်အောင် ကြံစည်ကြိုးစားလိုက် ကြအုံးစို့…’

ဥမင်လမ်းအတိုင်း ဝင်လာခဲ့ကြသူနှစ်ဦး။

မီးတုတ်များ သက်ထဲတွင် ကိုယ်စီကိုင်လာကြသည်။

ရှေ့မှ ဦးဆောင်လာသူမှာ မြို့စားကြီး ရန်တစ်ထုန်ဖြစ်၍ နောက်မှ ထပ်ချပ်မကွာလိုက်ပါလာသူမှာ ထိဖုန်းဖြစ်လေသည်။

သူတို့နှစ်ဦးသည် ကွေ့ကောက်သော ဥမင်လမ်းကြောင်းအတိုင်းလာခဲ့ကြ၏။

ကျောက်တံခါးတချပ်ပိတ်ထားသည့်နေရာသို့ ရောက်ရှိလာခဲ့ကြသည်။

မြို့စားကြီး နံရံတွင် မြှုပ်နှံထားသော လျှို့ဝှက် ခလုတ်တခုကို အသာနှိပ်ချလိုက်သည်။

ကျောက်တံခါးကြီးသည် ကျွိကနဲမြည်ကာ ပွင့်ဟသွား၏။

ပွင့်ဟသွားသော တံခါးပေါက်မှ သူတို့နှစ်ဦး ဝင်လာခဲ့ကြသည်။



မြို့စားကြီး ရန်ဘာထုန်အဖို့မူ မည်သို့မျှ ထူးခြားမှုမရှိသော်လည်း နောက်မှလိုက်ပါလာခဲ့သည့် ထိဖုန်းအဖို့ရာမူ အခန်းတွင်းမှ မြင်တွေ့လိုက်ရသည့်အနေအထားများကြောင့် ခြေလှမ်းတုန့်ကနဲဖြစ်သွားမိရသည်။

အခန်းမှာ လေးဒေါင့်ကျကျရှိသည်။ ကျယ်လည်းကျယ်ဝန်းသည်။

အခန်းနရံတဖက်တွင် ကျောက်စားပွဲကြီးတလုံးရှိသည်။

ယင်းကျောက်စားပွဲကြီးတွင် ကျောက်ကုလားထိုင်ကြီးများလည်း ဝန်းရံစီရီခင်းကျင်းထားသည်။

စားပွဲထိပ်ဆုံးမှ ကျောက် ကုလားထိုင် ကြီးမှာ အခြားကုလားထိုင်များထက် ပိုမိုထယ်ဝါ ခန့်ညားသည်။

ကုလားထိုင်ကြီးများအားလုံးထက်တွင် အရိုးစုများက ထိုင်လျက် အနေအထားဖြင့် ရှိနေကြသည်။

အရိုးစုများ၏ ကိုယ်ပေါ်တွင် ဆွေးမြေ့ ပျက်စီးနေပြီဖြစ်သည့် အဝတ်တန်ဆာများကို ဝတ်ဆင်ထားကြသည်။

ထိုအဝတ်တန်ဆာများသည် တချိန်သော ကာလက အလွန်အမင်း အဖိုးထိုက်တန်သော အဝတ်အစားများ ဖြစ်ကြောင်း မြင်ရုံဖြင့် သိသာနိုင်သည်။

သီးသန့် ကျောက်ကုလားထိုင်ကြီးထက်တွင် ထိုင်နေသည့် အရိုးစုကြီးပေါ်မှ အဝတ်အစားများမှာ အခြားအရိုးစုများ၏ အဝတ်အစားများထက် ပိုမိုထယ်ဝါ ခန့်ညားသည်။

ထိဖုန်းသည် အရိုးစုများ၏ကိုယ်ပေါ်မှ အဝတ်အစားများကိုကြည့်ကာ နှုတ်မှ တီးတိုးရေရွတ်လိုက်မိသည်။

ဒါ....ဒါတွေဟာ မွန်ဂိုတပ်မှူးကြီးတွေရဲ့ ဝတ်စုံတွေ ဘဲ’

ယင်းသို့ ရေရွတ်ယင်းမှလည်း ထိဖုန်းသည် အရိုးစုကြီးများကို တအံ့တသြ ကြည့်နေမိလေသည်။

ဤ မြင်ကွင်းသည် မည်သည့် အဓိပ္ပာယ်ကို ဆောင်နေသနည်း။

ထိဖုန်း နားမလည်နိုင်။

မြို့စားကြီး ရန့်တာထုန်မှာမူ ထိုအခန်းကို အကြိမ်ကြိမ် ရောက်ဘူးခဲ့ဟန်ဖြင့် မည်သည့်ထူးခြားမှုရှိမနေပေ။

ပါးစပ်အဟောင်းသား ဖြစ်နေသော ထိဖုန်းကို အကဲခတ်ကြည့်နေတာ မြို့စားကြီးသည် ခေါင်းတဆတ်ဆတ်ပြုယင်း မေးလိုက်လေသည်။

‘သိပ်များ အံ့သြနေသလား မောင်မင်း....’

မြို့စားကြီးသည် ပကတိတည်ငြိမ်သော အသံဖြင့် မေးလိုက်လေသည်။

ထိဖုန်းက မြို့စားကြီးအား ရိုသေစွာ ဦးညွတ်လိုက်၏။

‘အံ့သြမိပါတယ်အရှင်။ အင်မတန်မှ ထူးခြားဆန်းပြားတဲ့ မြင်ကွင်းတရပ်ပါဘဲ။ ကျွန်တော်မျိုးတော့ ဒီမြင်ကွင်းနဲ့ ပတ်သက်လို့ ဘယ်လိုအဓိပ္ပာယ်မှ မဖော်တတ်ပါဘူး’

မြို့စားကြီး ရန့်တာထုန်သည် စားပွဲထိုင် အကြီးဆုံး ကုလားထိုင်ကြီးထက်မှ အရိုးစုကို လက်ညှိုးညွှန်ပြီး ပြောလိုက်သည်။

‘ဟိုကုလားထိုင်ထက်က အရိုးစုရဲ့ပိုင်ရှင်ကို မောင်မင်း သိရှိယင် သိပ်ပြီး အံ့သြသွားလိမ့်မယ်။ သူ့ကိုယ်ပေါ်က အဆောင်အယောင်တွေကို ကြည့်လိုက်စမ်းပါအုံး မောင်မင်း....’



ထိဖုန်းသည် မြို့စားကြီး ၏အမိန့်အတိုင်း အရိုးစုကြီး၏ခန္ဓာကိုယ်ပေါ်မှ အဝတ်အစားများကို အသေအချာ ထပ်မံကြည့်ရှုလိုက်သည်။

သည်လို ကြည့်ရှုယင်းမှ တစုံတရာကို သိရှိရိပ်မိသွားဟန်ဖြင့် တအံ့တသြ ရွတ်ဆိုလိုက်ပြန်သည်။

‘ဟာ....ဒါဟာ မွန်ဂိုတပ်မှူးရဲ့ ဝတ်စုံမျိုးမှ မဟုတ်ဘဲ....။ မွန်ဂိုဧကရာဇ်ရဲ့ အနွယ်တော် မင်းညီ မင်းသား တပါးပါးရဲ့ အဆောင်အယောင်ဝတ်စုံတွေဘဲ’

ထိဖုန်း၏စကားကြောင့် မြို့စားကြီးသည် တည်ငြိမ်စွာလေးနက်စွာ မိန့်မိန့်ကြီးပြုံးလိုက်၏။ ပြီးမှ....

‘မှန်တယ် မောင်မင်း....၊ အဲဒီ အရိုးစုပိုင်ရှင်ဟာ တခြားသူမဟုတ်ပေဘူး၊ မွန်ဂိုဧကရာဇ်ဘုရင်ကြီး ကူဗလိုင်ခန် ချစ်မြတ်နိုးတဲ့ ညီတော်တပါးဘဲ’

‘အံ့သြစရာ ကောင်းလှချည်လားအရှင်၊ မွန်ဂိုဧကရာဇ်ဘုရင်ကြီး ကူဗလိုင်ခန်ရဲ့ညီတော်က ကျွန်တော်တို့ရဲ့ တောင်ပိုင်းနယ်ထဲကို ဘယ်လိုရောက်လာပြီး ခုလိုနည်း ခုလိုပုံနဲ့ သေဆုံးနေခဲ့ရတာလဲ’

မြို့စားကြီး ခေါင်းညိတ်လိုက်ပြန် ။ တည်ကြည်သောအသံဖြင့် ထိဖုန်း၏မေးခွန်းကို ဖြေကြားလိုက်လေသည်။

‘အဖြစ်က ဒီလိုကွယ့်။ ကူဗလိုင်ခန်ဧကရာဇ်ဟာ မြောက်ပိုင်းဒေသ နေပြည်တော် ပီကင်းကို တဲ့ အချိန်ကပြီး တောင်ပိုင်းကိုပါ ဆက်လက်သိမ်းပိုက်နိုင်ဘို့ နည်းအမျိုးမျိုး အဖုံဖုံ

အသုံးပြုပြီး အဆက်မပြတ် ကြံစည်ကြိုးပမ်းခဲ့တယ်။ ဒီလိုကြိုးပမ်းအားထုတ်တဲ့နည်းတွေထဲမှာ တောင်ပိုင်းဒေသက အရေးပါလူအချို့ကို သူ့ဘက်ပါလာအောင် ငွေကြေး စည်းစိမ် ဥစ္စာရတနာတွေပုံပေးပြီး စည်းရုံးခဲ့တဲ့ နည်းများလဲ ပါသပေါ့...'

'မှန်ပါ....'

'လွန်ခဲ့တဲ့နှစ်ပေါင်း ငါးနှစ်ကျော်ကျော်ခန့်ကအချိန်တုန်းက ဧကရာဇ်ဘုရင် ကူဗလိုင်ခန်ရဲ့လူတွေနဲ့ ဆွန်းဧကရာဇ်ရဲ့ တပ်မှူးတဦး တိတ်တဆိတ်အဆက်အသွယ်ရခဲ့ကြတယ်။ ဒီတပ်မှူးဟာ ကူဗလိုင်ခန်ရဲ့လူတွေကို အရေးကြီးတဲ့ ထိပ်တန်း လျှို့ဝှက်ချက်တရပ်ကို ရောင်းစားဖို့ ကြံစည်ခဲ့တယ်...'

'အဲဒီပစ္စည်းဟာ ဘာများပါလဲအရှင်'

'တခြားတော့မဟုတ်ဘူး မောင်မင်း။ ဒို့ချား တောင်ပိုင်းဒေသကို ဝင်ရောက်တိုက်ခိုက်ရာမှာ အလွယ်တကူ ထိုးဖောက်ဝင်ရောက်နိုင်တဲ့ နေရာဒေသအချို့ ရှိတယ်။ ဒီဒေသတွေကသာ ဝင်ရောက်တိုက်ခိုက်နိုင်ယင် မွန်ဂိုတပ်ကြီးအနေနဲ့ သက်သက်သာသာနဲ့ တောင်ပိုင်းဒေသတခုလုံးကို အောင်မြင်သိမ်းပိုက် ရရှိနိုင်တယ်။ ဧကရာဇ်ဘုရင်ကြီး ကူဗလိုင်ခန်အတွက် အင်မတန်ကိုအဖိုးတန်လှတဲ့ လျှို့ဝှက်ချက်ကြီးတရပ်ပေါ့'

'မှန်ပါတယ်အရှင်။ ဒီလျှို့ဝှက်ချက်သာ ကူဗလိုင်ခန်ဧကရာဇ်လက်ထဲရောက်သွားယင် တောင်ပိုင်းဒေသ ကျဆုံးသွားတာနဲ့ အတူတူပါဘဲ'

'အိမ်း.... အိမ်း.... ဟုတ်ပေတယ်။ ဒီလျှို့ဝှက်ချက်ကြီးကို ဆွန်းဧကရာဇ်ရဲ့ တပ်မှူးဟာ ယူဆောင်လာခဲ့ပြီး ဒီမရဏတောင်



ကြီးပေါ်က ဟောဒီအခန်းထဲမှာ မွန်ဂိုဧကရာဇ်ရဲ့ ကိုယ်စားလှယ်များနဲ့ တွေ့ဆုံဖို့ အချိန်းအချက်ပြုခဲ့ကြတယ်။ ချိန်းဆိုထားကြတဲ့အတိုင်း ဆွန်းဧကရာဇ်ရဲ့တပ်မှူးနဲ့ မွန်ဂိုဧကရာဇ်ရဲ့ကိုယ်စားလှယ်များ တွေ့ဆုံခဲ့ကြတယ်။ မွန်ဂိုဧကရာဇ်ရဲ့ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်ကတော့ ကူဗလိုင်ခန်ရဲ့ညီတော် ဘာတူးခန်မင်းသားဘဲ။ ဘာတူးခန်မင်းသားဟာ နောင်တော်ကူဗလိုင်ခန်ဧကရာဇ်ရဲ့ ချစ်မြတ်နိုးတော်မူခြင်းကို ခံရတာကြောင့် ကူဗလိုင်ခန်ဧကရာဇ်ရဲ့ လက်သုံးတော်ဓားကိုတောင် ချီးမြှင့်ပေးသနားခြင်း ခံခဲ့ရတာဘဲ။ ဘာတူးခန်မင်းသားဟာ ဧကရာဇ်ချီးမြှင့်တဲ့ လက်သုံးတော်ဓားကို သွားလေရာရာ ဂုဏ်တယူယူနဲ့ ဆောင်တတ်လေ့ရှိတယ်။ အိမ်း.... ဒါနဲ့ စကားကို ပြန်ဆက်ရအုံးမယ်။ စောစောကပြောခဲ့တဲ့အတိုင်း ဆွန်းဧကရာဇ်ရဲ့တပ်မှူးနဲ့ ဘာတူးခန်မင်းသားတို့အဖွဲ့ တွေ့ဆုံပြီး အပေးအယူလုပ်ပြီးကြတဲ့အချိန် တကလမှာ မမျှော်လင့်ဘဲ အခန်းရဲ့ ကျောက်တံခါးမကြီး ပိတ်သွားပြီး သူတို့အားလုံး သေဆုံးခဲ့ကြရတယ်'

နားထောင်နေသော ထိဖုန်းသည် ပိုမို၍အံ့ဩသွားရကာ....

'ဘယ်လိုကြောင့် တံခါးပိတ်သွားရတာလဲအရှင်'

'အပြင်ဘက်က တစုံတယောက်က ပိတ်လိုက်သလား။ သူ့ဟာသူဘဲ ပိတ်သွားသလား ခွဲခြားပြောလို့မရဘူး ကွယ့်။ နို့သော် ဒီမရဏတောင်ကြီးပေါ်မှာရှိတဲ့ နာနာဘာဝဝိဉာဉ်တွေက ပိတ်လိုက်တာလို့ဘဲ ဆိုကြပြန်တယ်'

ထိဖုန်းသည် တုန်လှုပ် ချောက်ခြားသွားဟန်ဖြင့် ပုခုံးနှစ်ဖက်ကို ကျုံ့လိုက်ပြန်လေသည်။

မကောင်းဆိုးဝါး ဝိဥာဉ်ဟု ကြားသိလိုက်ရသဖြင့် ကြောက်ရွံ့သွားဟန်တူသည်။

မြို့စားကြီးက ထိဖုန်းကိုကြည့်ကာ ပြုံးလိုက်၏၊

'ဘာမှ စိုးရိမ်ထိတ်လန့် ကြောက်ရွံ့ခြင်း ဖြစ်မနေပါနဲ့ မောင်မင်းရဲ့။ လူမင်းဘုန်းကြီးယင် နတ်မင်းမနေသာပါဘူး။ မောင်မင်းအနေနဲ့ ဘယ်မကောင်းဆိုးဝါး နာနာဘာဝမှ စိုးရိမ်ခနစရာမလိုဘူး။ ငါ့အနေနဲ့က ဟောဒီတောင်ပိုင်းမှာ ဘုရင်ကေရာဇ်တပါးဖြစ်ဘိုဘဲ။ မောင်မင်းသာ အခုလို ငါ့အပေါ်မှာ သစ္စာရှိရှိ အမှုထမ်းဆောင်ရွက်ယင် အရှင်မြင့်ကျွန်တင် ဖြစ်စေရမှာပေါ့၊ ကြားစမောင်မင်း'

ထိဖုန်းသည် မြို့စားကြီးအား ရိုသေစွာ ဦးညွတ်လိုက်ပြန်သည်။

'ကျွန်တော်မျိုးကိုတော့ စိတ်ချတော်မူပါအရှင်။ သေတပန်သက်တဆုံး အရှင့်ရဲ့သစ္စာတော်ကို စောင့်သိရိုသေပါ့မယ်'

မြို့စားကြီး ခေါင်းဆတ်လိုက်သည်၊

'အိမ်း.... ဒီလိုသာ သစ္စာစောင့်သိ ရိုသေမယ်ဆိုယင်တော့ မောင်မင်းအဘို့ ကြီးပွားတိုးတက်မယ့် လမ်းဟာ အရှည်ကြီးပေါ့ကွယ်'

'ဝမ်းမြောက်ဝမ်းသာ ရှိလှပါတယ်အရှင်'

'အိမ်း.... ပြောလက်စနဲ့ ဆက်ပြောရအုံးမယ်။ ငါဟာ ဒီနေရာမှာ ပီကင်းနန်းဆက်ဟောင်းရဲ့ နောက်ဆုံး ဘုရင်ကေရာဇ်ဖြစ်တဲ့ ဘုရင်ကေရာဇ်ရဲ့ နန်းစဉ်ရတနာ ပစ္စည်းများကိုလဲ တနေရာကတူးဖော်ရရှိပြီး ရွှေ့ပြောင်းမြှုပ်နှံထားခဲ့တယ်။ အခု ဒီအရပ်



ဒေသက ခွာကြရတော့မှာမို့ ဝှက်ထားတဲ့ ရတနာပစ္စည်းတွေကို ထုတ်ယူဘို့ စီစဉ်ကြအုံးစို့ရဲ့'

မြို့စားကြီးရန့်တာထုန်သည် ပြောပြောဆိုဆို မှန်ဂိုမင်းသား ဘာတူးခန် အရိုးစုကြီးရှိရာ ကုလားထိုင်ဆီသို့ လျှောက်လာခဲ့သည်။

မြို့စားကြီးနောက်မှ ထိဖုန်းသည်လည်း ကပ်လျက်သားလိုက်ပါလာသည်။

မြို့စားကြီးသည် ကျောက်ကုလားထိုင်ကြီး လက်တန်းမှ လျှို့ဝှက်ခလုတ်တခုကို နှိပ်လိုက်သည်။

ကုလားထိုင်ကြီးနှင့် ကပ်နေသော ကျောက်နံရံမှာ ဆုံလည်ကဲ့သို့ လှည့်သွားပြီး လူတကိုယ်ဝင်သာရုံ အပေါက်တပေါက်ပေါ်လာသည်။

မြို့စားကြီးရန့်တာထုန်သည် ထိုအပေါက်အတွင်းသို့ လျင်မြန်သွက်လက်စွာ ဝင်လိုက်လေသည်။

ထိဖုန်းသည်လည်း လိုက်၍ဝင်လိုက်၏။

အခန်းကျဉ်းတခုအတွင်းသို့ ရောက်ရှိလာခဲ့ကြသည်။

အခန်းထဲတွင် ထူထဲသော ကျွန်းသားသေတ္တာကြီးသုံးလုံးကို တွေ့ရသည်။

ယင်းသေတ္တာကြီးသုံးလုံးကို ခိုင်ခန့်သော သော့ကြီးများနှင့် ခတ်ထားသည်။

မြို့စားကြီးသည် လက်ထဲမှမီးတုတ်ကို ထိဖုန်းအား လှမ်းပေးလိုက်၏။

ဝတ်ရုံအတွင်းမှ သော့တွဲတခုကို ထုတ်ယူသည်။

သေ့တ္တဲမှ တချောင်းသောသော့ဖြင့် သေတ္တာကြီးကို ဖွင့်လိုက်သည်။

သော့ပွင့်သွားသည်နှင့် သေတ္တာအဖုံးကို ဆွဲလှန်လိုက်၏၊

'ဟာ....'

ထိုဖုန် နှုတ်ဖျားမှ အာမေဋိတ်သံကြီးတရပ် ပေါ်ထွက်သွားသည်။

သေတ္တာဖွင့်လိုက်သည်နှင့် သေတ္တာအတွင်းမှ ရွှေငွေကျောက်သံပတ္တမြားတို့၏ အရောင်အဝါတို့သည် ပြိုးပြိုးပြက်ပြက်တလက်လက် လျှံထွက်လာကြလေတော့သည်။

အားလုံးသောပစ္စည်းတို့သည် နန်းစဉ်နန်းဆက် ရထနာများပင်ဖြစ်ကြ၏။

ထိုရတနာများအကြားတွင် နဝရတ်ကိုးပါး ကျောက်မျက်ရာဘနစများ စီချယ်ကာ ရွှေကြိုးငွေကြိုး များဖြင့် ဆိုင်းထားသော ဓားကြီးတသက်ကလည်း ရှိနေသည်။

မြို့စားကြီး ရန့်တာဒထုန်သည် သေတ္တာအတွင်းမှ ဓားကြီးကို ထုတ်ယူ၍ ထိဖုန်းအားပြလိုက်၏။

ဓားကြီးမှထွက်ပေါ်နေသော ရွှေငွေ ကျောက်သံပတ္တမြားတို့၏အရောင်သည် မျက်စိကျိန်းစပ်မတတ်ရှိနေသည်။

မြို့စားကြီးသည် ခန့်ညားတည်ကြည်သောအသံဖြင့် ဓားကြီးကိုမြှောက်ပြယင်းမှ ပြောလိုက်သည်။

'အိမ်း .. ဒီဟာ မွန်ဂိုကေရာဇ်ဘုရင်ကြီး ကူဗလိုင်ခန်ရဲ့လက်သုံးတော် ဓားဘဲကွယ့် မောင်မင်း'

'မှန်....မှန်ပါ'



ထိဖုန်းသည် မွန်ဂိုကေရာဇ်ဘုရင်ကြီး ကူဗလိုင်ခန်၏လက်သုံးတော်ဓားကြီးကိုကြည့်ကာ အဘယ့်ကြောင့်မှန်းမသိရဘဲ ကျောရိုးတလျှောက်ဖင် စိမ့်သွားရလေသည်။

မြို့စားကြီး၏အသံက ပေါ်ထွက်လာခဲ့ပြန်သည်။

'ဒီဓားကြီးရဲ့လက်ကိုင်ရိုးအတွင်းမှာ တောင်ပိုင်းနယ်မြေဒေသကို အောင်မြင်စွာ ထိုးစစ်ဆင်သိမ်းပိုက်နိုင်တဲ့ စစ်ရေး လျှို့ဝှက်ချက်ကြီးအလဲရှိနေသကွယ့်။ မွန်ဂိုမင်းသား ဘာဒူးခန်ဟာ ဒီလျှို့ဝှက်ချက်ကိုဆွန်းကေရာဇ်ရဲ့ဘပ်မှူး ထံကရလျှင်ရခြင်း ဓားရိုးထဲမှာ လျှို့ဝှက်စွာ ထည့်သွင်း သိမ်းဆည်းခဲ့တယ်....'

'အဲဒီ လျှို့ဝှက်ချက်ဟာ အခုထက်ထိ ရှိနေသေးသလားအရှင်....'

'အိမ်း...ရှိနေသေးသကွယ့်။ ငါဖွင့်ကြည့်လို့ တွေ့ရပြီးပြီ....'

'ဒါဖြင့် ကေဆင်ဘုရင် ကူဗလိုင်ခန်ရဲ့ ဒီဓားကြီးဟာ လက်သုံးတော်ဓားအဖြစ် တန်ဖိုးရှိနေတဲ့အပြင် စစ်ရေး လျှို့ဝှက်ချက်ကြီးပါ ထည့်သွင်း သိမ်းဆည်းထားတယ် ဆိုပြန်တော့ အလွန်အလွန်ကို အဖိုးမဖြတ်နိုင်အောင်ရှိ နေတာပေါ့အရှင်....'

'အိမ်း....မှန်ပေသကွယ့်၊ အခြားသေတ္တာကြီး နှစ်လုံးထဲမှာလဲ အခုလိုဘဲ ရတနာပစ္စည်းတွေ ရှိနေတယ်။ ဒီအကြောင်းတွေကို မောင်မင်းတယောက်ဧလွဲပြီး ဘယ်သူမှ မသိကြားရအောင် နှုတ်လုံစေချင်တယ်'

'မှန်ပါ....စိတ်ချတော်မူပါအရှင်....'

'ကိုင်း....ပြန်ထွက်ကြစို့။ ငါတို့ဒီနေရာကခွာမဲ့အချိန်ကျမှဘဲ ထုတ်ယူတော့မယ်'

မြို့စားကြီးနှင့် ထိဖုန်းတို့သည် အခန်းကလေးအတွင်းမှ ပြန်လည်ထွက်ခွာလာခဲ့ကြသည်....။

မြို့စားကြီးက အခန်းတံခါးကိုပြန်ပိတ်သည်။

ပြီးမှ သူတို့နှစ်ဦးသည်အရိုးစုကြီးများရှိရာဘက်မှ ပြန်ထွက်ကာ တံခါးပေါက်ဆီသို့ လှမ်းလိုက်ကြ၏။

'ဟား....ဟား....ဟား....ဟား....'

'ဟီး....ဟီး....ဟီး....ဟီး....'

'ဟိ....ဟိ...ဟိ..ဟိ....'

ချောက်ချားတုန်လှုပ်ဖွယ်ရာ ရယ်မောသံကြီးများ။

ယင်းရယ်မောသံကြီးများသည် ပဲ့တင်ထပ်လုမတတ် ပေါ်ထွက်လာခဲ့လေသည်။

မြို့စားကြီ နှင့် ထိဖုန်းတို့နှစ်ဦးသည် ရယ်မော သံကြီးများကြောင့် ခြေလှမ်းတန့်ထွာ ကြရ၏။

ထိုအချိန်မှာပင် မျက်နှာချင်းဆိုင် တံခါးပေါက်မှ တစုံတခုသည် ဝင်ရှလာခဲ့လေပြီ။

ဝတ်ရုံဖြူကြီးကို ဝတ်ဆင်ကာ ခေါင်းနက်ကြီး တလုံးအားခေါင်းပေါ်တွင် ရွက်လာခဲ့သူတဦး....။

ဝတ်ရုံဖြူကြီးကို သူတို့နှစ်ဦး တွေ့လိုက်ကြရသည်။

ဝတ်ရုံဖြူကြီးသည် အခန်းတွင်းသို့ နာနာဘာဝ ဝိညာဉ်တဦး ရွေ့လျားဝင်ရောက် လာခဲ့သည့် နည်းမျိုးဖြင့် ဝင်လာခဲ့သည်။

ရယ်မောသံကလည်း ဖုဘ်တစ္ဆေ ဘခကောင်၏ရယ်မောသံမျိုးကဲ့သို့ ရင်ထဲမှ လှိုင်းထ၍ထွက်လာသည်။



ထိဖုန်းသည် ခေါင်းနက်ကြီးကို ရွက်သားသော ဝတ်ရုံဖြူကြီးအား ကြောက်ရုံ့စွာကြည့်ယင်း အကြောက်ကြောက်အလန့်လန့် ရေရွတ်လိုက်မိလေသည်။

'သူ...သူ ..သူရဲကြီး'

ဝတ်ရုံဖြူကြီးသည် ထိဖုန်း၏ အ ကြောက် ကြောက်အရွံ့ရွံ့စကားကြောင့် တကိုယ်လုံး သိမ့်သိမ့်ခါမတတ် ရယ်မောလိုက်လေသည်။

'ဟား....ဟား....ဟား....ဟား....'

'ဟီး....ဟီး....ဟီး....ဟီး....'

'ဟိုး....ဟိုး....ဟိုး....ဟိုး....'

၄၀

ထိုဖုန်းသည် တုန်လှုပ် ချောက်ခြားသော အမူအယာဖြင့် နောက်သို့ ခြေသုံးလေးလှမ်းခန့် ဆုတ်လိုက်လေသည်။

မြို့စားကြီး ရန်တာထုန်ကိုယ်တိုင်ပင် ခြေနှစ်လှမ်းဆုတ်လိုက်မိသည်။ မျက်လုံးပြူးမျက်ဆံပြူးဖြင့် ဝတ်ရုံဖြူကြီးကိုကြည့်နေမိသည်။

ထိုစဉ်မှာပင်....

ဝတ်ရုံဖြူကြီးသည် သူတို့ရှိရာဆီသို့ တရွေ့ရွေ့တိုးကပ်လာနေတော့သည်။

မြို့စားကြီးရန်တာထုန်သည်လက်တွင်းမှမီးတုတ်ကို တင်းတင်းဆုပ်ကိုင်ယင်း ဝတ်ရုံဖြူကြီး အနီးသို့ရောက်လာခဲ့လျှင် တို့က်ခိုက်ရန် ပြင်ဆင်လိုက်သည်။



သတိဝင်လာသော ထိဖုန်းသည်လည်း မြို့စားကြီးနည်းတူ ပြင်ဆင်လိုက်၏။

သို့သော်စေ ဝတ်ရုံဖြူကြီးသည် သူတို့နှင့်ဆယ်ပေလောက်အကွာတွင် တုန့်ခနဲရပ်လိုက်သည်။ ရယ်မောခြင်းသည်လည်း ရပ်ဆိုင်းသွားသည်။

ဟောက်ပက်ဖြစ်နေသော မျက်ကွင်းများအတွင်းမှ စူးရှ၍ ဖိတ်ဖိတ်တောက်နေသော မျက်လုံးအစုံဖြင့် မြို့စားကြီးရန့်ဘာထုန့်ကို ကြည့်လိုက်သည်။

ပြီးနောက် တိတ်ဆိတ်မှုကို ဖောက်ထွင်းပြီး စကားသံသြသြ တရပ်က ထွက်ပေါ်လာသည်။

'အခုအချိန်အထိ လောဘ ဒေါသ မောဟဆိုတဲ့ အဝိဇ္ဇာအမိုက်မှောင်တွေ ဖုံးလွှမ်းနေတုန်းပါဘဲလား ရန့်ဘာထုန်။ အိမ်.... နင့်အမိုက်ဇာတ်ကို သိမ်းပေးဖို့ ငါရောက်လာခဲ့ပြီ'

ဝတ်ရုံဖြူကြီး၏ ကြောက်မက်ဖွယ်ရာ စကားသံသည် ဥမင်လိုဏ်ခေါင်းအတွင်းတွင် ပဲ့တင်ဟိန်း၍သွားလေသည်။

မြို့စားကြီးသည် မိမိနာမည်ကိုခေါ်ထား ခြိမ်းခြောက်မှုပြုနေသော ဝတ်ရုံဖြူကြီးကို မျက်စိပျက်မျက်နှာပျက်ဖြင့် ကြည့်နေမိသည်။

မြို့စားကြီးသည် မိမိအား ဝတ်ရုံဖြူကြီးက အမည်နာမကို နင့်နင့်သီးသီး ခေါ်ဝေါ်ကာ ခြိမ်းခြောက်လိုက်သဖြင့်လည်း ဒေါသအမျက် ထောင်းကနဲ ထွက်သွားမိရသည်။

'သင်ဘယ်သူလဲ'

'ဟား... ဟား....ဟား....ဟား ငါလား။ ငါဟာ သင့်ရဲ့

သေမင်းတမန်ပေါ့ ရန်တာထုန်။ နင့်ရဲ့သေမင်းတမန်ပေါ့။ နင့်ဘဝတလျှောက်လုံး သူတော်ကောင်းယောင်ဆောင် မျိုးချစ်ပုဂ္ဂိုလ်ကြီးယောင်ဆောင်ပြီး ကောက်ကျစ်စဉ်းလဲ ယုတ်မာခဲ့သေသမျှ နင့်အသက်ကို ချွေဖျက်ဖို့ ငါလာခဲ့ရတာဘဲ။ နင်ဟာလူ့ပြည်လူ့လောကမှာ အသက်ရှင်နေထိုင်ဖို့ မတန်တော့ဘူး ရန်တာထုန်။ ဟော့ဒီ ငါ့ခေါင်းပေါ်က ခေါင်းနက်ကြီးကို တွေ့ရဲ့လား။ ဒါဟာ နင့်အတွက် သေမင်းလက်ဆောင်ဘဲဟေ့။ ဟား...ဟား....ဟား'

မြို့စားကြီးရန်တာထုန်သည် မှန်ဂိုတပ်မှူး အရိုးစုများရှိရာသို့ လှစ်ခနဲ ပြေးကပ်သွားသည်။

လက်ထဲမှမီးတုတ်ကို ကျောက်ကုသွားထိုးပေါ် တင်လိုက်ပြီး အရိုးစုတခုနံဘေးမှ လှံရှည်ကြီးတချောင်းကို ဆွဲယူလိုက်သည်။

တဆက်တည်းပင် ဝတ်ရုံဖြူကြီးကို ချိန်ရွယ်လိုက်သည်။

ဝတ်ရုံဖြူကြီးသည်မူ ခါးကို ထေစက်မြဲထောက်လျက်။ ရပ်မြဲရပ်လျက်။ နေရာမှ လုံးဝမရွေ့။

မြို့စားကြီးရန်တာထုန်ကိုသာ စူးစူးဝါးဝါး စိုက်ကြည့်နေသည်။

ထိဖုန်းသည်လည်း မြို့စားကြီးအနီးသို့ ပြေးကပ်သွားသည်။

အရိုးစုတခုလက်မှ လှံတံဘချောင်းကို ဆွဲနုတ်လိုက်သည်။ ပြီးနောက် ဝတ်ရုံဖြူကြီးကို ချိန်ရွယ်ထားလိုက်ပြန်သည်။

ဝတ်ရုံဖြူကြီးထံမှ ရယ်သံတချက်က ထွက်ပေါ်လာသည်။ 'ဟဲ....ဟဲ....ဟဲ....ဟဲ။ နင်တို့သက်နက်စုတ်တွေနဲ့ ငါ့ကိုယှဉ်ပြိုင်



တိုက်ခိုက်ဖို့များ ကြံစည် နေကြသလား။ ကိုင်း.... ငါ့ကိုထိအောင် ပစ်ကြစမ်း'

ဝတ်ရုံဖြူကြီးသည် ရန်တာထုန်နှင့် ထိဖုန်းတို့ရှိရာသို့ခြေလှမ်းနှစ်လှမ်း တိုးလိုက်၏။

ရန်တာထုန်နှင့် ထိဖုန်းတို့သည် တပြိုင်တည်းပင် သူတို့လက်တွင်းမှ လှံတံများဖြင့် ဝတ်ရုံဖြူကြီးထံ ပစ်လွှတ်လိုက်ကြသည်။

'ဝှီး....'

'ဝှီး....'

'ချွင်....ချွင်....'

ပစ်လွှတ်လိုက်သော လှံတံနှစ်ချောင်းသည် ဝတ်ရုံဖြူကြီး၏ ရင်ဘတ်ဆီသို့ အရှိန်အဟုန်ပြင်းစွာ တည့်တည့်မတ်မတ် ဝဲပျံလာခဲ့သည်။

ဝတ်ရုံဖြူကြီးသည် လုံးဝ ရှောင်တိမ်းခြင်းမပြုဘဲ ခါးကိုထောက်မြဲထောက်လျက် ရှိနေသည်။

သို့တစေ လှံနှစ်စင်းသည် ဝတ်ရုံဖြူကြီးနှင့် လက်တဆမ်းအကွာသို့အရောက်တစုံတယောက်က ရိုက်ထုတ်လိုက်သည့်အလား ဝင်ချွင်ချွင်တချမ်ချမ်မြည်ယင်း ကြမ်းပြင်ပေါ်သို့ ကြွကျနုံကြ၏။

'ဟား....ဟား....ဟား....ဟီး....ဟီး....ဟီး.... ဟူး....ဟူး....ဟူး'

ဝတ်ရုံဖြူကြီး၏ ရယ်သံမှာ ပိုမို ကျယ်လောင်လာခဲ့ရလေသည်။

မြို့စားကြီးရန်တာထုန်ရော ထိဖုန်းပါ မျက်စိမျက်နှာအကြီးအကျယ် ပျက်နေကြပြီ။

'ဟဲ....ဟဲ ...ဟဲ နင့်ပညာလောက်နဲ့ ငါ့ကို ယှဉ်လို့စမ်းလို့မရ

ဘူး ရန်တာထုန်။ နင့်ကို အဖြစ်ပေးစီရင်ဘို့ ငါအနှစ်နှစ်ဆယ်ကျော် စောင့်ဆိုင်းခဲ့ရတယ်’

‘သင်....သင်....သင် ဘယ်သူလဲ’

မြို့စားကြီးရန်တာထုန်သည် ထိတ်လန့်တကြား မေးလိုက်မိ၏။

ဝတ်ရုံဖြူကြီးသည် မျက်နှာထက်တွင် အုပ်လုမတတ်ဖြစ်နေသော ဝတ်ရုံစကို ဖယ်ရှားလိုက်သည်။ ပြီးနောက် မျက်နှာပေါ်မှ ကြောင်းဆိုးဝါးသည့်ဘက်ခြမ်း မျက်နှာဖုံးကြီးကိုလည်း ဆွဲဖြုတ်ယူလိုက်သည်။

အသက်ငါးဆယ်ကျော် အရွယ်ခန့်ရှိ တည်ကြည်ခန့်ငြားသော အမျိုးသမီးကြီးတဦး၏ မျက်နှာက ပေါ်လာခဲ့သည်။

မြို့စားကြီး ရန်တာထုန်သည် ‘ပေါ်လာသော အမျိုးသမီးကြီး၏ မျက်နှာကို အမျက်မျှ စူးစိုက် အကဲခတ် ကြည့်ရှုလိုက်၏။

ယင်းကဲ့သို့ ကြည့်လိုက်ပြီးသည့်နောက် မြို့စားကြီး၏မျက်လုံးအစုံသည် အဆမတန် ပြူးကျယ်သွားရလေသည်။

ဝတ်ရုံဖြူကြီးအား လက်ညှိုးတချောင်းဖြင့်လည်း တုန်တုန်ယင်ယင် ထိုးလိုက်ယင်း နှုတ်မှ အံ့သြထိတ်လန့်စွာ ရွတ်ဆိုလိုက်လေသည်။

‘ဟာ.... ဖမ်းဂျီယွန်’

ရန်တာထုန်၏စကားအဆုံး အမျိုးသမီးကြီးသည် အားပါးတရ ရယ်မောလိုက်ပြန်သည်။

သူမ၏ရယ်သံသည် နာကျည်းခံပြင်းမှု အပြည့်အဝပါနေသည်။ နှုတ်ခမ်းကိုလည်း တချက်မဲ့လိုက်၏။



‘အော်....အော်....အော် အရှင်မြို့စားမင်းက ကျွန်မကို မှတ်မိသေးသကိုး။ မှန်ပါတယ်အရှင် ကျွန်မဟာလွန်ခဲ့တဲ့အနှစ်နှစ်ဆယ်ကျော်ကျော်ကလာက ရှင့်ရဲ့ ပထမဦးဆုံး ကြင်ဖက်ဘော်ဖြစ်ခဲ့ရတဲ့ ဖမ်းဂျီယွန်ပါဘဲ’

အခန်းဆောင်တခုလုံးသည် ဖမ်းဂျီယွန်၏စကားအဆုံး အပ်ကျသံမျှပင် ကြားရနိုင်သောက်အောင် ပကတိ တိတ်ဆိတ်သွားသည်။

ခေါင်းနက်ကြီးကိုရှက်ကာ ဝတ်ရုံဖြူကြီးကို ခြုံလွှမ်းထားရှိနေသည့် ဖမ်ဂျီယွန်ကို မြို့စားကြီးရန်တာထုန်သည် ယုံကြည်နိုင်ခြင်း အံ့သြထိတ်လန့်ခြင်းတို့ ပေါင်းစပ်သော မျက်နှာဖြင့် အငူသား အငေးသား ကြည့်နေမိလေသည်။

မြို့စားကြီး၏ ခန္ဓာကိုယ်သည် ကျောက်ရုပ်တရုပ်သဖွယ် ငြိမ်သက်စွာ ရှိနေ၏။

နဘေးမှ ရှိနေသော ထိဖုန်းသည် မြို့စားကြီးကိုတလှည့် ဖမ်းဂျီယွန်အမည်ရှိ ထူးခြားဆန်းကျယ်သော အမျိုးသမီးကြီးကို တလှည့် ကြည့်ကာ နားမလည်နိုင်ဟန်ဖြင့် တအံ့တသြရှိနေသည်။

ဖမ်ဂျီယွန်သည် အံကိုတင်းတင်းကြိတ်လိုက်သည်။ မြို့စားကြီးရန်တာထုန်ကို မုန်းတီးနာကျည်းစွာ ကြည့်လိုက်သည်။

ခဏအကြာတွင် တိတ်ဆိတ်မှုကို ဖောက်ထွင်းပြီး အမျိုးသမီးကြီး ဖမ်းဂျီယွန်၏အသံက ထွက်ပေါ်လာသည်။

‘လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်က အဖြစ်အပျက်တွေကို နင်မှတ်မိသေးသလား ရန်တာထုန်’

ယင်းကဲ့သို့ အမေးခံလိုက်ရသဖြင့် ကျောက်ရုပ်ကဲ့သို့ ဖြစ်နေ

သော မြို့စားကြီးရန့်ဘာထုန် အသက်ဝင် လှုပ်ရှားလာသည်။ ဖမ်းဂျီယွန်အား ပြန်လည်မေးမြန်းလိုက်သည်။

'ငါက ဘာတွေသတိရရမှာလဲ'

'ဘာတွေ သတိရရမှာလဲ။ နင့်ရဲ့ရက်စက်ယုတ်မာမှုတွေပေါ့။ နင်ဟာ အချိန်အခါ ဩဇာကြီးချင်တဲ့ ပုဂ္ဂိုလ်ဖြစ်ချင်တော့ အဲဒီ ကာလတုန်းက ဒီဒေသတဝိုက်မှာ ဩဇာအာဏာအကြီးဆုံးဖြစ်တဲ့ ငါ့ဖခင် နယ်စားကြီးဆီက ငါ့ကို တောင်းယူ လက်ထပ်ခဲ့တယ်။ ငါ့ဖခင် နယ်စားကြီးရဲ့ အရှိန်အဝါနဲ့ နင်ဟာ အရေးပါတဲ့မြို့စား ကြီးတပါး ဖြစ်လာခဲ့တယ်။ နင်လိုချင်တာ ရပြီးတဲ့နောက် နင့်ရဲ့ မင်းသားခေါင်းဆောင်းထားတဲ့ ဘီလူးရုပ်ဟာ ဘွားဘွားပေါ် လာခဲ့ရတာဘဲ။ တကယ်တော့ နင်က ငါ့ကိုချစ်လို့၊ မေတ္တာရှိလို့မှ မဟုတ်ဘဲ။ နင့်ရာထူးဂုဏ်အရှိန်အဝါ တိုးတက်ဖို့ ယူခဲ့တာဘဲ။ နင်ဟာ ငါ့ကို နှိုင်လိုမင်းထက် နှိပ်စက်မှုတွေ အဆက်မပြတ်ပြုခဲ့ တယ်....။ နင့်ရဲ့ မတရား နှိပ်စက် လွန်းမှုတွေကြောင့် နောက် ဆုံးတော့ ငါ့မှာမနေနိုင်တော့ဘဲ ထွက် ပြေး ခဲ့ ရ တယ်....။ နင်ဟာငါ့အပေါ်မှာသာ မဟုတ်ဘဲသူတိုင်းလူတိုင်း အပေါ်မှာ ရက်စက်ယုတ်မာဆိုးသွမ်းခဲ့တဲ့ လူတယောက်။ နင့်အပေါ်မှာ နာကျည်းမုန်းတီးခဲ့ရတဲ့ ငါ့နာကျည်းချက်တွေဟာ တနေ့ထက် တနေ့ပိုပြီး ပြင်းထန်လာခဲ့ရတယ်။ ဒါ့ကြောင့် ငါနှင်း တောင် မယ်တော်ကြီး ရွှဲ့စမ်းစမ်းဖော်ရဲ့ထံမှာ အနှစ်နှစ်ဆယ်လုံးလုံး သိုင်းပညာရပ်များသင်ကြားခဲ့ရတယ်။ ဒီအနှစ် နှစ်ဆယ်အတွင်း နင့်ရဲ့ရက်စက်ယုတ်မာမှုတွေကတော့ ရပ်တန့် မသွားဘူး။ အမြဲ တမ်းဘဲ ငါကြားနေခဲ့ရတယ်'



မြို့စားကြီးသည် ကြင်ယာတော်ဟောင်း ဖမ်းဂျီယွန်ပြော နေသည်ကို ခတ်မဆိတ်နားထောင်နေသည်။

မည်သည့်စကားကိုမျှလည်း တုန့်ပြန်ပြောဆိုခြင်းမပြု။

ဖမ်းဂျီယွန့်ထံမှသာ စကားသံများက ဆက်လက်ထွက်ပေါ် လာခဲ့သည်။

'ကိုင်း....ကိုင်း....ရန့်ဘာထုန်၊ နင့်ရဲ့အမိုက်ဇာတ်ကိုသိမ်းပေး ဖို့ ငါအခုရောက်လာခဲ့ပြီ၊ နင့်ရဲ့ မိုက်ဇာတ် သိမ်းရမဲ့အချိန်က လဲ ဒီနေ့ဒီရက် ဒီအချိန်ဘဲ'

ထိုစကားကိုကြားရသောအခါ မြို့စားကြီးသည် အမူအယာ အကြီးအကျယ် ပျက်ယွင်းသွားခဲ့ရသည်။

ကြင်ယာတော်ဟောင်း ဖမ်းဂျီယွန်၏ပညာကို သူမည်သည့် နည်းနှင့်မျှမယှဉ်နိုင်။

စောစောကပင် လက်တွေ့ကြုံလိုက်ရပြီးဖြစ်သည်။

ပစ်လွှတ်လိုက်သော လှံတံများကို မည်သည့် လှုပ်ရှားမှုမျှ မပြုဘဲ ဖယ်ရှားနိုင်ခဲ့သည်။

ဖမ်းဂျီယွန်သည် စိတ်ကြီးသော အမျိုးသမီးကြီးတဦးဖြစ် သည်။

ပြောဆိုပြီးခဲ့သည့်အတိုင်း သူ့အသက်ကို သုတ်သင်သတ် ဖြတ်တော့မည်ဖြစ်ကြောင်းလည်း သဘောပေါက်သည်။

ထို့ကြောင့် တောင်းပန်ခြင်းတရပ်ကို ပြုလိုက်မိသည်။

'ဖမ်းဂျီယွန်၊ ကျုပ်ဆီကမယ်မင်းထွက်ခွာသွားကထဲက ကျုပ် နောင်တတရားတွေရခဲ့ပါတယ်။ မယ်မင်းကို ကျုပ်လိုက်ရှာခဲ့ပါ သေးတယ်။ ဘယ်လိုမှ သတင်းမကြားတဲ့အဆုံးကျုပ်သည်းစိတ်ညစ်

ညဉ့်နဲ့ ထင်ရာမြင်ရာတွေ လုပ်ခဲ့မိတာပါ။ အခုဆိုရင် ကျုပ်ဟာ တောင်ပိုင်းဒေသမှာ ဆွန်းကောရောင်အစား နန်းထိုင်အုပ်ချုပ်ရမယ့် ဘုရင်ကောရောင်ဖြစ်လာပါတော့မယ်။ ဒီအချိန်အခါမှာ မယ်မင်းကို မိဖုယားခေါင်ကြီးအဖြစ် ထင်မြှောက်ပါ့မယ်။ ကျုပ်နဲ့မယ်မင်း တောင်ပိုင်းဒေသကြီးတခုလုံးကို လွှမ်းမိုး အုပ်စိုးကြပါစို့....'

'တိတ်လိုက်စမ်း ရန့်ဘာထုန်၊ သင့်ပါးစပ်က ထွက်လာတဲ့ စကားတွေဟာ သင့်ရဲ့ ကောက်ကျစ်တဲ့အတွင်းစိတ်ထားနဲ့ ဘယ်လိုကွဲပြားခြားနားတယ်ဆိုတာငါ အသိဆုံးဘဲ။ ဒီစကားရဲ့နောက်ကွယ်မှာ သင့်ရဲ့ ယုတ်မာ ပက်စက်တဲ့ အကြံအစည် ဘယ်လို ရှိနေတယ်ဆိုတာ ငါမြင်နေတယ်။ သင့်အသက် ချမ်းသာရေး အတွက် ဘယ်လိုဆင်ခြေပေးတာမျိုးမှ ငါမကြားလိုဘူး။ ဘာ ကူးကောင်းအောင်သာ ဆုတောင်းပေတော့....

'ဖမ်းဂျီယွန်...မယ်မင်းမှားမယ်၊ မှားမယ်'

ရန့်ဘာထုန်သည် လက်ဝါးနှစ်ဘက်ကိုကာယင်း နောက်သို့ ခြေတလှမ်းချင်းဆုတ်သွားနေသည်။

ဖမ်းဂျီယွန်သည် ဓါးကို မြှောက်ကာ တဟား ဟား ရယ်မောနေရာမှ ရှေ့သို့ တလှမ်းပြီး တလှမ်း တိုး၍လိုက် သည်။

သူ့အကြားမှထွက်ပေါ်လာသည့် အေးစိမ့်သော လေသံဖြင့် လည်း ကြိမ်းဝါးပြောဆိုနေသည်။

'နင်သေရမယ် ရန့်ဘာထုန်....နင်သေရမယ်။ နင့်လို သစ္စာ ဖောက်လူယုတ်မာတယောက်ကိုလောကကြီးထဲက အပြီးအပိုင် ပင်းထုတ်ရလိမ့်မယ်....'



'ဝုန်း....ဂျလုံ....'

ဖမ်းဂျီယွန်၏စကားအဆုံး နင်းထားသောကျောက်ပြားခင်း သည် ရုတ်တရက် ပွင့်ဟသွား၏။

ဖမ်းဂျီယွန်ရော ခေါင်းနက်ကြီးပါ ပွင့်သွားသည့် ကြမ်းခင်း အပေါက်အတွင်းသို့ တရှိန်ထိုးကျသွားရလေသည်။

ရန့်ဘာထုန်သည် တဖြေးဖြေး နောက်သို့ ဆုတ်သွားယင်း အလစ်တွင် လျှို့ဝှက်ခလုပ်ဘစုကို နှိပ်လိုက်သောကြောင့်ဖြစ်၏။

အမှတ်မထင်ဖြစ်၍ ဖမ်းဂျီယွန်သည် ရန့်ဘာထုန် ထောင် ချောက်အတွင်းသို့ ကျဆင်းသွားခဲ့ရလေသည်။

ရန့်ဘာထုန်သည် အောင်နိုင်သူတို့၏ ရယ်မောခြင်း မျိုးဖြင့် တသိမ့်သိမ့်ရယ်မောလိုက်လေသည်။

'ဟား....ဟား....ဟား....ဟား.... ငါ့လိုလူမျိုးကို လာတုလို့ ရမတဲ့လား။ ဟား....ဟား....ဟား....'

'ဝုန်း....'

'ဒုန်း....'

'ဘုန်း....

ဝုန်းကနဲ ထိုးကျလာသော ဖင်းဂျိုယွန်....'

ဒုန်းကနဲ ဘုန်းကနဲ ထိုးကျလာသော ခေါင်းနက်ကြီး။

ယင်းအသံများကြောင့် အတွေးနယ်ချဲ့နေသည့် ရိပတ်ဖုသည် ကျောက်ကုလားထိုင်ထက်မှ ဆတ်ကနဲထ၍ ရပ်လိုက်မိသည်။

ခေါင်းချင်းဆိုင်ယင်း စကားများဖောင်ဖွဲ့နေကြသည့် ရန်လျှုချင်းနှင့် ရိလျှံတို့သည်လည်း သူတို့ရှေ့နားသို့ ကျလာသောဝတ်ရုံဖြူရှင် ဖမ်းဂျိုယွန်နှင့် ခေါင်းနက် ကြီးတို့ကို တအံ့တဩ လှမ်းကြည့်လိုက်မိကြသည်။

အမှန်ပင်....။

ဖမ်းဂျိုယွန်နှင့်အတူ ခေါင်းနက်ကြီးသည်ရန်လျှုချင်းတို့နှင့်



ရိပတ်ဖု၏အကြား ကျောက်သားကြမ်းပြင်ပေါ်သို့ တရှိန်ထိုးကျလာခဲ့ခြင်းဖြစ်သည်။

ဖမ်းဂျိုယွန်နှင့် ခေါင်းနက်ကြီးတို့ကျလာခဲ့ရသည်အပေါ်မှ အံဝှက်သည် ချက်ချင်းပင် ပြန်လည်၍ပိတ်သွား၏။

ထိုစဉ်အခိုက်။

'ဗိုန်း... ဂျုံး....'

ခေါင်းနက်ကြီး၏ အဖုံးမှာလည်း ပွင့်ထွက်သွားရသပြီ။

ခေါင်းနက်ကြီးအတွင်းမှ တကိုယ်လုံးဝတ်စုံနီကို ဝတ်ဆင်ထားသည့် တုပ်ခိုင်သော အဖိုးအိုလူပုကလေးတယောက် လွှားကနဲခုန်ထွက်လာသည်။

ထိုမြင်ကွင်းကြောင့် ရိလျှံမှာ ရန်လျှုချင်း၏ လက်မောင်းတဖက်ကို အလန့်တကြားဖက်လိုက်သည်။

ရန်လျှုချင်း၏မျက်နှာကလည်း အံ့ဩတကြီးဖြစ်ကာ နှုတ်မှ အာမေဋိတ်သံတရပ် ကျယ်လောင်စွာ ပွင့်ထွက်သွားရသည်။

'ဟာ.... မျောက်တရာ သိုင်းသမားကြီး ဦးလူပု....'

ခေါင်းနက်ကြီးအတွင်းမှ လွှားကနဲ ခုန်ထွက်လာခဲ့သော ဦးလူပုသည် ဦးခေါင်းကိုညိတ်၍ ပြုံးလိုက်၏။ ပြီးနောက် ရန်လျှုချင်းနှင့် ရိလျှံတို့ကိုကြည့်ကာ ပြောလိုက်လေသည်။

'ဟဲ... ဟဲ.... မောင်တို့က ဒီကို ရောက်နေကြတာကိုး'

'မှန်ပါတယ်ခင်ဗျာ၊ ဦးတော်ကကော ဒီကို ဘယ်လိုလုပ်ရောက်လာခဲ့ရတာပါလဲ'

ရန်လျှုချင်းသည် အဖြစ်အပျက်ကိုမသိသေးသဖြင့် ဦးလူပုအားမေးလိုက်မိ၏။

'တမင်ရောက်အောင်လာခဲ့ရတယ်ဆိုပါတော့လေ။ ဟဲ... ဟဲ.... ဟဲ....ဟဲ....'

ထိုစဉ် ရိပတ်ဖုသည် ဦးလှုပုအနီးသို့ ရောက်သလာခဲ့သည်၊

ဦးလှုပုသည် ဝမ်းမြောက်ဝမ်းသာ ရိပတ်ဖု၏လက်ကို ဆွဲ၍ လှုပ်ကိုင်လိုက်ယင်း....။

'အို....မိတ်ဆွေကြီးကော ဒီကိုရောက်နေခဲ့ပြီကိုး။ ကောင်းဗျာ....သိပ်ကောင်း'

ဦးလှုပု၏လက်များကို ပြန်လည်လှုပ်ရမ်းနေသော ရိပတ်ဖုကလည်း ကျေနပ်အားတက်သောအပြုံးဖြင့် ပြန်လည်ပြောကြားလိုက်လေသည်။

'အခုလိုအချိန်မီရောက်လာတဲ့အတွက် အထူးဘဲ ကျေးဇူးတင်ပါတယ် မိတ်ဆွေကြီး'

ချက်ချင်းပင် တအံ့တသြဖြစ်သော ရန်လျှူချင်းအားရိပတ်ဖုက ရှင်းပြလိုက်သည်။

မျောက်တရာ သိုင်းသမားကြီး ဦးလှုပုသည် မျိုးချစ်အဖွဲ့အစည်းဝင်တဦးဖြစ်သည်။

ရိပတ်ဖုတို့နှင့် ပူးတွဲတာဝန် ထမ်းဆောင်နေသော ပုဂ္ဂိုလ်တဦးဖြစ်သည်။

အဖွဲ့အစည်းကြီး၏ လျှို့ဝှက်တာဝန် ပေးချက်အရ ဦးလှုပုသည် ဒုစရိုက်သိုင်း ဂိုဏ်းများအတွင်းသို့ ထိုးဖောက်ဝင်ရောက်ကာ သူ့လူကိုယ်ဘက်သားအဖြစ် လှုပ်ရှားပါဝင်ခဲ့ရ၏။

သူဟန်ဆောင်ပါဝင်ထားရသော ဒုစရိုက်ဂိုဏ်းသားများနှင့်အတူ အရှေ့ပင်လယ်နဂါးမင်း တောင်ပေါ်တွင် ရန်လျှူချင်းနှင့် တွေ့ခဲ့ရာ ရန်လျှူချင်းကို တမင်အရှုံးပေး ထွက်ပြေးခဲ့သည့်အကြောင်းကိုလည်း ဦးလှုပုကဖြည့်၍ ရှင်းပြလိုက်သည်။



ထိုအခါမှပင် ရန်လျှူချင်းမှာ အစစ အရာရာ၊ နားလည်သဘောပေါက်သွားရတော့သည်။

အမျိုးသမီးကြီး ဖမ်းဂျူယွန် သည် လည်း မျိုးချစ်အဖွဲ့အစည်းကြီးနှင့် တနည်းတဖုံ အဆက်အသွယ်ရှိနေသော သိုင်းပညာရှင် တဦးဖြစ်လေသည်။

အမျိုးသမီးကြီးသည် ရန်လျှူချင်းအား အဆောအချာ အကဲခတ်စူးစိုက်ကြည့်ရှုကာ လှိုက်လှိုက်လှဲလှဲ ပြုံးလိုက်၏။ ပြီးနောက် မေးခွန်းတရပ်ကိုလည်း ညင်သာသိမ်မွေ့သော လေသံဖြင့် မေးလိုက်လေသည်။

'မင်းက ရန်လျှူချင်း မဟုတ်လားကွယ်'

'မှန်ပါတယ် အရီးတော်ခင်ဗျာ'

ရန်လျှူချင်းသည် ရိုသေစွာဦးညွတ်၍ ဖြေကြားလိုက်သည်။

'မင်းအရီးတော်ကိုတော့ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာ သိဟန်မတူသေးဘူး....'

'မှန်ပါ၊ မှသိရသေးပါဘူးခင်ဗျာ'

ဖမ်းဂျူယွန်သည် သူမ၏ ဘဝ ဖြစ်စဉ်နှင့် ရန်တာထုန်နှင့် ပတ်သက်ခဲ့ရသည့်အကြောင်းတို့ကို ရန်လျှူချင်းအား ပြန်လည်ပြောကြားပြလိုက်သည်။

ယင်းကဲ့သို့ အပကြောင်းစုံ ရှင်းလင်း ပြီးနောက် စကားဆက်ပြန်၏။

'ရန်တာထုန်ဟာ အပေါ်ယံမှာ သူတော်ကောင်း အရေခြုံ

ထားသလောက် အဆမတန်ကောက်ကျစ်စဉ်းလဲတဲ့ လူတဦးဘဲ ကွယ့်။ သူဟာ လူတိုင်းလူတိုင်းကို ညှဉ်းပမ်းနှိပ်စက် ဒုက္ခပေးခဲ့တယ်။ သူ့လက်ထဲကလွတ်အောင် ပြေးနိုင်ယင်ပြေး၊ မပြေးနိုင်ယင်တော့ ပိုးစိုးပက်စက် အသေဆိုးနဲ့သေခဲ့ကြရတာဘဲ။ အင်း အဲဒီအထဲမှာ မင်းမိဘတွေလဲ ပါခဲ့ကြရရှာတာဘဲ'

'ဗျာ... ကျွန်တော့မိဘတွေ'

ရန်လျှူချင်းသည် ပါးငပ် အဟောင်းသားဖြစ်ကာ ဖမ်းဂျိယိန်အား အထိပ်တလန့်မေးလိုက်မိသည်။

'မှန်တယ်လူကလေး။ လူကလေးရဲ့ မိဘအရင်းတွေဟာ ရန့်တာထုန်ရဲ့ စဉ်းလဲကောက်ကျစ်မှုအောက်မှာ ဆိုးဆိုးဝါးဝါး အသက်ပျောက်ခဲ့ကြရရှာတယ်'

စင်စစ် ရန်လျှူချင်းသည် သူ့မိဘများ မည်သူမည်ဝါဖြစ်သည်ကို မသိရှိခဲ့။ မှတ်လည်းမမှတ်မိခဲ့။

ရန့်တာထုန်၏ ကျေးမွေးစောင့်ရှောက်မှုတို့ကိုသာ သိရှိမှတ်မိခဲ့သည်။

သူ့မိဘ အရင်းအချာများကို ရန့်တာထုန် လုပ်ကြံသတ်ဖြတ်ခဲ့သည်နှင့် ပတ်သက်၍ လုံးဝမသိ။

ဖမ်းဂျိယိန်၏စကားသံက ထွက်ပေါ်လာခဲ့ပြန်သည်။

'မင်းအဖေနံမယ်က ချိုလုံဖေးတဲ့ကွယ်။ ထိပ်တန်းသိုင်းပညာရှင် တဦးပေဘဲ။ မင်းအမေရဲ့ နံမယ်ကတော့ ကျင့်ဆင်းတဲ့။ အဲ... ပြောရအုံးမယ်။ မင်းအဖေချိုလုံဖေးနဲ့ ရန့်တာထုန်တို့ဟာ ဆရာတူတပည့်တွေဘဲ။ ပညာတူဘပည့်တွေဘဲ။ သွေးသောက်ညီ



အကိုတွေဘဲ။ အဲ....လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်ကျော်လောက်က မိုးသည်းတဲ့ တနေ့မှာ ..။

ထိုနေ့သည် မိုးသည်းထန်သော တနေ့ဖြစ်ခဲ့၏။

ချိုလုံးဖေသည် ရန့်တာထုန်၏ စံအိမ်ဆီသို့ရောက်ရှိလာခဲ့သေသည်။

ရောက်ရှိလာခဲ့ရသည့် အကြောင်းမှာလည်း အရေးကြီးသော တာဝန်တရပ်ကို ထမ်းဆောင်ရန်ဖြစ်သည်။

ထိုတာဝန်ကား အခြားမဟုတ်။

ရန့်တာထုန်အား သုတ်သင်သတ်ဖြတ်ရန်အတွက် ဖြစ်သည်။

ရန့်တာထုန်ကို သုတ်သင်သတ်ဖြတ်ရန် အမိန့်ပေးလိုက်သူမှာ ချိုလုံဖေးနှင့် ရန့်တာထုန်တို့၏ ဆရာကြီးလောင်ချင်း။

ဆရာကြီး လောင်ချင်းသည် မိမိ ပညာသင်ကြားပေးလိုက်သော တပည့်ဖြစ်သူ ရန့်တာထုန် ကောက်ကျစ် စဉ်းလဲသော ယုတ်မာသော၊ ရက်စက်ယုတ်မာသော အမှုများကို ကျူးလွန်နေသဖြင့် ချိုလုံဖေးအား သုတ်သင် သတ်ဖြတ်ရာ တာဝန်ပေးစေခိုင်းလိုက်ခြင်းဖြစ်၏။

ဆရာကြီးလောင်ချင်းသည် တပည့်များအား ပညာသင်ကြားပေးခဲ့စဉ် ကတိတခုကို ခံယူခိုင်းခဲ့သည်။

ယင်းကတိသည် မိမိတတ်မြောက်ထားသော ပညာရပ်ဖြင့် တိုင်းပြည်နှင့် လူမျိုးအတွက် အကျိုးပြုလုပ်ငန်းများကို လုပ်ဆောင်ကာ ပြည်သူလူထု၏ အကျိုးစီးပွား ပျက်စီးရာ ပျက်စီးကြောင်းများကို ရှောင်ရှားရန်ပင်ဖြစ်၏။

သို့တစေ ရန့်တာထုန်အား သစ္စာကတိ ဖောက်ဖျက်ခဲ့သေပြီ၊

သစ္စာမဲ့သူတို့၏ သွားလမ်းကား တလမ်းတည်းသာရှိသည်။
ထိုလမ်းကား သေခြင်းသာလျှင်တည်း။

ထို့ကြောင့်ဆရာကြီးလောင်ချင်းသည် မိမိ၏လက်ရင်းတပည့်ဖြစ်သူ ချိုလုံဖေးအား ရန်တားထုန်ကို သုတ်သင်ကွပ်မျက်ရေးအတွက် တာဝန်ပေး စေခိုင်းခဲ့၏။

ချိုလုံဖေးသည် ရန်တားထုန်ထံသို့ ရောက်လျှင်ရောက်ချင်းပင် လာရင်းကိစ္စကို အမှန်အတိုင်း ဖွင့်ဟပြောကြားခဲ့သည်။

ချိုလုံဖေးသည်ရန်တားထုန်ထက်ပညာအဆင့်မြင့်သူဖြစ်သည်။
ရန်တားထုန်သည် ချိုလုံဖေးအား ယှဉ်ပြိုင်နိုင်သူ မဟုတ်ချေ။
သို့သော် ချိုလုံဖေးသည် ရိုးသားသည်။ ဖြူစင်ဖြောင့်မတ်သည်။

ရန်တားထုန်မှာမူ ကောက်ကျစ်၏။ စဉ်းလဲ၏။ ဉာဏ်များ၏။
ချိုလုံဖေးအား ရန်တားထုန်က ကျူးလွန်ခဲ့မိသည့် အမှားများကို ဝန်ခံသည်။

ဆရာသခင်၏ အမိန့်အရ သတ်သိုက သတ်ပါရန် ပြောသည်။
သူမသေဆုံးမီ သူငယ်ချင်းနှစ်ဦး နောက်ဆုံးစားသောက်ပွဲတခု ပြုလုပ်ခွင့်တောင်းသည်။

ရိုးသားဖြောင့်မတ်သော ချိုလုံဖေးသည် နှစ်ပေါင်းအတော်ကြာ ကွဲကွာနေခဲ့ရသည့် ဆရာတူ သွေးသောက်ညီအကိုချင်းဖြစ်သဖြင့် စားသောက်ပွဲ ကျင်းပခွင့်ပြုခဲ့၏။

ယင်းစားသောက်ပွဲမှာပင် ချိုလုံဖေးသည် ဆရာသခင်၏ အပ်နှင်းလိုက်သော တာဝန်ကို မထမ်းဆောင်နိုင်တော့ဘဲ အသက်သေဆုံးခဲ့ရလေတော့သည်။



ကောက်ကျစ်စဉ်းလဲသော ရန်တားထုန်၏ အဆိပ်ခတ်ခြင်းကို ခံလိုက်ရသောကြောင့်ပင်တည်း။

နှောင်းအတိတ်မှ ဇာတ်ကြောင်းများကို ပြောကြားနေသည့် ဖမ်းဂျိယွန်သည် စကားကို ခေတ္တရပ်နားလိုက်သည်။

ရန်လျူချင်းကိုလည်း အကဲခတ်ကြည့်ရှုလိုက်သည်။

ဖမ်းဂျိယွန်၏ ပြောကြားခဲ့သည့် အဖြစ်အပျက်များကိုနားထောင်နေသည့် ရန်လျူချင်း။

မျက်နှာသည် နာကျည်းဆွေးမြေ့မှုများနှင့်အတူ တင်းမာခက်ထန်နေသည်။

သိလိုသော အကြောင်းအရာတရပ်ကိုလည်း သူက မေးလိုက်မိသည်။

'ဒါဖြင့်ယင် ကျွန်တော်က ဘယ်လိုလုပ်ပြီး မွေးစားဖခင် ရန်တားထုန်ဆီ ရောက်လာခဲ့ရတာလဲ အရီးတော်'

ဖမ်းဂျိယွန်သည် ခေါင်းတချက်ညိတ်လိုက်၏။

'မင်းရောက်လာတာက အချိန် အတော်ကြာမှပါကွယ်။ အဲ.... မင်းအဖေဆုံးပြီး တလအကြာမှာ ရောက်လာတာတော့ မင်းအမေ ကျင့်ဆင်းဘဲ'

'ဟင်.... ကျွန်တော့အမေက ဘယ်လိုကြောင့် ရောက်လာရတာလဲ'

'မင်းအဖေကိုရှာယင်း ရောက်လာခဲ့တာလေ။ ဒီတုန်းကမင်းအမေမှာ ကိုယ်ဝန်နှစ်လ ပါလာခဲ့တယ်။ ဒါကိုလဲ နောက်မှငါသိရတာ'

'အဲဒီကိုယ်ဝန်က ကျွန်တော့ကိုယ်ဝန်လား'

'ဒီကိုယ်ဝန်က မင်းမဟုတ်ဘူး။ ဒီအချိန်တုန်းက မင်းကနှစ်နှစ်သား သုံးနှစ်သားရှိနေပြီ။ ပါလာတဲ့ကိုယ်ဝန်က မင်းညီမလေး ချိချူထင်'

'ဗျာ.... ချိချူထင်'

'မှန်တယ်လူကလေး။ ချိချူထင်ရဲ့ကိုယ်ဝန်'

'နတ်မိမယ်ခုနစ်ဖော်ထဲက ချိချူထင်ဆိုတဲ့ မိန်းကလေးများ ဖြစ်မလား အရှင်တော်'

'မှန်တယ်လူကလေး။ သူက မင်းရဲ့ညီမအရင်းဘဲ'

'ခင်ဗျာ'

ရန်လျူချင်းသည် မည်သည့်စကားကိုမျှ မပြောမဆိုနိုင်တော့ဘဲ ပါးစပ်အဟောင်းသား ဖြစ်သွားမိရပြန်လေသည်။

အခန်းထဲတွင် ခဏမျှ တိတ်ဆိတ်သွားသည်။

အတန်ကြာမှ ဖမ်းဂျီယွန်၏ စကားသံက ထွက်ပေါ်လာခဲ့ပြန်သည်။

'လူကလေးနားလည်အောင် အရှင်တော် တဖြေးဖြေး ရှင်းပြပါမယ်လေ။ မောင့်အမေဟာ အလွန်ချောမောလှပတဲ့ မိန်းမတဦးဘဲကွယ့်။ သူ့စံအိမ်ရောက်လာတဲ့မင်းအမေကိုရန့်တာထုန်က အချိုပေါ်သကာလောင်းပြီး ကောင်းကောင်းမွန်မွန် လက်ခံခဲ့တယ်၊ မင်းအဖေကို သူပါတွေ့အောင် ကူရှာပေးမယ်လို့ ညာခဲ့ လိမ့်ခဲ့တယ်၊ မင်းအဖေကို ရှာမတွေ့ခင် သူ့ဆီမှာဘဲနေဘို့ပြောခဲ့တယ်။ ဒါပေမယ့် တပတ်တောင်မကြာပါဘူးကွယ်။ ရန့်တာထုန်ရဲ့ ရက်စက်ယုတ်မာတဲ့ ဇာတိရုပ်က ပေါ်လာတော့တာပါဘဲ။ မင်းအမေကို သူက မတော်မတရား ကြံစည်ခဲ့တယ်လေ။



ဒီတုန်းက အရှင်တော်ဟာ သူ့ကို သေလုမတတ် ကြောက်ရွံ့နေခဲ့ရတော့ နှုတ်ပိတ်နေခဲ့ရတယ်။ နို့ပေမယ့် မခံချင်လွန်းတာကြောင့်မင်းအဖေကို ရန့်တာထုန်လုပ်ကြံသတ်ဖြတ်တဲ့အကြောင်း ဖွင့်ပြောလိုက်မိတယ်။ ဒါကိုသိရတော့ မင်းအမေလဲ နာကျည်းခံပြင်းပြီး ရန့်တာထုန်ကို တိတ်တဆိတ် လုပ်ကြံဘို့ ကြံစည်ခဲ့တော့တာပေါ့၊ ရန့်တာထုန်က ဒါကိုသိသွားလေတော့ မင်းအမေ ထွက်ပြေးသွားခဲ့ရတယ်။ တခါ မင်းအမေကို ဒီအကြောင်းတွေကို ငါဖွင့်ပြောလိုက်မှန်း ရန့်တာထုန်က သိရှိသွားပြီး ငါ့ကိုသတ်ဘို့ စီစဉ်ပြန်တယ်။ အင်း.... အရှင်တော်လဲ အသက်နဲ့ကိုယ် အိုးစားမကွဲအောင် ပြေးခဲ့ရပြန်တာပေါ့'

ဖမ်းဂျီယွန်၏စကားများကို နားထောင်ယင်းမှ ရန်လျူချင်း မျက်နှာသည် ပြိုတော့မည့်မိုးကဲ့သို့ အုံ့မှိုင်းလာသည်။ ညိုမဲလာသည်။ လက်သီးတင်းတင်းဆုပ်မိသည်။ အံတင်းတင်းကြိတ်မိသည်။

'ဒါနဲ့ အရှင်တော်က ချိချူထင် ကျွန်တော့ညီမမှန်း ဘယ်လိုလုပ် သိထားရတာလဲ'

ရန်လျူချင်းသည် သူနားမလည်သေးသည့် အချက်တရပ်ကို မေးမြန်းလိုက်ပြန်၏။

ဖမ်းဂျီယွန်က ခေါင်းညိတ်၍ ဖြေသည်။

'ဒါက ဒီလိုလေ။ အရှင်တော်လဲ ရန့်တာထုန်ဆီက ထွက်ပြေးလာတုန်း လမ်းမှာ မင်းအမေနဲ့ ဆုံမိခဲ့ကြတယ်။ အဲဒီအချိန်မှာ မင်းအမေဟာ သူ့အသက်ကိုတောင် သူသတ်သေဘို့အထိ လောကကြီးကို စိတ်နာနေရှာပြီ။ သူ့ခမြာ ဒုက္ခသုက္ခရောက်ရလွန်းတာ

ကြောင့် ရှင်းရှင်းပြောရယင် စိတ်တောင် ကတောက်ကယက် ဖြစ်နေရှာပြီ။

အမှန်ပင်။

ဖမ်းဂျီယွန်သည် စိတ်ကတောက်ကယက် ဖြစ်နေရှာပြီဖြစ်သည့် ရန်လျူချင်းအမေ ကျင့်ဆင်းအား ချော့မော့ပြောင့်ဖျခဲ့သည်။

သူမ သိကျွမ်းရင်းနှီးထားသော သီလရင်ကျောင်းတကျောင်းသို့ သွားရောက် အပ်နှံထားခဲ့သည်။

ကျင့်ဆင်းသည် သူမတွင် သုံးနှစ်သားအရွယ် ကလေးတဦးရှိကြောင်း၊ ထိုသားကလေးသည် ကျေးရွာတရွာတွင် အပ်နှံထားခဲ့ကြောင်း ဖမ်းဂျီယွန်အား ပြောပြခဲ့၏။

ဖမ်းဂျီယွန်သည် ထိုရွာသို့သွား၍ ကလေးငယ်ကိုကိုယ်တိုင် ခေါ်ဆောင်ခဲ့သည်။

ထေမတွင် သူသည် ကလေးငယ်အား မိခင်ကျင့်ဆင်းရှိရာသို့ ပို့ပေးရန် စီစဉ်ခဲ့သည်။

သို့သော် လမ်းတဝက်သို့ရောက်သောအခါ ဖမ်းဂျီယွန် စိတ်တမျိုး ပြောင်းလဲသွား၏။

ကလေးငယ်ကို ကျင့်ဆင်းထံသို့ ပြန်ပို့လျှင် ဆင်းရဲပင်ပမ်းစွာ နေထိုင်ရမည် ဖြစ်ကြောင်း တွေးမိသည်။

ထို့အပြင်ရန့်တာ့ထုန်သည်မဆွေသားဓာဒလကသားတယောက် မွေးစားချင်ကြောင်း မကြာခဏ ပြောဘူးသည်ကို အမှတ်ရမိလာသည်။



ထို့ကြောင့် ဖမ်းဂျီယွန်သည် ကလေးငယ်အား ရန့်တာ့ထုန်ထံသို့ပို့ရန် ဆုံးဖြတ်လိုက်သည်။

ကလေးငယ်သည် ရန့်တာ့ထုန်ထံတွင် နေရလျှင် အထက်တန်းကျကျ ချမ်းချမ်းသာသာ နေထိုင်ရမည်။

တနေ့သောအခါကာလတွင် ရန့်တာ့ထုန်အား မိမိလက်စား ချေလိုသောအခါ ထိုကလေးငယ်၏ အကူအညီကို တောင်းယူမည်ဟူသည့် အကြံအစည်ကိုလည်း ရခဲ့လသည်။

သို့ဖြစ်၍ ဖမ်းဂျီယွန်သည် သူမ ယုံကြည်စိတ်ချရသော ပုဂ္ဂိုလ်တဦးမှတဆင့် ရန့်တာ့ထုန်ထံသို့ ရန်လျူချင် ကိုပို့ပေးခဲ့လေ သည်။

ရန့်တာ့ထုန်သည် ကလေးငယ်အား ချိုလုံဖေး၏သားဖြစ်မှန်း လုံးဝ မသိရှိခဲ့ပေ။

ကလေး ရန်လျူချင်းသည် ယင်းသို့ဖြင့် ရန့်တာ့ထုန်၏ မွေးစားသား ဖြစ်ခဲ့ရလေသည်။

ကလေးငယ်ကို ရန့်တာ့ထုန်ထံသို့ အရောက်ပို့ပေးခဲ့ပြီးသော ဖမ်းဂျီယွန်သည် ကျင့်ဆင်းရှိရာ သီလရှင်ကျောင်းသို့ ပြန်လာတာ လမ်းတွင် ကလေးပျောက်ဆုံးသွားသည့်အကြောင်း ယုတ္တိယုတ္တာ ရှိရှိဖြင့် ပြောပြခဲ့သည်။

ကျင့်ဆင်းမှာ သားသေလင်ဆုံးဖြင့် ဒုက္ခသုက္ခ အရောက်ကြီး ရောက်ခဲ့ရှာသည်။

သားအတွက် အပူဆွေးကြီး ဆွေးရပြန်ရှာသည်။

ဖမ်းဂျီယွန်သည် ကျင့်ဆင်းအား ဆားပေးနှစ်သိမ့်ကာ အတူတကွ နေထိုင်ခဲ့၏။

ကျောင်းဆင်းသည် ကိုယ်ဝန် နေ့လစေ့သောအခါ ချီချူထင်ကို မွေးဖွားခဲ့သည်။

မိန်းကလေး၏နာမည်ကို ချီချူထင်ဟူ၍ ဖမ်းဂျီယွန်ကပင် ပေးခဲ့၏။

ချီချူထင် တနှစ်ပြည့်မြောက်ပြီးသည့်နေ့တွင် ဖမ်းဂျီယွန်သည် သူမ၏ရည်ရွယ်ချက် ထမြောက်အောင်မြင်ရန် သိုင်းပညာသင်ကြားဘို့ နှင်းတောင်သို့ ထွက်ခွာသွားခဲ့လေသည်။

နှင်းတောင်တွင် ပညာများသင်ကြားပြည့်စုံပြီးသောအခါမှ ရန်တာထုန်အား လက်စားချေရန် ပြန်လည် ဆင်းသက်လာခဲ့သည်။

ထိုကဲ့သို့ နှင်းတောင်ပေါ်မှဆင်းသက်လာခဲ့သောဖမ်းဂျီယွန်သည် မျိုးချစ်အဖွဲ့အစည်းကြီးမှ မျောက်တရာ သိုင်းသမားကြီး ဦးလူပုနှင့် ဗူးပေါင်းကာ ယခုကဲ့သို့ ဤနေရာသို့ ရောက်ရှိလာခဲ့ရခြင်း ဖြစ်လေသည်။

ရန်လျူချင်းသည် သူမမှတ်မိခဲ့သော မိခင်ကို တွေ့လိုလာသည်။ မြင်လိုလာသည်။ ထို့ကြောင့် ဖမ်းဂျီယွန်အား မေးလိုက်မိသည်။

'ကျွန်တော့အခမဟာ အခုတိုင် ရှိနေပါသေးသလား အရှင်တော်ခင်ဗျား'

ဖမ်းဂျီယွန်သည် စိတ်ထိခိုက်သော မျက်နှာဖြင့် ခေါင်းကို လေးပင်စွာ ခါယမ်းလိုက်သည်။

'လွန်ခဲ့တဲ့ တနှစ်လောက်ကမင်းအမေရှိခဲ့တဲ့ သီလရှင်ကျောင်းကို အရှင်တော်ရောက်သွားခဲ့တယ်။ အရှင်တော်သီလရှင်ကျောင်း



ရောက်တဲ့အချိန်မှာတော့ မင်းအမေက ဆုံးရှာခဲ့ပြီကွယ့်။ မင်းညီမလေး ချီချူထင်လဲ နတ်မိမယ်ဂိုဏ်းဝင် သိုင်းပညာရှင်မကလေးတဦးဖြစ်နေကြောင်း ကြားသိခဲ့ရတယ်'

ဖမ်းဂျီယွန်၏ ရှည်လျားစွာ ရှင်းလင်း ပြောကြားမှုများကြောင့် ရန်လျူချင်းသည်မိမိ၏ဘဝ မိမိ၏အဖြစ်အပျက်များကို နားလည်သဘောပေါက်သွားရလေတော့သည်။

ယင်းနှင့်အတူ မိမိဘာလုပ်ရမည်ကိုလည်း ပြတ်ပြတ်ထင်ထင် သိမြင်လာခဲ့ရလေတော့သည်။

ဖမ်းဂျိယွန်သည် ရန့်လျူချင်းအား ဆက်သက် ပြောကြားနေသည်။

'အရှိးတော် ဆင်ဖန်မြို့နဲ့ စမ်းချိမြို့တပိုက်ကို ရောက်နေတာ ဧပတ်လောက်ရှိသွားခဲ့ပြီ။ လူယုတ်မာကြီးရန့်တာထုန်ရဲ့ နောက်ဆုံးအခြေတွေကို သိရှိထားခဲ့ရပြီးပြီ။ ဆွန်းကေရာင်ရဲ့အမိန့်တော်နဲ့ တပ်မှူးကြီးတို့က ရန့်တာထုန့်ကို ဝိုင်းအဖမ်းမှာ လက်လွတ်ထွက်ပြေးသွားတယ်ဆိုတာကိုလဲ သိသွားခဲ့ရတယ်။ ဒါကြောင့်အရှိးတော်တို့လဲ နောက်က ထပ်ချပ်မကွာ လိုက်ပါလာခဲ့ရတယ်။ အရှိးတော်တို့တင်မကပါဘူးသေ။ ဘောင်ခြေမှာ နတ်မိမယ်ခုနစ်ဖော်နဲ့လဲ တွေ့ခဲ့ရတယ်၊ နတ်မိမယ် ခုနစ်ဖော်ရဲ့ခေါင်းဆောင် ဖြစ်တဲ့ ကျင်းဝှာ ဂိုဏ်းချုပ်ကြီး ချင်စုကွမ်းနဲ့လဲ အရှိးတော် တွေ့ခဲ့ရတယ်....။ သူက အခု တော့ မယ်တော်ကြီး ကျင်းဝှာပေါ့။ သူလဲ အရှိးတော်လိုဘဲ ရန့်တာထုန်ကို



ဂလဲ့စားချေဘို့ ရောက်လာခဲ့တာဘဲ၊ အင်း....ချိချူသင်ဆိုတဲ့ ကလေးမကမင်းဟာ သူ့ရဲ့အကိုအရင်းဆိုတာ သိသွားရသေတော့ ရှိင်းရှိင်းပြပြ ဆက်ဆံခဲ့မိတဲ့အတွက် မိန်းကလေး အတော်ဘဲစိတ်မကောင်းဖြစ်သွားမိရှာတယ်'

'ဒါဖြင့် ညီမလေးတို့ နတ်မိမယ်ခုနစ်ဖော်ကကော ဒီဘောင်ပေါ်အထိ လိုက်ပါလာခဲ့ကြသလား အရှိ တော်ခင်ဗျား....'

'ပါလာခဲ့တယ်ကွယ်၊ သူတို့ ဂူအပြင်မှာ စောင့်ကျန်နေရစ်ခဲ့တယ်။ သူတို့နဲ့အတူ မြို့စားကြီး ဝှမ်းဆာက်ရန်နဲ့ လူယုံတော်စမ်းဟောက်ဘန်တို့လဲ ပါလာခဲ့ကြတယ်။ သူတို့က လူသူအလုံးအရင်းနဲ့ သစ္စာဖောက် ရန့်တာထုန်ကို ဖမ်းဆီးဘို့စီစဉ်လာခဲ့ကြတယ်လေ။ ဆွန်းကေရာင်ရဲ့တပ်မှူးကြီးလဲ ပါသေပေါ့။ အခု ဒီဂူထဲကို အရှိးတော်တို့ဝင်လာပြီး ချိန်းတဲ့အချိန် အပြင်ဘက်ကိုပြန်မရောက်ခဲ့ယင် သူတို့ဂူထဲကို ဝင်တိုက်ကြလိမ့်မယ်။ဟော....ဟော.... နားထောင်စမ်း နားထဲမှာ အသံတွေလိုလို ကြားရတယ်'

ဖမ်းဂျိယွန် စကားဖြတ်သည်။ နားစွင့်သည်။ ကျန်လူအားလုံးသည် နားစွင့်လိုက်ကြသည်။ ဟုတ်သည်။

ပြေးလွှား အော်ဟစ်တိုက်ခိုက်နေကြသံများကို သူတို့ ကြားလိုက်ကြရပြီ

ဖမ်းဂျိယွန်၏ မျက်နှာက အားပါးတရ ပြုံးလာခဲ့သည်။

'ဟုတ်ပြီ....ဟုတ်ပြီ....။ သူတို့ ဂူထဲကိုဝင်ပြီး တိုက်နေကြပြီ'

တိုက်ခိုက်သံများက ပိုမို ကျယ်လောင်လာသည်။ ပိုမိုနီးကပ်လာသည်။

ကျယ်လောင်နီးကပ်လာရာမှ သူတို့ရှိရာ အခန်း တံခါးကြီး ဝုန်းခနဲ ပွင့်သွားသည်။

အခန်းတွင်းသို့ မယ်တော်ကြီး ကျင်းဝှာနှင့်အတူ နတ်မိမယ် ခုနစ်ဖော်တို့ ခုန်လွှားဝင်ရောက်လာကြသည်။

နတ်မိမယ်ခုနစ်ဖော်နှင့်အတူ စမ်းချီမြို့စားကြီး ဝှမ်ဆောက်ရန်၊ လူယုံတော် စမ်းဟောက်တန်နှင့် လက်ရွေးစင် တိုက်ခိုက်ရေးသမားများ။

သူတို့လူစုအားယ်တွင် အချုပ်အနှောင်တဲ၍ ဖမ်းဆီး ခေါ်ဆောင်လာသော မြို့စားကြီးရန့်တာထုန်၏ လူ ယုံတော် ထိဖုန်း။

အခန်းတွင်းမှ လူများနှင့် အခန်းပြင်မှ ဝင်လာသူ များ ကြည့်လိုက်ကြသည်။

ချီချူထင်သည် ရန်လျူချင်းထံသို့ လေ့ကာအတိုင်း အပြေးဆင်းလာခဲ့သည်။

ရန်လျူချင်းကလည်း မိန်းကလေးကို အားပါးတရ ပြုံးထားသောအပြုံးဖြင့် ဆီးကြို စောင့်ဆိုင်းနေသည်။

နှစ်ပေါင်းများစွာ ကွဲကွာနေခဲ့ကြသော မောင်နှမ၊
တဦးကိုတဦး မောင်နှမမှန်းပင် မသိခဲ့ကြရ၊
ယခုတော့....။

ငါးဆယ်ရှစ်ဆယ်ရှစ်သွယ်သော မေတ္တာသည် သူတို့မောင်နှမ နှစ်ဦး၏ရင်တွင် အပြန်အလှန် ကူးလူးနေကြတော့သည်။



ရန်လျူချင်းနှင့် ချီချူထင်တို့မောင်နှမသည် တဦးကိုတဦး ဝမ်းသာအားရ ပွေ့ဖက်လိုက်ကြသည်။

'ကိုကို... ကိုကို'

'ညီမလေး... ညီမလေး'

နတ်မိမယ် ခုနစ်ဖော် အဖွဲ့အတွင်းမှ ကျန်းကျန်း ကလည်း ရိလျှံနှင့် ရိပတ်ဖိုတို့ ရှေ့သို့ ပြေးလာခဲ့သည်။

'မမရိလျှံ'

'ညီမလေး ကျန်းကျန်း'

ညီအမဝမ်းကွဲ နှစ်ဦး တဦးကိုတဦး ပွေ့ဖက် လိုက်မိကြပြန်သည်။

အဖိုးကြီးရိပတ်ဖုသည် တူမနှစ်ဦးကို နံဘေးမှ ကြည့်ယင်း ပြုံးပြုံးကြီးရှိနေရသည်။

'ကဲ....ပြောစရာရှိဘာတွေ နောက်မှ ပြောကြဆိုကြ၊ ရန်တာထုန်နဲ့သူ့ လူတချို့ ထွက်ပြေးလွတ်မြောက်သွားတယ်။ အဲဒါ လိုက်လိုက်ကြအုံးစို့....'

မယ်တော်ကြီး ကျင်းဝှာ အော်ဟစ်သတိပေးလိုက်သည်။

အားလုံးပင် ရန့်တာထုန် နောက်သို့လိုက်ဘို့ သတိရသွားကြသည်။

သိုင်းအကျော်အမော်ပညာရှင်များသည် နိုင်ငံတော်နှင့် လူမျိုးကိုသစ္စာဖောက်သော ထောက်ကျစ်စဉ်းလဲ ယုတ်မာလှသည့် မြို့စားကြီးရန့်တာထုန်ကို ဖမ်းဆီးရမိ သုတ်သင်နိုင်ရန် အဘွက် အပြေးအလွှား လှုပ်ရှားကြပြီ။

အရှေ့မိုကုးစက်ဝန်းတွင် ရောင်နီ လက်လက်ထာ ထွက်ပြူ နေပေပြီ။

ဝန်းကျင်တခိုတွင် မြူခြည်များကရစ်ထွေးဆဲ။ နှင်းမှုံများ က တဖွဲဖွဲကျဆင်းနေဆဲ။

သို့သော် နှစ်ဖက်သောအစုနှစ်စုတို့သည် တဖက်နှင့် တဖက် ပြင်းပြင်းထန်ထန် ထိုးနှက်တိုက်ခိုက်နေကြလေသည်။

ထိုအစုနှစ်စုကား မြို့စားကြီးဝှမ်ဆောက်ရန်နှင့် သစ္စာရှိ မျိုးချစ်သိုင်းပညာရှင်များ အစုနှင့် သစ္စာဖောက် မြို့စားကြီး ရန့်တာထုန် အမှူးပြုသော နောက်လိုက်များ။

ပြီးနောက် မွန်ဂိုဘပ်မကြီးမှ လွှတ်လိုက်သည့်ရန့်တာထုန်တို့ကို လာရောက်ကြိုဆိုနေသော မွန်ဂိုတပ်မှူး တပ်သားများတို့၏အစု။

တိုက်ပွဲကား ပြင်းထန်လွန်းလှတော့သည်။

ခုတ်သံ ထစ်သံ သံကိုသံခြင်း ထိခတ် သံများ၊ လိုက်သံ ပြေးသံ ရှောင်တိမ်းသတ်ပုတ်သံများ၊

အော်သံ ဟစ်သံ မာန်သွင်း ကြွေးကြော် သံများ၊ နာ ကျင်စွာရေရွတ်လိုက်သံများ။

ဒဏ်ရာအပြင်းအထန်ရသဖြင့် အော်ဟစ်ညည်းတွားသံများ။

စသည်တို့ဖြင့် မရဏတောင်ကြီး၏ နေရာအနှံ့ အပြားတွင် ဆူညံမြည်ဟီးနေရလေသည်။



ရန့်တာထုန် ထွက်ပြေး လွတ်မြောက်သွားသော လျှို့ဝှက် လမ်းကြောင်းကို ထုတ်ဖော်ပြသခဲ့သူမှာ ရန့်တာထုန်၏ သစ္စာရှိ လူယုံတော် ထိဖုန်းဖြစ်သည်။

ယခုမူ ထိဖုန်းသည် ရန်လျူချင်းနှင့် ပုခုံးချင်း ယှဉ်တွဲ၍ ရန့်တာထုန်၏အဖွဲ့သားများနှင့် မွန်ဂိုတပ်သားများကို အပြင်း အထန် ခုတ်ထစ်ထိုးနှက်တိုက်ခိုက်နေပြီ။

ထိဖုန်း အဘယ်ကြောင့် ဘက်ပြောင်း သွားရလေသနည်း။

ထိဖုန်းဘက်ပြောင်းလာသည်ကို ရန်လျူချင်း တို့ကတော့ မည်သည့်ပုံစံမျိုးဖြင့် လက်ခံခဲ့လေသနည်း။

တိုက်ယင်း ခိုက်ယင်းမှပင် ရန်လျူချင်းနှင့် ရန့်တာထုန်တို့ မျက်နှာချင်းဆိုင် အနေအထားသို့ ရောက်ရှိသွားကြရသည်။

စင်စစ် ရန်လျူချင်းသည် တိုက်ခိုက်နေသူ အများအပြား ကြားမှ ရန့်တာထုန်ရှိရာဆီသို့ အတင်းထိုးဖောက်ဝင်ရောက်လာ ခဲ့ရခြင်းဖြစ်သည်။

လိပ်ပြာမလုံသော ရန့်တာထုန်သည် ရန်လျူချင်း နှင့် မျက်နှာချင်း မဆိုင်လိုပေ။

ရန့်တာထုန်အနီးသို့ ရန်လျူချင်းကပ်နိုင်အောင် ဝင်ရောက် ဟန့်တားကြသည့် ရန့်တာထုန်၏ နောက်လိုက်များနှင့် မွန်ဂိုတပ် သားများကို ထိဖုန်းက သူ၏ဓားဖြင့် အဆက်မပြတ် ဖယ်ရှား နေသည်။

ရန်လျူချင်း ရန့်တာထုန်နှင့် မျက်နှာချင်းဆိုင်မိနိုင်စေရန် အကူအညီပေးနေသည်။

အဘယ်ကြောင့် ထိဖုန်းက ဤကဲ့သို့ အကူအညီ ပေးနေရလေသနည်း။

ဤမြင်ကွင်းကို မြင်တွေ့နေရသော မြို့စားကြီး ရန့်ဘာတုန်သည်လည်း အဆမတန်အံ့အားသင့်လျက် ရှိနေရလေသည်ကိုနားမလည်နိုင်လောက်အောင်လည်း ရှိနေရလေသည်။

ရန်လျူချင်းနှင့်ရန့်ဘာတုန်တို့ ဓားခြင်း ယှဉ်လိုက်မိကြပြီ။

ရန်လျူချင်းသည် တိုင်းပြည်နှင့် လူမျိုးအတွက်သာမက မိမိတို့ မိသားစုတခုလုံး ကမောက်ကမဖြစ်အောင် နှိပ်စက်ညှင်းပန်းခဲ့သည့် ရန့်ဘာတုန်အား သဲသဲမဲမဲ တိုက်ခိုက်နေသည်။

ရန့်ဘာတုန်မှာလည်း မထူးတော့ပြီဖြစ်သဖြင့် အသေအလဲ ခုခံကာကွယ်တိုက်ခိုက်သည်။

သူတို့နှစ်ဦး အကွက်သုံးဆယ်ခန့်မျှ ယှဉ်ပြိုင်တိုက်ခိုက်လိုက်ကြသည်။

အကွက်သုံးဆယ် လွန်ပြီးသည့်နောက်ကျယ်လောင်နက်ကျောသောအော်သံကြီးတရပ်ကရန့်တာတုန်ထံမှထွက်ပေါ်လာခဲ့သည်။

'အား....'

ရန့်တာတုန်သည် ရရှိလိုက်သော ဒဏ်ရာဒဏ်ချက်ကြောင့် ရင်ကို လက်နှစ်ဖက်ဖြင့်အုပ်ကာ မြေပြင်ပေါ် ဒူးထောက်ကျသွားသည်။

ထိုအချိန်တွင် ထိဖုန်းက ရန့်တာတုန် ရှေ့သို့ လာရပ်ပြီး သူ၏ ပင်ကိုယ် ပကတိမူသရုပ်ကို ပြလိုက်သည်။

သူကား ကွယ်လွန်ယောင်ဆောင်ခဲ့သော ရန်လျူချင်း၏ သွေးသောက်ရောင်းရင်း ရိဝှမ်းလင်ပင်တည်း။



ယင်းအဖြစ်ကို မြင်ရသောအခါ ဒဏ်ရာအပြင်းအထန်ရကာ သေလုဆဲဆဲဖြစ်နေသော ရန့်ဘာတုန် အလွန်အမင်း အံ့အားသင့်သွားရ၏။

ရိဝှမ်းလင်သည် ရန့်ဘာတုန်အား ဦးတချက်ညိတ်၍ ပြောလိုက်သည်။

'အံ့သြနေပါသလား အရှင်မြို့စားမင်း။ တကယ်တော့အရှင့်သုံးတော် ထိဖုန်းဟာ ဒီတောင်ခြေကို ထွက်ပြေးမလာခင်တည်းက ကျွန်တော့်လက်ချက်ကြောင့် သေဆုံးခဲ့ရပြီးပါပြီ။ အရှင့်ခဲ့တော်ကို ညကြီးမင်းကြီး ဒဏ်ရာနဲ့ သတင်းလာပို့ခဲ့တဲ့အချိန်ကစပြီး ကျွန်တော်ဟာ ထိဖုန်းအသွင် ဆောင်ယူထားခဲ့ပါတယ်'

ရန့်ဘာတုန်သည်ရိဝှမ်းလင်အားမျက်လုံးပြူးကြီးဖြင့် တချက်ကြည့်လိုက်သည်။

ပြီးနောက် ပြူးကျယ်နေသော ရန့်တာတုန်၏ မျက်လုံးများသည် ရန်လျူချင်းရှိရာဆီသို့ ရောက်ရှိသွားရပြန်သည်။

ရန်လျူချင်းသည် ခုတ်ပိုင်းလိုက်သော ဓားကို တင်းတင်းဆုပ်ကာ ရန့်တာတုန်အား အငေးသား စိုက်ကြည့်နေသည်။

ဒဏ်ရာဖြင့် ဒူးထောက်လျက်သား ဖြစ်နေသော ရန့်တာတုန်သည် ခဏတွင် မေးတချက်ထိုးကာ မြေပေါ်သို့ မှောက်လျက်သား လဲကျ အသက်ပျောက်သွားရတော့သည်။

ထိုအချိန်တွင် ရန့်ဘာတုန်၏ နောက်လိုက်များနှင့် မှန်ကိုများ တဦးမကျန် ကျဆုံးခဲ့ပြီဖြစ်သဖြင့် သူတို့နှစ်ဦး၏ တိုက်ပွဲကို ကျန်လူများက ဝိုင်းဝန်းကြည့်ရှုနေခဲ့ကြသည်။

ရန်လျှုချင်းသည် တေ့ဝေဝေးခမာစွာ ရှိနေရာမှ သူ့မျက်စိထဲတွင် အဖြစ်အပျက်မျိုးစုံ ထင်ဟပ်လာသည်။

သူသည် မည်သည့်စိတ်ဝေဒနာ ခံစားနေရသည်ကို ခွဲခြားမပြောဆိုရှိရေ။

လက်ထဲမှ ဆုပ်ကိုင်ထားသည့် ဓားကို ရန်တာထုန်အလောင်းနှဘေးတွင် တအား ထိုးစိုက်လိုက်သည်။

ပြီးနောက်....

စထားစးတ ခွန်မျှဆိုဘဲ နေရာမှ လှည့်၍ထွက်ခွာသွားခဲ့သည်။

ဝန်းရံ ကြည့်ရှုနေကြသူများ အတွင်းမှ မိန်းကလေးတဦးသည် ထွက်ခွာသွားသော ရန်လျှုချင်းနောက်သို့ အတင်း ပြေးလိုက်သွားလေသည်။

သူမကား ရိလျှံ။

ရိလျှံသည်ရန်လျှုချင်း၏လက်တဖက်ကိုဝင်၍တွဲလိုက်သည်။

သူတို့နှစ်ဦးအား မိန်းကလေးတယောက်က အပြုံးကလေးတရပ်ဖြင့် ကြည့်နေသည်။

ချီချုထင်။

ရန်လျှုချင်းနှမငယ် ချီချုထင်။

ဝန်းကျင်တရပ်လုံး အရှက်ကျင်း၍ လင်းခဲ့ပြီ။

ထို့အတူ နယ်ခွဲ ဆန့်ကျင်ရေးအာမခံများ၊ မျိုးချစ်ပုဂ္ဂိုလ်များ၏ မျက်နှာတို့သည်လည်း....

ပြီးပါပြီ။

မောင်နှင်းဆွေ

၅-၄-၁၉၇၉။

လွင်စာပေ
ဆော် ၁၅/၁၃၈၊ [illegible]